www.burmeseclassic.com

# ဇာတ်သမီး

အလွမ်းမဲ့ဆည်းဆာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း အလုံမြို့နယ်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

နတ်သမီး

အလွမ်းမဲ့ဆည်းဆာ / နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃

၂၈၈- စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အလွမ်းမဲ့ဆည်းဆာ


BURMESE CLASSIC .com

## အခန်း (၁)

"ဟဲ့ ဟဲ့ အမှိုက်ကောက်တဲ့ကလေးတွေ၊ ခြံထဲဝင်မကောက်နဲ့ နော်"

အိမ်ပေါက်ဝတွင် ခါးထောက်၍ အော်ကြီးဟစ်ကျယ်ပြောနေသော မိန်းမကြီးတစ်ယောက်၏အော်သံကြောင့် ကောက်တိုကော်စနှင့် ရေသန့်ဘူးအခွံတွေကို အလုအယက် ကောက်နေသော ပုစုနှင့်ဘုံဘုံ အမှိုက်ဆက်မကောက်ဘဲ ထိုအဒေါ်ကြီးအား ခြံစည်းရိုးတိုင်တွေကြားထဲမှ ချောင်းကြည့်လိုက်ကြ၏။

ပုစုး ကြောက်စိတ်ကြောင့် လက်ထဲရောက်နေပြီ ဖြစ်သော C Plus ဘူးအခွံကို ကြောက်အားလန့်အား လွှတ်ချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘုံဘုံ ငါ ငါ ကြောက်တယ်ဟာ၊ ပြန် ပြန်ကြရအောင်"

ပူစူး ကြောက်နေသလောက် ဘုံဘုံ့ပုံစံက ကြောက်စိတ်လုံးဝ မရှိသူလို မျက်နှာကြောခပ်တင်းတင်းဖြင့် ပူစူးကို ခပ်စူးစူးကြည့်ပြီး

"ဟာ ပူစူးကလည်း ကြောက်စရာမရှိ ကြံဖန်ကြောက်နေပြန်ပါ ပြီ၊ ငါတို့ဟာသာ အပြင်မှာ ကောက်တာ သူ့ခြံထဲဝင်ကောက်တာမှ မဟုတ်တာ၊ ဘာကြောက်စရာလိုလဲ"

ဘုံဘုံ၏ပုံစံမှာ ဘာကိုမှ မကြောက်ရွံ့တတ်သော ရဲရင့်သည့်ပုံစံ ဖြင့် ပူစူးလက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး အားပေး၏။

ဘုံဘုံ နဖူးပေါ်မှ စို့နေသော ချွေးစတွေကို လက်ဖြင့်ဖိသုတ်ရင်း

"စိတ်ချ အဒေါ်ကြီး၊ အဒေါ်ကြီးက ဝင်ပါဆိုရင်တောင် အဒေါ် ကြီးခြံထဲကို ကျွန်တော်တို့က မဝင်သေးဘူးဗျ"

ဘုံဘုံ ဂျွတ်ဆတ်ဆတ်လေသံဖြင့် ဉစ္စာခြောက်နေသော အဒေါ် ကြီးကို ပြန်၍အော်ပြောလိုက်သည်။

ထိုအဒေါ်ကြီး ဆွေ့ဆွေ့ခုန်သွားကာ

"အောင်မယ် အမိုက်ကောက်တဲ့ကလေကချေလေးတွေကများ ငါ့ကိုပြန်ပြောတယ် ဟုတ်လား၊ သေချင်နေပြီနဲ့တူတယ်"

ထိုအဒေါ်ကြီး အိမ်နောက်ဖေး လှေကားကနေ ဆင်းလာသဖြင့်





ဘုံဘုံလက်ကိုဆွဲပြီး ပူစူး ထိုအဒေါ်ကြီးနှင့်ဝေးသော နေရာသို့ စွတ်ပြေး၏။

ဘုံဘုံ ငွေခွံအိတ်ကြီးတန်းလန်းတန်းလန်းနှင့် ပူစူး ဆွဲခေါ်ရာ နောက်သို့ ယက်ကန်ယက်ကန်ဖြင့် လိုက်ပါလာ၏။

နွေနေ့လယ်ခင်းသည် ပူစူးနှင့်ဘုံဘုံအတွက်တော့ လသာနေ သလိုပင်။

အနောက်ဘက်မှ ထိုအဒေါ်ကြီး၏ ရင့်သီးသော ဆဲရေးတိုင်း ထွာသံတွေက အဝေးမှာ ခပ်သဲ့သဲ့ကျန်ခဲ့၏။

"ပူစူး ရပ်ပါတော့ဟာ၊ ဟိုမိန်းမကြီး ငါတို့နောက် လိုက်မလာပါ ဘူး၊ နင်ကလည်း ကြောက်တတ်လိုက်တာ ယုန်သူငယ်လေးကျနေတာပဲ"

ဘုံဘုံ ပြောတော့မှ ပူစူး ခပ်သွက်သွက်လျှောက်နေသော ခြေ လှမ်းတွေရပ်ကာ နောက်ဘက်ကို ကျောမလုံသူလို စိုးရိမ်တကြီး လှည့် ကြည့်လိုက်သည်။

ထိုမိန်းမကြီး အရိပ်အယောင် မတွေ့တော့မှ ပူစူး သက်ပြင်း ဖျော့ဖျော့လေး ချရင်း

"လူတွေက ငါတို့တွေဆိုရင် ဘာဖြစ်လို့ မုန်းနေကြတာလဲ မသိဘူးနော် ဘုံဘုံ"

မျက်နှာငယ်လေးဖြင့်ပြောရင်း ပိပေါက်ပင်ခြေရင်းတွင် ခြေပစ်



www.burmeseclassic.com

ထက်ဝက်ခန့် ထိုင်ချလိုက်သော ပုရှုး၏မျက်နှာမှာ အားငယ်စိုးရွံ့စိတ်တွေ အရိပ်လို ထင်ဟပ်နေ၏။

"လူတွေက ဒီလိုပဲဟ၊ ခုနေ ငါတို့က ပလုံကောက်တဲ့ကလေး တွေ မဟုတ်တဲ့ ချမ်းသာတဲ့သူဌေးသားသမီးတွေ ဖြစ်ကြည့်ပါလား၊ ငါတို့ ကို အော်ဖို့နေနေသာသာ ငါတို့ရှေ့မှာ ဒူးထောက်စမ်းဆိုရင်လည်း ဒူး ထောက်မယ့်လူတွေ"

"ဟင် တကယ် အဲဒီလို ဒူးထောက်မှာလား၊ အဲဒါဆို ငါ ပိုက်ဆံချမ်းသာတဲ့သူဌေးရဲ့သားသမီး ဖြစ်ချင်လိုက်တာဟာယ်၊ ဒါမှ ဟို မိန်းမကြီး ငါတို့ကို ပျစ်ပျစ်နှစ်နှစ် ဆဲထားတာတွေကို ပြန်တောင်းပန် ခိုင်းရမှာ"

"ဒါဆို ငါတို့ မြန်မြန်ချမ်းသာအောင် ကြိုးစားကြမယ်ဟာ၊ ကဲ လာ ဒီနေ့အတွက် ဒီလောက်နဲ့ပဲ နားလိုက်ကြတော့မယ်ဟာ"

ဘုံဘုံ ငွေခွံအိတ်ကြီးကို ပခုံးပေါ်တင်ပြီး ခြေပစ်လက်ပစ် ထိုင်နေသော ပုရှုးကို လက်ကမ်းပေးလိုက်သည်။

ပုရှုး ကမ်းပေးသော ဘုံဘုံလက်ကို အလိုက်သင့်ဖမ်းဆွဲပြီး အားယူ၍ ထလိုက်သည်။ ပုရှုးမျက်နှာလေးမှာ နေလောင်ထားခြင်းကြောင့် ပင်ပန်းနွမ်းနယ်လျက် ချွေးစတွေ သီးနေ၏။ တစ်ကိုယ်လုံးလည်း နေ





စော်တွေနံနေ၍ ကိုယ့်အနံ့ပင်ကိုယ် ပြန်မခံနိုင်။

သူများကလေးတွေလို ဒီအရွယ်က မိဘများအရိပ်အာဝါသ အောက်မှာ နွဲ့ဆိုးဆိုးနေရမည့်အရွယ်။ ကျောင်းတက်ပြီး စာသင်နေရ မည့်အရွယ်။

ခုတော့ နေပူပူ မိုးရွာရွာ ဆောင်းချမ်းချမ်းမှာ ဝမ်းစာအတွက် ရုန်းကန်နေရသော ပုရှုး၏ခြေဖဝါးနုနုလေးတွေ နောက်ဖေးလမ်းကြား ကိုး၍ ကြမ်းရှ ညစ်စုတ်၍နေလေပြီ။

"ဘုံဘုံ ငါတို့ ဒီနေ့ နေ့တွက်ကိုက်ပါ့မလား၊ ပလုံတွေက သိပ်ရသေးတာ မဟုတ်ဘူး၊ အရင်ရက်တွေကဆို တို့နှစ်ယောက် ငွေ ခွံအိတ်ထဲ လျှံတောင်ထွက်နေတာ"

ပုရှုး ပင်ပန်းပေမယ့်လည်း နေ့တွက်လေးတော့ စီချင်သည်။ ဒါမှ အမေ့ကို ပြန်ပေးရမှာလေ။

"ဒီနေ့ နှင့်ပုံစံက သိပ်မှမလန်းတာ၊ ဟိုဘက်ဆက်သွားရင် ရပေမယ့် အဲဒီဘက်က ခွေးတွေက သောင်းကျန်းတယ်"

"အင်းလေ ဒါဆိုလည်း ပြီးရော၊ ညနေကျမှ ဖွားဆိတ်မတို့ ခြံထဲမှာ အမှိုက်သွားကောက်ပေးတော့မယ်၊ ဟိုးတစ်ပတ်က အမှိုက်ရှင်း ပေးလို့ဆိုပြီး ငါ့ကိုမုန့်ဖိုးနှစ်ရာပေးတယ်ဟ၊ နင်ပါလိုက်ခဲ့၊ ငါ တင်ဝက်



www.burmeseclassic.com

www.burmeseclassic.com



ခွဲပေးမယ်"

အလုပ်တစ်ခု မပြတ်သေးဘူး၊ နောက်အလုပ်သစ်အတွက် ဖယားချနေသော ပူစူး၏လောဘတက်နေပုံကိုကြည့်ပြီး ဘုံဘုံ မျက်နှာရှုံ့မဲ့သွားသည်။

"မလိုက်ချင်ပါဘူးဟာ၊ ညနေဟိုကောင် သံချောင်းတို့နဲ့ခွန်လိုက်ဖို့ ပြောပြီးပြီ၊ ဒါကြောင့် ငါ အစောကြီး ပြန်တာပေါ့ဟ"

ဘုံဘုံ အပြောကြောင့် ပူစူး နှုတ်ခမ်းလေးစူသွား၏။

သူ စွန်လိုက်ရင် ပူစူးဘေးမှာ အဖော်မရှိတော့ ရပ်ကွက်ထဲက ကလေးတွေထဲမှာ ပူစူး ခင်တဲ့သူငယ်ချင်းဆိုလို့ ဘုံဘုံတစ်ယောက်တည်း ရှိတာ၊ နောက်ပြီး ဘဝတူတွေဆိုတော့ ဘုံဘုံဟာ ပူစူးအပေါ်မှာ အမြဲ ညာတာသည်။ ပူစူးအပေါ် ဘယ်တော့မှ အနိုင်ယူလေ့မရှိ။

သူ့မှာ မုန့်တစ်ခုရှိလျှင် တစ်ယောက်တည်း ဘယ်တော့မှ မစားဘဲ ပူစူးကိုလာပြီး ခွဲကျွေးသော ဘုံဘုံကို ပူစူးကလည်း သံယောဇဉ်ကြီးပါသည်။

ပူစူးဘဝမှာ ခင်တွယ်စရာဆိုလို့ အမေနဲ့ဘုံဘုံပဲရှိတာ။

"နင်ကလည်း စွန်မလိုက်ပါနဲ့လားဟာ၊ နင် စွန်လိုက်ရင် နင့်အဖေ မကြိုက်သလို ငါလည်း မကြိုက်ဘူးဟ၊ ကားလမ်းမှာဆိုရင်





ပိုပြီးစိတ်ပူရတယ်"

ပူစူး သူ့ဘေးမှာ အဖော်မရှိ၍ ဘုံဘုံကို တား၏။ ဘုံဘုံက အင်းလည်းမလုပ် အဲလည်းမလုပ်နှင့် ပူစူးရှေ့မှ ဇွေခွဲအိတ်လွယ်ပြီး ထွက်သွား၏။

ပူစူး ဆက်မပြောတော့ဘဲ ဘုံဘုံနောက်မှ ခပ်သွက်သွက် လိုက်လာသည်။

ဘုံဘုံက ထိုသို့ပင် ပြန်မပြော နားမထောင်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂)

"အမေ ရော့ အမေ့အတွက် ဈေးဖိုး"

အမေ့ရှေ့ ဝါးကြမ်းခင်းပေါ် ချပေးလိုက်သော တစ်ရာတန်လေးတွေ ငါးဆယ်တန်လေးတွေကို အမေ ဝေ့ကြည့်သည်။

"ဒီနေ့လည်း ပလုံလိုက်ကောက်ပြန်ပြီလား သမီး"

နှင်းခ ရင်ထဲမှာ မကောင်းလှွန်းစွာဖြင့် သမီးလေးကို မေးလိုက်သည်။

"အဝေးကြီးတွေ လျှောက်မကောက်ပါဘူး အမေရာ၊ ဟိုဘက်လမ်း ဒီဘက်လမ်းလေးတင်ပဲ လိုက်ကောက်တာပါ၊ နောက်ပြီး ပူရူး တစ်ယောက်တည်း မဟုတ်ဘူး၊ ဘုံဘုံလည်း ပါတယ်"





မညှိုးနွမ်းသော ပန်းလေးတစ်ပွင့်နှယ် ရှင်လန်းတက်ကြွစွာ ပြောနေသော သမီးလေးကိုကြည့်ပြီး နှင်းခ မျက်ရည်ဝဲလာသည်။ အရွယ်နှင့်မလိုက်အောင် သိတတ်လွန်းသော သမီးလေး။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်နေရတဲ့ နှင်းခ၏သမီးဖြစ်နေရတာကိုက သမီးလေး ကံဆိုးတာပါ။ ကိုယ် အသုံးမကျလို့ သမီးလေး ခုလို နိမ့်ကျတဲ့အလုပ်တွေကို လိုက်လုပ်နေရတာ။

"သမီးရယ်၊ နောက်ဆိုရင် ဒီလိုအလုပ်တွေ လျှောက်မလုပ်ပါနဲ့လား။ အမေလည်း အိမ်တွေမှာ လိုက်ပြီး အဝတ်လျှော်နေတာပဲကွယ်၊ သမီးလေး အမှိုက်ကောက်တဲ့အလုပ်တွေ မလုပ်နဲ့တော့နော်"

"အမေကလည်း ပူရူးကသာ အမေ့ကို သူများအိမ်မှာ အဲဒီလို အဝတ်လျှော်တဲ့အလုပ်ကို မလုပ်စေချင်တာ၊ သမီးက ကလေးဆိုတော့ အမှိုက်လိုက်ကောက်လည်း ရှက်စရာမလိုပါဘူး၊ အမေကသာ ရှက်ရမှာ၊ ဒီကြားထဲ ဟိုမိန်းမကြီး ဒေါ်ဝင်းက အဝတ်တွေအများကြီးလျှော်ခိုင်းပြီးရင် ပိုက်ဆံကျတော့ နည်းနည်းပဲပေးတယ်၊ မွန်း သိပ်ကပ်စေးနဲတာပဲ၊ ပူရူးတော့ အဲဒီမိန်းမကြီးကို ကြည့်လို့မရပါဘူး"

အရွယ်နှင့်မလိုက်အောင် စကားတတ်လွန်းသော သမီးကိုကြည့်ပြီး နှင်းခ မျက်ရည်တွေ ဝေ့နေရင်းမှ ပြုံးမိလိုက်သေးသည်။ မအေ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ သိတတ်လွန်းသော သမီးလေး။

"ပိုက်ဆံမရှိတော့လည်း ဒီလိုပဲ အောင့်အည်းသည်းခံရမှာပေါ့ သမီးရယ်"

နှင်းခ၏ဖြေသိမ့်စကားကို သမီးလေး မျက်လုံးလေး ကလယ် ကလယ်ဖြင့် နားထောင်ပြီး ခေါင်းလေးကို ငုံ့စောင်းကာ တစ်စုံတစ်ခုကို စဉ်းစားဟန်ဖြင့် ခပ်တွေတွေလေးလုပ်ကာ

"အမေ ချမ်းသာတယ်ဆိုတာ ပိုက်ဆံနဲ့ဘာဆိုင်လဲဟင်"

"ဪ သမီးကလည်း အခု မေမေတို့ သမီးတို့ ခက်ခက်ခဲခဲ နဲ့ ရှာနေရတဲ့ပိုက်ဆံတွေ အများကြီးစုမိသွားရင် အမေတို့ကို ဆင်းရဲသား တွေလို့ လူတွေက မသတ်မှတ်ကြတော့ဘူး၊ ချမ်းသာတဲ့လူတွေလို့ပဲ သတ် မှတ်ကြတော့မှာ"

နှင်းခ ရှင်းပြသောအခါ ပုစုးမျက်ဝန်းလေးများ အရောင် တောက်သွားပြီး နှာခေါင်းမှထွက်ပြူစပြူနေသော နှပ်ချေးလေးကို တစ် ချက်ရှုံ့သွင်းရင်း

"ဒါဆို သမီးတို့ ပိုက်ဆံတွေအများကြီးရှာပြီး စုဘူးကြီးထဲ ထည့်စုထားမယ် အမေရာ၊ ပိုက်ဆံတွေဟောဒီလောက်ကြီးရှိလာရင် အမေနဲ့သမီး ဆင်းရဲသားတွေ မဟုတ်တော့ဘူးပေါ့နော် အမေ"





လက်ကလေးနှစ်ဖက်ကို ဘေးဘက်သို့ ကားပြပြီး အားရပါးရ ပြောနေသော ပုစုး၏မျက်နှာလေးမှာ မျှော်လင့်ချက်ရောင်ခြည်လေးတွေ သမ်းနေသည်။

"အေးပါ ဟုတ်ပါပြီ သမီးပြောသလို ပိုက်ဆံတွေအများကြီး စုမယ်ဆိုလည်း အမေပဲ အလုပ်လုပ်ပြီးစုပါမယ် သမီးရယ်၊ သမီးက အရွယ်နဲ့မမျှတဲ့အလုပ်တွေ လုံးဝမလုပ်ပါနဲ့ကွယ်၊ နောက်တစ်ခါ ဘုံဘိုနဲ့ ပလုံလိုက်ကောက်ရင် သမီးကို အမေ ရိုက်မယ်ကြားလား"

ပလုံကောက်တာကို အမေ မကြိုက်မှန်း ပုစုးသိပေမယ့် ပုစုး ကိုယ်၌က ဘုံဘိုနှင့်ခုလိုမျိုးလိုက်ပြီး ကောက်နေရတာကို ပျော်ပါသည်။ ခု မလိုက်ရဘူးဆိုတော့ စိတ်ထဲမှာ မပျော်တော့သလိုလိုနှင့် အလိုမကျ ခြင်းတွေတော့ ဖြစ်မိ၏။ နောက်ပြီး ပုစုး ပိုက်ဆံရှာချင်သေးသည်လေ။

ဒီတဲလေးထဲမှာရှိတာမှ သားအမိနှစ်ယောက်တည်း။ နှစ်ယောက် စလုံးပိုက်ဆံပိုင်းရှာမှ ပုစုးတို့ မြန်မြန်ချမ်းသာမှာပေါ့။

ပုစုး နှုတ်ခမ်းလေးစူသွားကာ ကလေးအတွေးလွေးဖြင့် အနာ ဂတ်ကို မျှော်ကြည့်လိုက်သည်။ ပုစုး ပင်ပန်းရင် ပင်ပန်းပါစေ၊ အမိကာက အမေနဲ့ပုစုးကို လူတွေက ချမ်းသာတဲ့သူဌေးတွေလို့ မြင်ရင်တော်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပုရွားဘဝမှာ ကိုးနှစ်ဆိုသောအရွယ်နှင့်မလိုက်သည့် ရည်မှန်းချက်က ချမ်းသာဖို့ပါပဲ။

လူတွေရဲ့အအော်အငေါက်ခံရတဲ့ဘဝကြီးကို ပုရွား အရမ်းမုန်းသည်။

ပုရွားသာ သူဌေးဖြစ်ကြည့် ပုရွားတို့ ဘုံဘုံတို့လို ပလုံကောက်တဲ့ လူတွေကို ခြံထဲပေးဝင်ပြီး ရှိသမျှ အမှိုက်တွေ လိုက်ကောက်ခိုင်းမည်။ ဒါတင်မကသေး မုန့်တွေကိုလည်း ကျွေးလိုက်ဦးမည်။

ပုရွားအတွေးနှင့်ပင် ပီတိတွေ ဖြစ်နေ၏။ ဒါကို ကိုယ်ချင်းစာနာစိတ်ဟုတော့ ပုရွား မတွေးတတ်သေးပါ။

■ ■ ■



## အခန်း (၃)

"မင်းနှိပ်နေတာ ကြာပြီ၊ ညောင်းရောပေါ့ ငါ့သားရယ်"

ဖခင်ဖြစ်သူကို စိတ်ရှည်လက်ရှည် နှိပ်ပေးနေသော ဘုံဘုံကို ကြည့်ကာ ရန်အောင်စိုး သနားသွားသဖြင့် တော်ခိုင်းလိုက်သည်။

"အဖေ့ကို နှိပ်ပေးတာပဲ၊ သားက ဘာလို့ညောင်းရမှာလဲအဖေရာ၊ သားကို အားမနာနေနဲ့၊ အဖေ့ကို သားမှမနှိပ်ပေးရင် ဘယ်သူလာနှိပ်ပေးမလဲပြော"

မေးလေးတဆတ်ဆတ်ဖြင့် ဖအေလုပ်သူကို မေးခွန်းတွေ ပြန်ထုတ်နေသော သား၏လိမ္မာသိတတ်မှုက ရန်အောင်စိုးလို ဒုက္ခိတဖခင်တစ်ယောက်အတွက် ရင်အေးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်နှင့်မမျှအောင် ဖခင်အပေါ် သိတတ်သည့် သားလေးနှင့်ငယ်ငယ်ရွယ်ရွယ်နှင့် တစ်ခုလပ်ဖြစ်နေသော ရန်အောင်စိုးတို့၏ဘဝသည် ကြမ်းတမ်းခက်ထန်လှန်းသည်။ ရှာနိုင်ဖွေနိုင်သော အရွယ်ကောင်းအချိန်ကျမှ ရန်အောင်စိုးမှာ တီဘီဝေဒနာရှင်တစ်ဦးအဖြစ် ဘဝကို အင်အားချိနဲ့စွာ လှုပ်ရှားရုန်းကန်နေရ၏။

လမ်းထိပ်ရှိ ဝပ်ရှော့တွင် နေ့စားအလုပ်ဝင်လုပ်ပြီး သားအဖနှစ်ယောက်၏ စားဝတ်နေရေးကို ချွေချွေတာတာ ဖြေရှင်းနေရာမှ မြန်းခနဲဆို ရန်အောင်စိုး ကောက်ကာငင်ကာ တီဘီရောဂါထဖြစ်၍ ထိုသို့ ထမင်းပင်နပ်မမှန်သော အခြေအနေကို ရောက်ခဲ့ရခြင်းဖြစ်သည်။

ခုလို ကိုယ့်ခြေကိုယ့်လက်ကိုပင် အင်အားရှိရှိ မသယ်နိုင်သော အခြေအနေမှာ သားဖြစ်သူက အရွယ်နှင့်မမျှသောဝန်ကို ထမ်းပြီး ဖခင်ကို ရှာဖွေကျွေးမွေးနေသဖြင့် ရန်အောင်စိုး ရင်မှာ မချိဖြစ်ရသည်။

တွေးရင်းဖြင့်ပင် ရန်အောင်စိုး ရင်ထဲ တဆစ်ဆစ် နာကျင်လာသဖြင့် သားလေး၏နေလောင်၍ ရဲနေသော ဆံပင်ကို တယုတယသပ်ပေးရင်း

"အဖေ နေပြန်ကောင်းရင် သား၊ ဒီအလုပ်ကို လုပ်စရာမလိုတော့ပါဘူး သားရယ်၊ အဖေ့ကြောင့် သားလေး ခုလိုမျိုး ပင်ပန်းဆင်းရဲ





ဒဲ့အထိကို ရင်စည်းခံနေရတာ အဖေ စိတ်မကောင်းဘူး"

ငိုသံပါကြီးဖြင့် ပြောနေရှာသော ရန်အောင်စိုးအား ဘုံဘုံ ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး ကြည့်လိုက်ပြီး

"ကျွတ် အဖေကလည်း ဘာကို စိတ်မကောင်းဖြစ်နေတာလဲ ဗျာ၊ ကျွန်တော်က ပလုံလိုက်ကောက်နေရလို့ ပင်ပန်းတယ်လို့ အဖေ့ကို ညည်းဖူးလို့လား၊ ကျွန်တော့်အတွက် တစ်ချက်ခုတ်ရင် နှစ်ချက် သုံးချက် ဆောင် ပြတ်နေသေးတယ်၊ လမ်းတစ်လျှောက် ပလုံလေး ပိုက်ကောက်လိုက်၊ ကစားတဲ့နေရာတွေ့ရင် ဝင်ကစားလိုက်၊ သူများတွေ အကူအညီလိုရင် မုန့်ဖိုးပဲဖိုးလေးရအောင် ဝင်ကူညီလိုက်နဲ့ ဟန်ကိုကျနေတာပဲ တား ဟား"

ရယ်ကာမောကာဖြင့် ပေါ့ပေါ့ပါးပါး ပြောနေသော သားဖြစ်သူကို ရန်အောင်စိုး စိတ်မကောင်းစွာကြည့်လိုက်ပြီး သက်ပြင်းကို ခပ်လေးလေး ချလိုက်သည်။

"ဘုံဘုံရေ ဘုံဘုံ"

အိမ်ရှေ့မှ လှမ်းခေါ်နေသော ပုရှူး၏အသံစာစာလေးကြောင့် သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အိမ်ပေါက်ဝသို့ ငဲ့စောင်းကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုစုးမ ယိုင်နဲ့နေသော အိမ်လေးပေါ်သို့ တက်လာသည်။ လက်ထဲမှာ ဘာတွေထည့်လာမှန်းမသိသော ကြွပ်ကြွပ်အိတ်ကလေး ဆွဲလာသည်။ တကျိုကျို မြည်နေသော ကြမ်းခင်းကို ခပ်ဖွဖွနင်းပြီး ဝင်လာသော ပုစုးကို ဘုံဘုံ နှိပ်ပေးနေရင်းမှ မေးငေါ့ပြလိုက်သည်။

"ဘာတွေလဲ ပုစုးမ"

"ဟင်းတွေလေ၊ ငါ့အမေ ဒီနေ့မနက် အလှူ့အိမ်မှာ ပန်းကန်သွားဆေးပေးတာလေ၊ အဲဒါ အလှူရှင်တွေက ငါးသလောက်ပေါင်းတွေ ထည့်ပေးလိုက်လို့ နင်တို့သားအဖ စားရအောင် ငါ ယူလာပေးတာဟ ရော့၊ ပန်းကန်လုံးလေးထဲ လှယ်ထည့်ထားလိုက်"

ပုစုး ကမ်းပေးသည့် ငါးသလောက်ပေါင်းထည့်ထားသော ကြွပ်ကြွပ်အိတ်ကို ဘုံဘုံ ဝမ်းသာအားရ လှမ်းယူလိုက်သည်။

"အတော်ပဲ ဒီညနေ ငါတို့သားအဖ ပဲကြမ်းကြော်နဲ့ပဲ နှစ်ပါးသွားရမှာ၊ ခုတော့ ငါးသလောက်ပေါင်းလေး ဝင်ကယ်သွားပြီ ရှဲ ရှဲ ရှဲ ရှဲ"

ဘုံဘုံ ကြမ်းခင်းကို တကျိုကျို မြည်အောင်နင်းကာ ယိုင်နဲ့နဲ့ ပန်းကန်စင်လေးပေါ် တင်ထားသည့် စဝီးဇလုံလေးထဲကို ငါးသလောက်ပေါင်းတွေ သွန်ထည့်လိုက်သည်။





"ဟဲ့ ပုစုး မနက်ဖြန်ကျရင် မနက်စောစော ငါလာခေါ်မယ်နော်၊ နင် အိပ်ပုတ်ကြီးမနေနဲ့ဦး"

ဘုံဘုံက ကြွပ်ကြွပ်အိတ်တွင်ကပ်နေသော ဟင်းအဆီတွေကို ဆက်ညှိုးလေးနှင့်ကလော်ကာ လျှာဖြင့်လျက်ရင်း ပုစုးကို လှမ်းပြောသည်။ ပုစုး မျက်နှာလေး ညှိုးကျသွား၏။

"ငါ လိုက်လို့ရမယ် မထင်ဘူး ဘုံဘုံရဲ့၊ ငါ့အမေက ပလုံလိုက်ကောက်ရင် ရိုက်မယ်လို့ ပြောထားတယ်၊ ငါ့အမေသိရင် လွယ်မှာမဟုတ်ဘူး"

ရန်အောင်စိုး ပုစုးစကားကြောင့် သူ့ရင်ထဲ မျက်ခနဲ ခံစားဆိုက်ရသည်။ နှင်းခလို မိန်းမသားကတောင် သူ့သမီးလေးကို ဒီအလုပ်လုပ်ခိုင်းဘဲနှင့် အိမ်တကာလည်ပြီး အဝတ်လျှော်ကျွေးနေလျှင် သူက ချာ ဘာကြောင့် ခုလိုမျိုး သားသမီးကို နေပူမရှောင် မိုးရွာမရှောင် ခိုင်းစားမလဲ၊ ဒါဆို သူ အလုပ်ပြန်ဆင်းမှဖြစ်တော့မည်။ ရောဂါကြောင့် အားမရှိလျှင်လည်း ရှိသ၍အင်အားလေးနှင့် သူ လုပ်နိုင်အောင် ကြိုးစားရမည်။

"သားလည်း မနက်ဖြန်ကစပြီး လိုက်ကောက်စရာ မလိုတော့ဘူးကွာ၊ အဖေ အလုပ်ဆင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းထဲမှ ပြန်ထွက်လာသော ဘုံဘုံ ဖခင်၏တစ်ချက်လွှတ် အမိန့်ကြောင့် ပူစူးကို လှမ်းကြည့်လိုက်သည်။ ပူစူးဝမ်းသာသွားသည် ထင်၏။ ဘုံဘုံ့ကို မချိုမချဉ်လေး ပြုံးပြ၏။ နင်နဲ့ငါ ဘဝတူတွေဖြစ်သွား ပြီဆိုသည့် အဓိပ္ပာယ်မျိုးဖြစ်သည်။

ပလုံမကောက်ရဘူးဟု တစ်ချက်လွှတ်အမိန့်ကြောင့် ဘုံဘုံ ပိုက်ဆံရနိုင်မည့် နည်းလမ်းတစ်ခုခုကို ခေါင်းထဲမှ အပြေးအလွှား ထည့် စဉ်းစားလိုက်သည်။

ဟုတ်ပြီ ဒေါ်ညိုကြီး အသုပ်ဆိုင်ကို သွားမည်။ ပန်းကန်ဝိုင်း ဆေးလျှင် အနည်းဆုံး မုန့်ဖိုးငါးရာလောက်တော့ ပေးမည်။ ကံကောင်း လျှင်ကောင်းသလို ဒေါ်ညိုကြီးက ရောင်းမကုန်သော အသုပ်တွေကို တောင် အိမ်ကိုထည့်လျှင် ထည့်ပေးလိုက်ဦးမည်။

ဘုံဘုံအနေနှင့် ရောဂါသည်အဖေအတွက် ဝင်ငွေရနိုင်မည့် အလုပ်တစ်ခုမဟုတ် တစ်ခု လုပ်နေဦးမည်ပင်။

အဖေရော ဘုံဘုံရော ထမင်းငတ်ခံ၍မဖြစ်။ ဒါ့အပြင် အဖေ နေမြန်မြန်ကောင်းဖို့ လိုမည်။

"အဖေ နေမှမကောင်းသေးတာ၊ ဘယ်လိုလုပ် အလုပ်ဆင်း မလဲ၊ မဆင်းပါနဲ့အဖေရာ၊ သား ပလုံမကောက်ရလည်း တခြားအလုပ်





ရှာလုပ်ပြီး ကျွေးမယ်"

"အဖေ အိမ်မှာပဲ ဒီအတိုင်း ထိုင်နေမယ့်အတူတူ စိတ်ပြေ လက်ပျောက် အလုပ်ကလေး ဘာလေး သွားလုပ်ကြည့်မလို့ပါကွာ"

ဘုံဘုံ ထပ်ပြီးမတားချင်တော့။ တား၍လည်း ရမည်မဟုတ် သဖြင့် မတားခြင်းလည်း ဖြစ်သည်။

"ဟဲ့ ဘုံဘုံ ငါတို့ သွားဆော့ကြမယ်လေ"

"အေး ဆော့မယ်၊ ခဏလေး ငါ အဖေ့ကို ဆေးတိုက်ဦးမယ်"

"ရတယ် အဖေ့တာသာ သောက်မယ်၊ သွားဆော့ သွားဆော့"

အဖေ့ဆီမှ ခွင့်ပြုချက်ရသဖြင့် ဘုံဘုံနှင့်ပူစူးအိမ်ကလေးပေါ်မှ ဆင်းလာကြသည်။ နွေနွေလယ်ခင်း ခြံထဲမှ သစ်ပင်ရိပ်အကြီးကြီးသည် ဘုံဘုံနှင့်ပူစူးတို့ ခိုလှုံရာ ကစားကွင်းလေးတစ်ခု ဖြစ်သွားသည်။

ကလေးနှစ်ယောက်အဖို့ ထိုတံဒါးသည် အပူသောကတွေ ဆင်းရဲခြင်းတွေ ငြိမ်းစေသော အချိန်ကာလလေးလည်း ဖြစ်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟဲ့ နှင်းခ အဝတ်တွေလှန်းပြီးရင် ဟောဒီခြင်းထဲက အိပ်ရာခင်းနဲ့ ခြင်ထောင်လျှော်သွားဦးနော်၊ ပြီးရင် နောက်ဖေးသောစင်ထဲက ပန်းကန်တွေ ဆေးပြီးမှပြန်"

"ဟုတ်ကဲ့ပါ ကြီးကြီးဝင်း"

"အေး အေး"

ဒေါ်ဝင်း မှာစရာရှိတာမှာပြီး အိမ်ထဲပြန်ဝင်မည်အပြု အိမ်ရှေ့သို့ ကားနက်ကြီးတစ်စီး ထိုးဆိုက်လာ၏။ နှင်းခ အဝတ်တွေ လှန်းနေရင်းမှ ကားနက်ကြီးကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး ကိုယ်လုပ်စရာရှိတာကို ဆက်လုပ်လိုက်၏။





ကားပေါ်မှ အသက်ငါးဆယ်ကျော် ဖြူဖြူခန့်ခန့်လူကြီးတစ်ယောက် လည်သာလက်ပွေ့အိတ်ကြီး ပိုက်လျက်ဆင်းလာ၏။

ဒေါ်ဝင်း ကားရပ်သံ၊ ကားတံခါးဖွင့်သံ၊ ပိတ်သံတို့ကိုကြား၍ အိမ်ရှေ့သို့ပြန်ထွက်လာပြီး ခြံရှေ့ကို လှမ်းကြည့်သည်။

"ဩော် ကိုသက်တင်ပါလား၊ ကားသံကြားလို့ ဘယ်သူများပါလိမ့်လို့ ထွက်ကြည့်တာ လာ လာ အမလေး မတွေ့တာ ကြာလို့ ကိုသက်တင်ကြီး ပိုပြီးတော့တောင် နုပျိုလာသလားပဲ"

ဦးသက်တင် ဆိုသော လူကြီး ဒေါ်ဝင်း၏မြှောက်ပင့်ပြောဆိုသော စကားကို အလွန်နှစ်သက်သွားပုံရကာ တဟဲဟဲဖြင့်ရယ်ရင်း အိမ်ပေါ်သို့တက်လာ၏။

"နေကောင်းတယ်နော်၊ မဝင်း ခင်ဗျားလည်း အရင်အတိုင်းပဲ မအိုစာသေးပါဘူးဗျာ"

"ကျေးဇူးတင်ပါတယ်တော် ကဲ လာ ထိုင် ကျုပ်ဆီကို အကြောင်းမဲ့သက်သက်လာတာတော့ မဟုတ်ဘူး မဟုတ်လား၊ ပြော ကျုပ်ကို တော် ဘာတာဝန်ပေးဦးမလို့လဲ"

သူ့ဟာသူမေး သူ့ဟာသူဖြေပြီး ဖောင်ဖွဲ့အောင်ပြောနေသော ဒေါ်ဝင်းစကားကြောင့် ဦးသက်တင် အခန့်သားဆုံး ပြုံးလိုက်ပြီး ဒေါ်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ဆက်တီခုံတွင် ဝင်ထိုင်လိုက်သည်။

"တာဝန်ကတော့ ပေးစရာရှိတယ်"

"သိတယ်လေ ကိုသက်တင်ကြီးတို့က အရေးအကြောင်းဆိုရင် မဝင်းတို့ကို ကွက်ခနဲ ပြေးမြင်လိုက်တော့တာပဲ မဟုတ်လား"

"နှင်းခရေ"

ဒေါ်ဝင်း ဦးသက်တင်ကြီးကို ညှော်ခံကျွေးမွေးရန်အတွက် ပြင်ဆင်ဖို့ နှင်းခကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

နှင်းခ အိမ်ပေါ်သို့ ခပ်ရှိန့်ရှိန့်တက်လာသည်။

"ကြီးကြီးဝင်း ဘာခိုင်းမလို့လဲ"

"အေး နှင်းခရေ ညှော်သည်အတွက် ကော်ဖီဖျော်ပါဦး၊ ညည်း အလုပ်တွေ နောက်မှဆက်လုပ်"

"ဟုတ်ကဲ့ ကြီးကြီးဝင်း"

ဦးသက်တင်၏အကြည့်တွေက နှင်းခဆီသို့ ရောက်သွားပြီး တော်တော်နှင့်မခွာတော့။

နှင်းခ ဦးသက်တင်၏အကြည့်တွေကို သတိမထားမိဘဲ နောက်ဖေးခန်းထဲ ဝင်သွား၏။

"သူလေးက ဘယ်သူလေးလဲ"





"ဘာလဲ မျက်စိကျသွားပြီလား"

"နွမ်းပါးတဲ့ပုံစံလေးပေါက်နေပေမယ့် အသေအချာ ပြင်ဆင်လိုက်ရင် တော်ဝင်ပန်းလေးတစ်ပွင့် ဖြစ်သွားနိုင်တယ်"

ဦးသက်တင် နှင်းခကို ချီးမွမ်းနေသဖြင့် ဒေါ်ဝင်း ဖောင်းအစ်အစ်ဖြစ်နေသော သူ့မျက်နှာကြီးကို မဲ့လိုက်သည်။

"ကဲပါ ကိုသက်တင်ရယ် ရှင့်လာရင်းကိစ္စကို ပြောပါ၊ ကျွန်မ ဘာကူညီရမလဲ၊ ဒရိုင်ဘာလား၊ အိမ်ဖော်လား၊ ဆေးဆရာလား၊ ဒါမှ မဟုတ် ရှင့်လုပ်ငန်းမှာသုံးမယ့် အလုပ်ကြမ်းသမားလား"

"အဲဒါတွေ တစ်ခုမှမဟုတ်ဘူး"

"ဟော့တော် ဒါဖြင့်ဘာလဲ၊ ကျွန်မက လူရှာပေးတဲ့အလုပ်ပဲ လုပ်တတ်တာနော်"

"ဟုတ်ပါတယ် ခုလည်း လူရှာခိုင်းမလို့ပါပဲ"

"ကဲ ဒါဆိုလည်းပြော ကျွန်မက ဘယ်လိုလူမျိုးကို ရှာပေးရမှာလဲ"

"ကျုပ်အတွက် ဆေးပေးမီးယူ မိန်းကလေးတစ်ယောက်"

"ဟောတော်"

ဒေါ်ဝင်း သူ့ရင်ဘတ်ကို သူဖိပြီး တအံ့တသြ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးရှက်တော့ရယ်ဆိုသလို ဦးသက်တင် တဟဲဟဲဖြင့် အရှက်ပြေ ရယ်၏။

ဒေါ်ဝင်း အကြံအိုက်သွားပုံဖြင့် ခပ်တွေတွေ စဉ်းစားဧ။

"ဒီရပ်ကွက်က ကိုသက်တင်တို့နေတဲ့ လူကုံထံရပ်ကွက် မဟုတ် ဘူးနော်၊ လက်လုပ်လက်စား လူဆင်းရဲတွေနေတဲ့ အောက်ကြမ်းခင်း ရပ်ကွက်၊ ကိုသက်တင် သဘောကျမယ့် မိန်းကလေးမျိုးကို ရှာတွေ့နိုင်ပါ့ မလား"

ဦးသက်တင် ပြုံးဖန့်ဖန့်အမူအရာဖြင့် လူပျိုဖြန်းလေးလို ဟက် ခနဲ တစ်ချက်ရယ်ရင်း ကျောမှီထိုင်နေသော ခန္ဓာကိုယ်ရှေ့ကို ကိုင်းလာ ပြီး

"အခု ကျွန်တော် တွေ့သွားပြီလေ"

လေသံခပ်အုပ်အုပ်ဖြင့်ပြောပြီး အိမ်ထဲကို ကဲကြည့်လိုက်သည်။

ဒေါ်ဝင်း ဦးသက်တင် စကားကြောင့် မျက်ကလူးဆန်ပြာဖြင့် ပါးစပ်မှပင် ဘုရားတမိလိုက်သည်။ ကြားကြားချင်းမို့ ကိုယ့်နားပင် ကိုယ် မယုံချင်"

"ကိုသက်တင် ဒီကိစ္စက လူပျိုဖြန်းလေး ရည်းစားစကား ပြောသလို မလွယ်ဘူးနော်၊ ဒါ ဘဝနဲ့ဆိုင်တယ်"





"ကျွန်တော် သိပါတယ်၊ ကျွန်တော် မဝင်းကို နောက်ပြောနေ တာ မဟုတ်ဘူး၊ အတည်ပြောနေတာ၊ နှင်းခဆိုတဲ့ ကောင်မလေးက အိမ်ထောင်ရှိလား မရှိဘူးလား၊ ကျွန်တော် သိချင်တယ်"

"အိမ်ထောင်တော့ မရှိဘူး၊ ဒါပေမဲ့ ကလေးတော့ရှိတယ်"

"ဒါဆို မုဆိုးမလား တစ်ခုလပ်လား"

"မုဆိုးမလေး ကောင်မလေးက အခုမှ အသက်နှစ်ဆယ့်ရှစ် နှစ်လားပဲ ရှိသေးတယ်၊ ရိုးသားတယ်၊ ဆင်းရဲတာတော့ ကုန်းကောက် စရာမရှိအောင်ကို ဆင်းရဲတယ်၊ သူ့မှာ ရှစ်နှစ်အရွယ် သမီးလေးတစ် ယောက်ရှိတယ်"

ဦးသက်တင်မျက်နှာမှာ ကျေနပ်ရောင့်ရဲသော အရိပ်တွေကြောင့် ထူအမ်းအမ်းပင် ဖြစ်၍နေ၏။ ကိုယ့်လို သက်ကြားရွယ်အိုကြီးက သေခါ နီး ရိကျွာယူမှာပါတယ်ဆိုမှ အပျိုတွေ အအိုတွေ တစ်ခုလပ်တွေ မုဆိုးမတွေ ရွေးနေလို့ ရမလား၊ သေမင်းက မျက်စိစပါးမွေးစူးပြီး အမြန်ခေါ်ထည့် လိုက်မှ ဟုတ်ပေ့ဖြစ်နေမည်။

ဒီတော့ နှင်းခဆိုသည့် ကောင်မလေးဟာ မုဆိုးမမကလို့ ကလေးတာယ်နှယောက်အမေပဲဖြစ်ဖြစ် ဦးသက်တင်အဖို့ လက်ထပ်ခွင့်ရ ရင် လက်ထပ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မုဆိုးမဖြစ်တာတွေ ကလေးရှိတာတွေက ကျုပ်အတွက် အရေးမကြီးပါဘူးဗျာ၊ အရေးကြီးတာက ကျုပ်ကို သူလက်ခံလာအောင် ခင်ဗျား ကြိုးစားပေးဖို့ပါပဲ၊ ဒီကိစ္စ အောင်မြင်ရင် ခင်ဗျားအတွက် မနည်းစေရဘူး"

"စိတ်ချစမ်းပါ ကိုသက်တင်ရယ်၊ ရှင်သာ စိတ်မပြောင်းသွားစေနဲ့၊ ကျွန်မ ဒီတစ်လအတွင်း ကောင်မလေးကို စည်းရုံးပေးမယ်"

နှင်းခ ကော်ဖီပန်းလေးကိုင်၍ ထွက်လာသဖြင့် ဦးသက်တင်နှင့် ဒေါ်ဝင်း ပြောလက်စ စကားကို ရပ်ပစ်လိုက်ပြီး ဦးသက်တင် နှင်းခကို အနီးကပ်လှမ်းလာသည့်အနေဖြင့် အသေအချာ ကြည့်လိုက်သည်။

နွမ်းပါးနေ၍သာ အလှတရားတို့ မှေးမှိန်နေခြင်း ဖြစ်၏။ အဆောင်အယောင်တွေနှင့်သာ မွမ်းမံလိုက်လျှင် ဒီရုပ်ရည်လေးက ဦးသက်တင်၏အကြိုက်။ နှင်းခလေးကိုသာ လက်ထပ်ရမည်ဆိုလျှင် နောက်ထပ် အနှစ်လေးဆယ်လောက်တော့ ကောင်းကောင်း ရှင်သန်နိုင်သေးသည်။

■ ■ ■



## အခန်း (၅)

"ဘုံဘုံရေ ဘုံဘုံ"

"ဟေး ငါ ဒီမှာ၊ ဒီကိုလာခဲ့"

ပူစူးအသံကြောင့် ဘုံဘုံ နောက်ဖေးရေတွင်းမှာ ရေဝင်နေရင်း အသံလှမ်းပေးလိုက်သည်။

ပူစူး ရေတွင်းရှိရာသို့ အပြေးတစ်ပိုင်းဖြင့် ရောက်လာပြီး

"နှင် ရေဆွဲနေတာလား"

"ဟုတ်တယ် နင်ကရော ငါနဲ့ဆော့မလို့ လာတာလား။ ဒါဆိုရင်တော့ ခဏစောင့်နော်၊ ငါ မအားသေးဘူး"

"ဆော့ချင်စိတ် မရှိပါဘူးဟာ၊ အိမ်မှာ ဟိုမိန်းမကြီးရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ ငါ နင့်ဆီ ထွက်လာတာ"

"ဘယ် မိန်းမကြီးလဲဟ"

"ဒေါ်ဝင်းကြီးလေဟာ၊ သိပ်စီးပိုးတဲ့မိန်းမကြီး၊ ခုလည်း ငါ့အမေကို သူဌေးကြီးတစ်ယောက်က ယူချင်တယ်လို့ လာပြောနေတယ်"

ပုစူး စကားကြောင့် ဘုံဘုံ စိတ်ဝင်စားသွား၏။

"ဘယ်လို သူဌေးကြီးတစ်ယောက်က နင့်အမေကို ကြိုက်လို့ ဟုတ်လား"

"အင်း ဟုတ်တယ်၊ သူ့ကိုယူရင် ငါတို့ သူဌေးဖြစ်ပြီလို့ ပြောတယ်"

"ငါ့အဖေကိုလည်း နင်တို့အမေလို သူဌေးကြီးတစ်ယောက်က လိုချင်တယ်လို့ပြောရင် သိပ်ကောင်းမှာပဲနော်"

ဘုံဘုံ စကားကြောင့် ပုစူး ပုဆစ်တုပ်လေးထိုင်ချလိုက်ပြီး တခိုးခိုး တခစ်ခစ် ရယ်၏။

"နင်ကလည်းလေ ငါ့အမေက မိန်းမမို့လို့ ယူမှာ၊ နင့်အဖေက မိန်းမမှမဟုတ်တာ၊ သူဌေးကြီးက ယူမလားဟဲ့"

ရယ်သံနှောသော အသံလေးဖြင့်ပြောနေသော ပုစူး စကားကြောင့် ဘုံဘုံ ခေါင်းကို တဖျင်းဖျင်းကုတ်ပြီး သူပါ တဟဲဟဲဖြင့်





လိုက်ရယ်၏။

"နင့်အမေက မိန်းမမို့လို့ ယောကျ်ားသူဌေးကြီးက ယူရင် ငါ့အဖေကို မိန်းမသူဌေးကြီးက ယူချင်ယူမှာပေါ့ဟာ"

"ဟာ ဟ ယူလိမ့်မယ် အားကြီးကြီး နင့်အဖေက ဒီလောက် ပိန်ညှောင်ခြောက်ကပ်နေတာကို ဘယ်သူဌေးမက မျက်စိကျမှာလဲ"

"ပုစူးစုတ် နင်နော်၊ ငါ့အဖေကို ပိန်ညှောင်တယ် မပြောနဲ့၊ ငါ့အဖေက နေမကောင်းဖြစ်နေလို့ နေသာကောင်းကြည့် နေတိုးလိုလို ဘာလိုလိုနဲ့ ရပ်ကွက်ထဲမှာရှိတဲ့ မိန်းကလေးတွေ ငါ့ကို သားတော်ချင်နေကြမှာ"

"အယ် ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ ငါ့အဖေကိုယူမှတော့ ငါ့ကိုပါ သူတို့သား တော်ကြရမှာလေ"

"ဟွန်း အကြံကလည်းကြီးပါ့"

"အဲဒါ ဉာဏ်ကြီးလို့ အကြံကြီးတာ"

"အဲဒါ အကြံကြီးတာ မဟုတ်ဘူး၊ အကြီးကြီးကြံတာ၊ အဟီး ဟိုဘက်အပိုင်းက ဒေါ်ဆုံကြီးလည်း အပျိုကြီးပဲနော်ဟဲ့"

"သွားစမ်းပါ၊ အဲဒီမိန်းမကြီးကိုတော့ အမေ မတော်ချင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible] အိမ်ထွက်ပြီး သေသွားမှာပေါ့ဟာ၊ နုကိုကာ [illegible] [illegible]"

"[illegible] ဟုတ်တယ် အဟီး ခစ် ခစ် ခစ် ခစ်"

[illegible]နှင့် ဘုံဘုံ ဘယ်ပြောလို့ ဘယ်ရောက်မှန်းမသိသော [illegible]တက်ရာရာ စကားများဖြင့် ဖောင်ဖွဲ့နေကြ၏။

သူတို့၏ရင်ဘတ်ကိုယ်စီတွင် အဖြူရောင်သံစဉ်လေးတွေသာ တငြိမ့်ငြိမ့် လှုပ်ခတ်သီဆိုနေကြ၏။

"နင့်အမေက သူဌေးကြီးကိုယူရင် နင် သူ့ကို အဖေလို့ ခေါ်မှာလား"

ဘုံဘုံ အမေးကို ပုရှူး မေးလေးထောက်ကာ စဉ်းစားဟန်ပြုသည်။ ဘုံဘုံ မေးလာတော့မှပဲ ဒီသူဌေးကြီးကို အမေ တကယ်ယူမှာလား မယူဘူးလားဆိုတာ အသေအချာ သိချင်လာသည်။

■ ■ ■



## အခန်း (၆)

"မိနှင်းခရယ် ညည်း ဘာကိုတွေဝေနေတာလဲအေ၊ အခွင့်အရေးဆိုတာ ယူတတ်မှတော့၊ မယူဘဲမှုနေရင် ဘဝမှာ အဲဒီအခွင့်အရေးက နှစ်ခါပြန်မလာဘူး"

ဝါးကြမ်းခင်းပေါ်တွင် ထိုင်ပြီး ကန်စွန်းရွက်စိတ်နေသော နှင်းခ၏စိတ်တွေ ဝေခွဲမရ ဖြစ်နေ၏။ သမီးလေးနှင့် ကိုယ့်ဘဝ ချမ်းချမ်းသာသာနှင့်နေရမယ်ဆိုတာ သိပေမယ့် အသက်ကြီးကြီး အဘိုးကြီးကို ယောက်ျားအဖြစ်တော်ရမည်ဆိုတာတော့ စိတ်ကူးနှင့်ပင် တွေးကြည့်လို့ မရလောက်အောင် တော်တော်သွေးပျက်စရာ ကောင်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းခလို အရွယ်ကောင်းနေဆဲ အမျိုးသမီးငယ်တစ်ယောက်က ကိုယ့်အဖေအရွယ်ကို ယောကျ်ားတစ်ယောက်အဖြစ်နှင့်တော့ ဆေးပေးမီးယူ မပြုစုချင်။

အိမ်ဖော်အနေနှင့်ဆိုလျှင်တောင် နှင်းခ ကြည်ကြည်ဖြူဖြူနှင့် လက်ခံနိုင်ပါ၏။

"ကျွန်မ ကိုယ့်အဖေအရွယ်လောက် အဘိုးကြီးကို ယောကျ်ားအဖြစ် ဆက်ဆံရမှာကို တွေးကြည့်ရုံနဲ့တင် တော်တော်လေး စိတ်ဓာတ်ပျက်စီးချင်သလို ဖြစ်ရတယ် ကြီးကြီးဝင်းရယ်"

နှင်းခ စကားကြောင့် ဒေါ်ဝင်း မျက်နှာမဲ့ပြီး ကြီးကျယ်ရန်ကောဟူသော အကြည့်ဖြင့် ခပ်စောင်စောင် ကြည့်လာ၏။

"ငါနှယ် ပြောရတာ လက်ပေါက်ကပ်လိုက်တာ နှင်းခရယ်၊ နင့်စိတ်ရဲ့သာယာမှုကို လိုက်နေမယ့်အတူတူ နင့်သမီးလေးဘဝရှေ့ရေးကို စဉ်းစားသင့်တယ်နော်၊ ဦးသက်တင်ဆိုတာက အရမ်းချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်၊ သူ့ရဲ့ပိုင်ဆိုင်မှုက နင်တို့သားအမိ ဆယ်သက်မပြောနဲ့ နောင်ဘဝတစ်ရာထိ ဒူးနန့်ပြီး အေးအေးချမ်းချမ်း နေလို့ရသွားပြီ"

ဒေါ်ဝင်း ပြောနေသော စည်းစိမ်ကို နှင်းခလည်း မက်မောပါသည်။

"ညည်း သူ့ကိုသာယူရင် စိန်ယူမလား၊ ကားယူမလား၊ တိုက်ယူမလား၊ သူပိုင်ဆိုင်သမျှအရာအားလုံးဟာ ညည်းပိုင်တာချည်းပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အမွေခွဲဝေပေးစရာ ဆွေမျိုးသားချင်းဆိုတာတောင် တစ်ယောက်တလေမှ မရှိဘူး"

မက်မောစရာအပြောတွေကြောင့် နှင်းခ တွေဝေသွားသည်။ သမီးလေး ပူစူးက သူဌေးဖြစ်ချင်နေတာ။ နှင်းခသာ ထိုလူကြီးကို ယူလိုက်လျှင် သမီးလေး၏ဆန္ဒတွေ ပြည့်ဝသွားပြီး နှင်းခလည်း အိမ်တကာလည်ပြီး အဝတ်လိုက်လျှော်စရာ မလိုတော့။ ဒီထက် အရေးကြီးတာတစ်ခုက သမီးလေး ကျောင်းပြန်တက်နိုင်ပြီ။

"ဘယ်လိုလဲ နှင်းခ၊ ငါ ဦးသက်တင်ကြီးကို ဘယ်လိုအကြောင်းပြန်လိုက်ရမလဲ"

ဖွတ်အတင်းကြီး အဖြေတောင်းနေသော ဒေါ်ဝင်းကြီးကို နှင်းခ ဘယ်လိုဖြေပေးလို့ ဖြေပေးရမှန်းပင် မသိတော့။

"ကျွန်မ စဉ်းစားပါရစေဦး ကြီးကြီးဝင်းရယ်၊ နောက်တစ်ပတ်လောက်ကျမှ အဖြေပေးပါရစေ၊ ကျွန်မ သမီးလေးနဲ့တိုင်ပင်ပါရစေဦး"

"အိုအေ ညည်းသမီး လက်တောက်လောက်လေးကိုများ အရေး




စိုးမိုးစာပေ

www.burmeseclassic.com



အရာလုပ်ပြီး တိုင်ပင်ရဦးမယ်လို့ ညည်းက အမေပဲ ကိုယ့်သားအမိနှစ်ယောက်ရဲ့အနာဂတ်အတွက် စဉ်းစားဆုံးဖြတ်တာပဲ၊ ညည်းရဲ့ဆုံးဖြတ်ချက်ပဲ အတည်ဖြစ်ရဦးမှာပေါ့၊ ညည်းသမီးက ဘာကိုဆုံးဖြတ်တတ်မှာလဲ''

ဒေါ်ဝင်းက စိတ်မရှည်သလို လေသံဖြင့် ငေါက်ဆတ်ဆတ်ပြော၏။ နှင်းခ မချိုပြုံးလေးပြုံးရင်း ဒေါ်ဝင်းကို အားနာသလိုကြည့်ပြီး

''သမီးလေးက နှင်းခ ဒီလူကြီးကိုယူမှာသဘောကျချင်မှ ကျမှာလေ ကြီးကြီးဝင်းရဲ့''

''ကလေးပဲ ဘာနားလည်မှာလဲ၊ သူလိုချင်တဲ့အရာမှန်သမျှကို ဦးသက်တင်က ပေးနိုင်ရင် ဦးသက်တင်နဲ့ ညည်း ယူမှာကို သူက ကျေ ကျေနပ်နပ်ကြီးကို ခေါင်းညိတ်လက်ခံဦးမှာ ငါ အတတ်ပြောရဲတယ်''

''အမေရေ အမေ''

ပူစူး အသံစာစာလေးနှင့် အိမ်ပေါ်ကို ပြေးတက်လာ၏။ ခုချိန်ထိ မပြန်သေးသော ဒေါ်ဝင်းကြောင့် ပူစူး ပြေးတက်လာသော အရှိန်လေးကို လျှော့လိုက်သည်။

''ဟဲ့ ပူစူး၊ လာထိုင်ဦး''

ဒေါ်ဝင်း သူ့အနား လာထိုင်ခိုင်းသဖြင့် ပူစူး ဒေါ်ဝင်းရှေ့သို့





ရဲတာရဲ ဝင်ထိုင်လိုက်သည်။

''ညည်း တိုက်ကြီးနဲ့နေချင်လား''

''ဟုတ်''

ပူစူး နှပ်ချေးလေးကို ရှုံ့သွင်းရင်း ခေါင်းညိတ်၍ သွက်သွက်က်လက် ဖြေလိုက်သည်။

''ကားကြီးရော စီးချင်လား''

''ဟုတ်''

''ဟုတ်ပြီ ဒါဆို ကျောင်းရော တက်ချင်သလား၊ ကြီးလာရင်ဆရာတတ်ကြီးဖြစ်အောင်လေ''

''ဟုတ် အရမ်းတက်ချင်တယ်၊ သမီးက ဆရာဝန်ဖြစ်ချင်တာ''

''ဟုတ်ပြီ ဒါဆို ညည်းတို့သားအမိကို သူဌေးကြီး ဦးသက်တင်အိမ်မှာ နေဆိုရင် နေမှာလား''

ထိုအမေးကိုတော့ ပူစူး ဘယ်လိုဖြေရမှန်း မသိတော့သဖြင့်င်ဖြစ်သူကို လှမ်းကြည့်သည်။

''ညည်းအမေက ညည်းနေချင်တယ်ဆိုရင် နေမယ်တဲ့၊ ဟိုမှာအစားအသောက်တွေဆိုရင်လည်း ပုစွန်ထုပ်တွေ ကြက်ကြော်တွောင်းပေ့ယာင်းတွေ ကောင်းပေ့ဆိုတဲ့ မုန့်တွေကိုလည်း အပယ်အားရမှာ၊



www.burmeseclassic.com

www.burmeseclassic.com



အသင်အစားဆိုလည်း နိုင်ငံခြားဖြစ်အဝတ်အစားတွေပဲ ဝတ်ရမှာ၊ ညည်းသာ လိုက်နေရင်လေ ဦးသက်တင်ကြီးက ညည်းလေးကို ချစ်မှာ၊ ကြီးကြီးဝင်းသိတယ်''

ဒေါ်ဝင်း၏မက်လုံးပေး စကားတွေကို နားထောင်နေသော ပူရှူး၏မျက်လုံးတွေမှာ အရောင်တွေ တဖျပ်ဖျပ်လက်နေ၏။

သူကလေးအဖို့ ဒီလိုသာနေရမည်ဆိုလျှင် အဲဒီ ဦးသက်တင်ကြီးအိမ်မှာ လိုက်နေမှာပေါ့။

''ဦးသက်တင်ကြီးက သမီးကို ရိုက်မှာလား''

''အိုအေ ညည်းက ချစ်စရာကောင်းတာ၊ ဦးသက်တင်ကြီးက ရိုက်မလားအေ့၊ ဟိုက သူ့သမီးလေးကို ချစ်တောင်ချစ်ဦးမှာ''

ပူရှူး မျက်နှာလေးပြုံးယောင်သမ်းသွားပြီး နှင်းခနားကို စွေ့ခနဲ တိုးကပ်သွားသည်။

''အမေ သမီးတို့ အဲဒီမှာပဲ သွားနေကြရအောင်လေ''

■ ■ ■



## အခန်း (၇)

''အဖေရေ အဖေ''

ခြံထဲမှ ဘုံဘုံခေါ်သံကြောင့် ရန်အောင်စိုး သင်ဖြူးဖျာပေါ်လှဲအိပ်နေရာမှ ခေါင်းထောင်ကြည့်လိုက်သည်။ ခြံထဲတွင် ဘုံဘုံ ပေါက်တူးတစ်လက်ဖြင့် ဘာတွေလုပ်နေမှန်းမသိ။

''ဘာလဲကွာ''

''ဒီမှာ မြေကြီးထဲက အရုပ်ကလေးတစ်ရုပ်တွေ့တယ်''

''ဘာအရုပ်လဲ''

ရန်အောင်စိုး အိပ်လျက်နှင့်ပင် လှမ်းမေးလိုက်သည်။

''သိဘူးလေ အဖေရာ''



www.burmeseclassic.com

www.burmeseclassic.com



ဘုံဘုံ သူ့လက်ထဲမှာ အရုပ်ကလေးတစ်ရုပ်ကို ထူးဆန်းစွာ ဖြင့် အသေအချာ ကြည့်နေရင်း လှမ်းဖြေ၏။

"ဒီကိုလာပြ၊ ဘာအရုပ်လဲဆိုတာ"

ဘုံဘုံ ထိုအရုပ်ကလေးကိုကြည့်ပြီး အိမ်ပေါ်ကိုတက်သွား၏။ ရန်အောင်စိုး လှဲအိပ်နေရာမှ တုန်တုန်ချိချိ ထထိုင်လိုက်ပြီး ဘုံဘုံ လက်ထဲမှ အရုပ်ကို လှမ်းယူကြည့်လိုက်၏။

ဘာအရုပ်လဲဆိုတာ အသေအချာ မသိပေမယ့် ဒါဟာ ကြေး ဖြင့်ပြုလုပ်ထားတာတော့ သေချာ၏။ အရုပ်ပုံစံက ဟင်္သာရုပ်လိုလို တခြား ငှက်ရုပ်လိုလိုနှင့် ရှုံ့တွေနှင့်ပေလူးနေ၏။

"မင်း ဒီအရုပ်ကို ဘယ်နေရာက တွေ့တာလဲ"

"အခု သား မြောင်းပေါက်နေတဲ့ နေရာကလေ၊ ချဉ်ပေါင်စေ့ လေးတွေ မျိုးချဖို့ မြောင်းဖော်နေရင်း တွေ့လိုက်တာ၊ ကြေးရုပ်နဲ့လုပ်ထား တာဆိုတော့ သွားရောင်းလိုက်မယ်လေ အဖေ"

"မရောင်းနဲ့ ငါတို့ခြံထဲက ရတာဆိုတော့ ဒီအရုပ်ဟာ ငါတို့ ဘိုးဘွားတွေပိုင်တဲ့ အရုပ်ဖြစ်ရမယ်"

"အဖေကလည်း ဘိုးဘွားပိုင်အရုပ်လည်း ရောင်းပေါ့ အဖေ ရာ၊ သားတို့အတွက် ဘာအသုံးဝင်မှာလဲ"





"မလုပ်ပါနဲ့ သားရာ၊ ငါတို့မှာ ဘိုးဘွားပိုင်ဆိုလို့ အခု ငါတို့ နေနေတဲ့မြေကြီးရယ်၊ ဟောဒီ အရုပ်ကလေးရယ်ပဲ ရှိတော့တာ၊ ငါတို့ အနေနဲ့ ဒီအရုပ်ကလေးကိုဆက်ပြီး ထိန်းသိမ်းထားရမှာပေါ့၊ ခုလို ပြန် တွေ့တာ၊ ငါတို့နဲ့ထိုက်လို့ကွ"

ဘုံဘုံ ကုလားဆိုင်မှာ သွားရောင်းချင်ပေမယ့် ဖခင်၏သဘော ဆန္ဒကြောင့် ဟင်္သာရုပ်ကိုရောင်းချင်သော ဆန္ဒကို မျိုသိပ်လိုက်ရ၏။

"အင်းလေ အဖေ မရောင်းစေချင်ရင်တော့ သား မရောင်း တော့ပါဘူး၊ ဒီအရုပ်လေးကို ရေအသေအချာဆေးပြီး သိမ်းထားလိုက် မယ်"

ဘုံဘုံ သူ့အဖေလက်ထဲမှ အရုပ်ကလေးကို ပြန်ယူပြီး နောက် ဖေးရေစည်အနားသို့ ပြန်ဆင်းလာခဲ့လိုက်၏။

ထို့နောက် ရွှံ့တွေပေနေသော အရုပ်ကလေးကို ရေဖြင့်အသေ အချာတိုက်ချွတ် ဆေးကြောလိုက်သည်။

ရေးဆေးပြီးတော့မှ အရုပ်ကလေးက ကြေးညိုရောင်ပေါက် သွား၏။ သုံးလက်မခန့်သာရှိသော ထိုကြေးညိုရောင်အရုပ်ကလေးကို ကြည့်ပြီး ဘုံဘုံ ကစားစရာ တစ်ခုအဖြစ် သတ်မှတ်လိုက်သည်။

"အဟွတ် အဟွတ် အဟွတ်"



www.burmeseclassic.com

...ကြော်ချပ်တလေးကို အသေအချာ လှည့်ပတ်ကြည့်ပြီး ...နှိုက် အဖေ့ ချောင်းဆိုးသံကြောင့် ရေစည်အဖုံးပေါ် ...ခဲ့ပြီး အဖေ့ဆီသို့ ကမျောကသော တက်သွားလိုက်၏။

"အဖေ ဆေးသောက်ရမယ်နော်"

ထွေးခံဖြင့် သလိပ်တွေ ထွေးချနေတုန်း ဘုံဘုံ အနားရောက်လာသဖြင့်

"ဒီနားမလာနဲ့ သား"

ဘုံဘုံကို ရောဂါကူးမည်စိုး၍ မလာနိုင်းခြင်းဖြစ်သည်ဆိုတာကို ဘုံဘုံ သိပါသည်။ အဖေ တီဘီရောဂါဖြစ်ကတည်းက ဘုံဘုံနှင့်အတူ ထမင်းမစား။ ရေခွက်သပ်သပ် ထမင်းပန်းကန်သပ်သပ် ခွဲထား၏။ အဖေ စား၍ပိုသည့် အစားအစာအား ဘုံဘုံကို မစားနိုင်း။ ရောဂါကူးမည်စိုး၍ဟု ပြောသဖြင့် အဖေ့ကိုကြည့်ပြီး ဘုံဘုံ စိတ်မကောင်း။ ထိုရောဂါကို အမြန်ပျောက်စေချင်လှ၏။

အဖေကတော့ ဒီရောဂါဟာ အသက်အန္တရာယ် မစိုးရိမ်ရဘူး ဆေးမှန်မှန်သောက်လျှင် ပျောက်သည်ဟု ပြောပေမယ့် တစ်နေ့တခြား ပိန်လှီလာသော အဖေ့ကိုကြည့်ပြီး ဘုံဘုံ စိတ်မကောင်းဖြစ်မိတာကတော့ အမှန်ပင်။





အဖေ နေမကောင်းဖြစ်နေတဲ့အချိန်မှာ ဘုံဘုံ အဖေ့အတွက် ...ကောင်းသောက်ဖွယ်တွေ ကျွေးချင်ပေမယ့် ဘုံဘုံ ဒေါ်ညို့ဆိုင်သွား ...ပ်၍ရသော မိုက်ဆံလေးငါးရာက အဖေ့ဓာတ်စာဖိုးမပြောနှင့် ထမင်းဖိုး ...တောင် အနိုင်နိုင်။

ဘုံဘုံ အဖေ့ကို အားရှိသော အစားအစာတွေ ကျွေးချင်သည်။ ဘုံဘုံ ဘာလုပ်ရမည်လဲ။

ပိန်လှီနေသော အဖေ့လက်ဖြူဖြူတွေကိုကြည့်ပြီး ဘုံဘုံ မျက်ရည်တွေ ဝဲတက်လာသည်။

"အဖေ ဘာစားမလဲဟင်၊ သား ဒေါ်အေးသန်း ထမင်းဆိုင်က ကြက်သားကြော်လေး သွားဝယ်လိုက်မယ်လေ"

ဘုံဘုံ အမေးကြောင့် ရန်အောင်စိုး ချောင်းဆိုး၍ မောနေသည့်ကြားမှ လှမ်းကြည့်သည်။

"မင်းက ဘယ်ကပိုက်ဆံနဲ့ သွားဝယ်မှာမို့လို့လဲ သားရယ်၊ အဖေ ရှိတာနဲ့ပဲ စားပါ့မယ်၊ မင်းအကြွေးသွားဝယ်မယ်ဆိုတာ ငါ သိပါတယ်"

"ဒေါ်အေးသန်းကြီးက သားကိုဆိုရင် အကြွေးရောင်းပါတယ် အဖေရ၊ နောက်နေ့ကျမှ ဟင်းဖိုးပြန်ပေးလိုက်လည်း ဖြစ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဝယ်နဲ့သား၊ အဖေ ဘာမှလည်း မစားချင်ဘူး၊ မင်း ဒေါ်ညိုဆိုင်မှာ သွားဝိုင်းလုပ်ရဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အေး ဒါဆိုသွားတော့၊ အဖေလည်း ခဏမှိန်းလိုက်ဦးမယ်"

အားဖျော့တိုးသက်နေသော အဖေ့လေသံကို ဘုံဘုံ မနည်းနားထောင်ရင်း စိတ်မသက်သာစွာဖြင့် သက်ပြင်းချလိုက်၏။

အဖေ့ဆီမှ ဝေဒနာတွေကို ဘုံဘုံ တစ်ဝက်ခွဲဝေယူရမည်ဆိုလျှင် ဘုံဘုံ ကျေနပ်စွာဖြင့် ယူမိမှာအမှန်။

အဖေ မဖြစ်ဘဲ ဒီရောဂါတွေ ဘုံဘုံပဲ ဖြစ်လိုက်ပါတော့လား။

■ ■ ■



## အခန်း (၈)

ပုစူးတို့တဲလေးရှေ့သို့ အနက်ရောင် ဇိမ်ခံကားကြီးတစ်စီး ငြိမ့်ခနဲ ထိုးရပ်လိုက်သဖြင့် ပုစူးနှင့်ဘုံဘုံ ဂေါ်လီရိုက်နေရာမှ တအံ့တဩဖြင့် ထိုကားနက်ကြီးကို ပြိုင်တူကြည့်လိုက်ကြသည်။

"ဟဲ့ ပုစူး နင်တို့အိမ်ရှေ့မှာ ရပ်တာဆိုတော့ နင်တို့ဧည့်သည် ဆင်တယ်"

ဘုံဘုံ ဂေါ်လီလုံးကို ဆက်မပစ်ဘဲ ပုစူးကို ခပ်တိုးတိုး လှမ်းပြော၏။ ထိုစဉ် ကားတံခါးပွင့်လာပြီး ခန့်ခန့်ထည်ထည်ဖြင့် အသက်ကြီးကြီး ဦးသက်တင် ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ပိုက်ဆံအိတ်အကြီးကြီးကို ကိုင်ပြီး ပူစူးနှင့်ဘုံဘုံ နားသို့ အပြုံးဖြင့် လျှောက်လာသော ဦးသက်တင်ကို ပူစူး မျက်လုံးလေး ကလယ်ကလယ်ဖြင့် မော့ကြည့်၏။

"သမီး မေမေ ရှိလား"

အမေ့ကို မေးလာသဖြင့် ပူစူး ကလေးဦးနှောက် ကလေးဉာဏ် မှီသလောက် စဉ်းစားလိုက်သည်။

ဒါဟာ ကြီးကြီးဝင်းပြောတဲ့ သူဌေးကြီးပဲဖြစ်ရမည်ဟုလည်း စိတ်ထဲမှ တစ်ထစ်ချ တွေးလိုက်သည်။

"အမေ မရှိဘူး၊ အလုပ်သွားတယ်"

"ဟုတ်လား၊ အမေက ဘယ်အလုပ်သွားတာလဲ"

"ဟိုဘက်လမ်းက မမကေသီတို့အိမ်မှာ အဝတ်သွားလျှော် တယ်"

ပူစူး စကားကြောင့် ဦးသက်တင် ရင်ထဲစိတ်မကောင်းဖြစ်သွား ရ၏။

"ဟုတ်လား၊ ဒါဆို သမီးတစ်ယောက်တည်း ကျန်ခဲ့တာပေါ့"

"ဟုတ်ပါဘူး၊ ဒီမှာလေ ပူစူးနဲ့အတူ ဘုံဘုံလည်း ရှိတယ်"

"ဪ ဟုတ်သားပဲ"





ဦးသက်တင် ဘုံဘုံကိုလည်း အပြုံးဖြင့်ကြည့်လိုက်၏။

"ဘဘကြီး အိမ်ပေါ်တက်ပါဦး"

ပူစူးအရွယ်နှင့်မလိုက်အောင် ဧည့်ဝတ်ကျေစွာဖြင့် ခေါ်လိုက် သည်။ ပူစူး၏သွက်လက်ပုံကိုကြည့်ပြီး ဦးသက်တင် သဘောကျသွား၏။

"သမီးက လိမ္မာသားပဲကွ"

ပူစူး၏မေးဖျားလေးကို ကိုင်ပြီး ချီးမွမ်းစကားဆိုလိုက်သော ဦးသက်တင်ကို ဘုံဘုံ အကဲခတ်သလို ကြည့်လိုက်သည်။

"ဘဘကြီးက ပူစူး အမေကိုယူမယ့် သူဌေးကြီးလားဟင်"

ပေါ်တင်ကြီး ဒဲ့မေးလိုက်သော ဘုံဘုံကို ဦးသက်တင် တအံ့ ဩ ကြည့်လိုက်သည်။ ပြီးမှ သဘောကျစွာဖြင့် ရယ်လိုက်ပြီး

"အင်း ဟောဒီက ပူစူးနဲ့မေမေကို ချမ်းချမ်းသာသာနဲ့ ထား ချင်သူပါကွ"

"ဒါဆို ဒီကားကြီးကိုရော ပူစူးက ပိုင်မှာလားဟင်"

ဘုံဘုံ ခပ်ရှုပ်ရှုပ်နှောင်ရှင်း တစ်ခါတည်း ဒဲ့မေးလိုက်သည်။ ကလေး ဆိုတော့ မေးသင့်သော မေးခွန်းလား မမေးသင့်သော မေးခွန်းလားဆို တာ ခွဲခြားဝေဖန်ပိုင်းခြားနိုင်ခြင်း မရှိဘူးဆိုတာ ဦးသက်တင် နားလည်ပါ၏။

"အင်း မင်းတော်တယ် ကလေး၊ နောင်ကျရင် ဒီကားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီက ပူစူးလေး ပိုင်တော့မှာ''

ပူစူး မျက်နှာလေးမှာ ဒီကားကြီးကို သူ ပိုင်မည်ဟု ပြော လိုက်သော ဦးသက်တင် စကားကြောင့် အပျော်ကြီးပျော်သွား၏။

ဦးသက်တင် ပူစူးရှေ့မှာ ဒူးတစ်ဖက်ထောက်ထိုင်ချလိုက်ပြီး

''သမီးလေးအတွက် ဘဘ မုန့်တွေအများကြီး ယူလာတယ် အဝတ်အစားတွေလည်း ဝယ်လာတယ်''

''တကယ်''၊

''တကယ်ပေါ့''

''ဒါဆို ဘုံဘုံအတွက်ရော ပါလား''

''သမီးနဲ့အတူ ဘုံဘုံ ရှိနေမှန်းမသိလို့ ဘဘက ဝယ်မလာခဲ့ နောက်တစ်ခါကျရင် ဝယ်လာခဲ့မယ်''

သူငယ်ချင်းအတွက်ပါ လိုချင်မျက်စိရှိသော ပူစူးကို ဦးသက် တင် နှစ်သိမ့်လိုက်၏။

''မောင်ပြုံးရေ ကားထဲကပစ္စည်းတွေ ချလိုက်တော့''

ဦးသက်တင် စကားအဆုံး ကားဒရိုင်ဘာ မောင်ပြုံး ဆင်း ပြီး နောက်ခန်းမှ ဝယ်လာသော မုန့်ပုံးတွေ အဝတ်အစားထုပ်တွေ တနင့်တပိုး လက်နှစ်ဖက်ဖြင့် ဆွဲကိုင်ပြီး ပူစူးတို့ဆီသို့ လျှောက်လာ





''ဝါး အများကြီးပါလား''

ပူစူး ပါးစပ်ကလေးကို လက်ဝါးလေးဖြင့်အုပ်ပြီး တအံ့တသြ ဖြစ်သွားသည်။ ဘုံဘုံပင် ပူစူးအတွက် ဝယ်လာသော အထုပ်အပိုးတွေ ကို မျက်တောင်မခတ်တမ်း ငေးကြည့်ပြီး အားအကျကြီး ကျနေမိတော့၏။

''ကဲ ရော့ သမီး၊ ဒါတွေအားလုံး သမီးအတွက်ပဲ မုန့်တွေကို တော့ ဟောဒီက သမီးသူငယ်ချင်းအတွက်ပါ ခွဲပေးလိုက်၊ နောက်တစ်ခါ ဘဘ လာတော့ ထပ်ဝယ်လာမယ် ဟုတ်ပြီလား''

''ဟုတ်ကဲ့ ဘဘ၊ နောက်တစ်ခါဆိုရင် ဘုံဘုံအတွက်ပါ အင်္ကျီ လေးတွေ ဝယ်ခဲ့နော် ဘဘ၊ ဘုံဘုံတို့ကလည်း ပူစူးတို့လိုပဲ အရမ်းဆင်းရဲ တယ် ဘဘရဲ့''

သူ့အတွက်တင်မဟုတ် သူငယ်ချင်းအတွက်ပါ ပူဆာပေးနေ သော ပူစူးကို ဘုံဘုံ ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်၏။

''ဘဘ''

''ဗျာ ပြော ပူစူးလေး၊ ဘဘကို ဘာပြောမလို့လဲ''

''ခုလောလောဆယ် ပူစူးတော့ ဒီကားကြီးကို ခဏစီးကြည့်ချင် တယ်''

မဝံ့မရဲလေး တောင်းဆိုလိုက်သော ပူစူးကို ဦးသက်တင်



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသက်စွာဖြင့် ကြည့်လိုက်ပြီး

"စီးကြည့်လို့ရတာပေါ့ကွ၊ ကဲ ခု ဘယ်သွားချင်လဲ၊ ဘာဘာ တပည့် မောင်ပြုံးက မင်းတို့လေးတွေ သွားချင်တဲ့နေရာကို ပို့ပေးလိမ့် မယ်"

"ဝေးဟေးဟေးဟေး ပျော်စရာကြီး၊ ဒီကားကြီးကို စီးကြည့်ရ တော့မယ်"

ပုရှူး ဘုံဘုံလက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ဆွဲလိုက်ပြီး ကားရပ်ထား ရာသို့ အပြေးတစ်ပိုင်းဖြင့် လျှောက်သွားလေသည်။

ဘုံဘုံကတော့ ပုရှူး ခေါ်ဆောင်ရာသို့ ယက်ကန်ယက်က ပါလာ၏။

ဘုံဘုံ စိတ်ထဲမှာ ပုရှူး၏ကံကောင်းခြင်းတွေကို အားကျနေမိ

ပုရှူးနှင့်ဘုံဘုံကို ကားဖြင့်တင်ခေါ်သွားပြီး မကြာလိုက် နှင်း ပြန်ရောက်လာသည်။

ခြံထဲတွင် ရပ်နေသော ဦးသက်တင်ကိုမြင်တော့ ခြေလှမ်း တို့တုံ့သွားကာ မျက်နှာပြင်မှာ ဖော်မပြနိုင်သော အရိပ်တို့ ချက်ချင်း ထင်ဟပ်သွား၏။

"နှင်းခ ခုမှပြန်လာရတယ်နော်၊ ဦး ရောက်နေတာ ကြာပြီ





နှင်းခနဲ့တွေ့ချင်လို့ တမင်စောင့်နေတာ"

"အိမ်ပေါ်မှာ တက်စောင့်ရောပေါ့ ဦးသက်တင်ရယ်၊ နှင်းခ သမီးလေးရှိပါတယ်"

ကိုယ့်အိမ်ကို ရောက်လာမှတော့ နှင်းခ ဖော်ဖော်ရွေရွေ မဆက် ဆံလို့ မရတော့။

"သမီးလေးနဲ့ သူ့သူငယ်ချင်းကို ဦး ကားနဲ့ ဟိုနားဒီနား လျှောက်စီးခိုင်းထားတယ်၊ ကလေးတွေက ဦးကားကို တော်တော်လေး စီးချင်နေပုံရတာနဲ့လေ"

"ဪ ဟုတ် ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦးသက်တင် အိမ်ပေါ်ကို ကြွပါနော်"

နှင်းခ ဦးဆောင်တက်သွားသော တဲအိမ်လေးပေါ်သို့ ဦးသက် တင် လိုက်တက်လိုက်သည်။

အိမ်ပေါ်တက်တက်ချင်း အိမ်ရှေ့ဝါးကြမ်းခင်းပေါ်တွင် ချထား သော လက်ဆောင်ထုပ်တွေကိုကြည့်ပြီး နှင်းခ ဦးသက်တင်ကို အားနာစွာ ငဲ့ကြည့်လိုက်သည်။ ဦးသက်တင် နှင်းခ၏အေးချမ်းပြီး နွမ်းနယ်နေ သော မျက်နှာလေးကို ကရုဏာသက်စွာဖြင့် တစိမ့်စိမ့် ကြည့်လိုက်သည်။

"အားနာနေတယ် မဟုတ်လား နှင်းခ၊ ဦးကို ဘာမှအားမနာ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ နှင်းခကို သံယောဇဉ်တွယ်လိုစိတ်နဲ့ လက်ထပ်ခွင့်တောင်းသလို သမီးကိုလည်း ဖခင်တစ်ယောက်ရဲ့မေတ္တာ အပြည့်အဝပေးမှာပါ၊ နှင်းခတို့ဘက်ကသာ ဦးရဲ့အထီးကျန်ခြင်းတွေကို ပျော်ရွှင်စရာ ကောင်းတဲ့ မိသားစုလေးအဖြစ် ဖန်တီးပေးပါတော့''

ဦးသက်တင် ရင်ဖွင့်စကားမှာ နှင်းခအတွက် ရင်ခုန်စရာ မကောင်းပေမယ့် ဆက်လက်ရှင်သန်ရမည့် အနာဂတ်အတွက်တော့ မျှော်လင့်ချက်တွေ တစ်ပုံတစ်ပင်ဖြင့် အင်အားဖြစ်စရာအပြည့်။

ဒီတော့ နှင်းခ ဘယ်လိုအကြောင်းပြချက်ဖြင့် ငြင်းဆန်နိုင်ရတော့မည်လဲ။ နောက်ဆုံးတော့ ဦးသက်တင်၏လက်ထပ်ခွင့်ကို အသာတကြည် ခေါင်းညိတ်လိုက်ရုံပေါ့။

သမီးလေး ပုရုကို ချမ်းချမ်းသာသာဖြင့် ဘဝကို ဖြတ်သန်းစေချင်သည်လေ။

ကံကြမ္မာက နှင်းခတို့သားအမိကို မွန်းကြပ်စရာကောင်းတဲ့ ဘဝထဲက ရုန်းထွက်နိုင်ဖို့ ထွက်ပေါက်တစ်ခု ပေးလာမှတော့ နှင်းခဘာကို တွန့်ဆုတ်နေရတော့မည်လဲ။

အကောင်းကို လက်ခံပြီးမှတော့ အဆိုးကိုလည်း အသာတကြည် လက်ခံရတော့မှာပေါ့။





ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းမကျနိုင်တော့သည့် အခြေအနေမျိုးမှာ အရာရာကို သမီးလေးအတွက်ပဲ စဉ်းစားဆုံးဖြတ်ရတော့မှာပေါ့။

''နှင်းခ ဦးသက်တင်ရဲ့တောင်းဆိုမှုတွေကို လက်ခံပါတယ်''

ဦးသက်တင် အရွယ်နှင့်မလိုက်အောင် ပျော်ရွှင်ကျေနပ်သွားဟန်ဖြင့် နှင်းခ၏လက်ကလေးကို ကြင်နာစွာ ထွေးဆုပ်လိုက်ပြီး

''ကျေးဇူးတင်ပါတယ် နှင်းခလေးရယ်၊ ခုချိန်ကစပြီး နှင်းခတို့သားအမိဘဝလေးထဲကို ဘယ်လိုဒုက္ခမျိုးတွေမှ ဝင်မလာစေရတော့ပါဘူး''

နှင်းခ အပြုံးယဲ့ယဲ့လေးဖြင့် ဦးသက်တင်ကို မော့ကြည့်လိုက်သည်။

ရင်ခုန်သံဆိုတာ မပါသော ခံစားမှုတွေက ရင်ထဲမှာ ဝေဝါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"နင် ချမ်းသာသွားလို့ ငါ ဝမ်းသာပေမယ့် ငါတို့ရပ်ကွက်ထဲက နင် အပြီးပြောင်းသွားရတော့မယ်ဆိုတာကိုတော့ ငါ လက်မခံချင်ဘူး ပူစူးရာ"

ငိုသံခပ်အက်အက်ဖြင့် ပြောနေသော ဘုံဘုံကို ပူစူး မြှ ကြောင်ကြောင်လေးကြည့်နေပြီး ဘာပြန်ပြောရမှန်းပင်မသိ။

ချမ်းသာတဲ့ဘဝကို လိုချင်ပေမယ့် ဘုံဘုံ့ကိုခွဲရမယ်ဆိုတဲ့အသိ က ပူစူးကို မပျော်ရွှင်စေတာ အမှန်။

"ငါလည်း နင်နဲ့ကစားရတာကို ပျော်တယ်၊ နင်နဲ့ငါ မခွဲနိုင်ဘူး အဲ ငါ အကြံရပြီ၊ နင့်အဖေကိုပြောပြီး ငါတို့နဲ့လိုက်ခဲ့ပါလား၊ နင်ပါလာ





လို့ ဘဘကြီးက အမေနဲ့ငါ့ကို ဘာမှပြောမှာမဟုတ်ပါဘူး"

ဘုံဘုံ သစ်ကိုင်းခြောက်နှင့် မြေကြီးကို လျှောက်ခြစ်နေရင်းမှ ခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်ပြီး

"ငါ့အဖေက ရောဂါသည်လေဟာ၊ အဖေ့ကို တစ်ယောက်တည်းထားခဲ့ပြီး ငါ လိုက်လို့မရပါဘူးဟာ၊ ခုတောင် ဟိုတစ်နေ့က ဆော်ဒီရုံမှာ နှစ်ရက်လောက်အလုပ်ပြန်ဆင်းလိုက်တာ အိပ်ရာထဲ ပြန်လဲနေတယ်"

"အင်း နင့်အဖေ သနားပါတယ်ဟာယ်၊ ငါ စာသင်ရရင် ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားမယ် သိလား၊ နင့်အဖေရောဂါကို ဒါမှ ငါ ကိုယ်တိုင် ကုပေးလို့ရမှာ"

"နင် တကယ် ကြိုးစားနော် ပူစူး"

"စိတ်ချ ငါက ဆရာဝန်ကြီးဖြစ်ချင်နေတဲ့သူပါဟဲ့"

"အဲဒီကျရင် ငါ့လို ဆင်းရဲသား ငမွဲကို နင်က မှတ်မိပါတော့မလား"

"ဘာလို့ မမှတ်မိရမှာလဲ၊ ဟော့ဒီမှာ နင့်လက်က အမာရွတ်ကို မြင်တာနဲ့ ငါက နင်မှန်းသိပြီးသား၊ အဟီ ငါးသလောက်ပေါင်းကြောင့် ရတဲ့ ဒဏ်ရာလေ"

မိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပူးစကားကြောင့် ဘုံဘုံ အရှက်ပြေရယ်ရင်း

"အဲဒီကျရင် ငါ့ကို အဆင့်အတန်းတော့ ခွဲမှာမဟုတ်ပါဘူး နော်"

"ကျွတ် နင်ကလည်း ငါက အဲလို လုပ်မလားဟဲ့၊ နင်က ငါ့ရဲ့ အခင်ဆုံးသူငယ်ချင်းပဲဟာ"

"အေးလေ တစ်ချိန်ချိန်မှာ ငါတို့သူငယ်ချင်းနှစ်ယောက် ပြန်ဆုံကြတာပေါ့"

"ဒါနဲ့ နင်တို့သားအမိက ဘဘကြီးအိမ်ကို ဘယ်တော့သွားရမှာလဲ"

"မနက်ဖြန်လို့တော့ ပြောတာပဲ၊ ပြီးရင် ငါတို့ကို နိုင်ငံခြားကို အလည်ခေါ်သွားမယ်တဲ့"

"ဟာ တကယ်လား"

"သိဘူးလေ ပြောတာပဲ"

"နင် ကံကောင်းလိုက်တာ ပုပ္ပူးရာ"

အားတက်သရော ပြောနေသော ဘုံဘုံကိုကြည့်ပြီး ပုပ္ပူး အရမ်းဝမ်းနည်းလာသည်။ မျက်ရည်တွေ ဝေ့လာသည်။

"ရော့ ဘုံဘုံ ဒီအရုပ်ကလေးကို ငါ လက်ဆောင်ပေးခဲ့မယ်





သိလား"

ပုပ္ပူး အနက်ရောင် မွေးပွကဝံရုပ်လေး လှမ်းပေး၏။

"ငါ့မှာ နင့်ကိုပေးစရာ လက်ဆောင် ဘာမှမရှိဘူးနော်"

"ဟင့်အင်း မလိုပါဘူး၊ နင် ငါ့ကို တစ်ချိန်လုံး သူငယ်ချင်းအဖြစ် အဖော်နေပေးခဲ့တာတွေကို ငါ အမြဲသတိရနေတာပဲ"

ဘုံဘုံ ထိုင်ရာမှ ဆတ်ခနဲ ထကာ ခပ်လှမ်းလှမ်းတွင်ရှိနေသော စမ်းချောင်းလေးဆီသို့ ပြေးသွားလိုက်သည်။

ပုပ္ပူး ဘုံဘုံ စမ်းချောင်းထဲဆင်းသွားတာကို မမှိတ်မသုန် ငေးကြည့်နေလိုက်သည်။ ဘုံဘုံ စမ်းချောင်းထဲမှ ကျောက်စလစ်ခဲဖြူဖြူလေးတွေကို ကောက်ပြီး ပြန်တက်လာသည်။

"ဟဲ့ ရေထဲ ဘာဆင်းလုပ်တာလဲ"

"ကျောက်စလစ်ခဲ ကောက်တာလေ"

"ဟင် ဘာလုပ်ဖို့လဲ"

"နင့်ကို လက်ဆောင်ပေးလိုက်ဖို့"

ပုပ္ပူး ခစ်ခနဲ ရယ်လိုက်ပြီး ဘုံဘုံ လှမ်းပေးသော ကျောက်စလစ်ဖြူဖြူလေးတွေကို လှမ်းယူလိုက်သည်။

"ငါက အဲဒီကျောက်စလစ်ဖြူဖြူလေးပေါ်မှာ နင့်ပုံနဲ့ငါ့ပုံလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဆွဲပေးချင်တာ၊ ဝါ့အိမ်မှာ ရေးစရာ ဆောပင်တောင် မရှိဘူး''

''အေးပါ နှင့်ကိုယ်စား ငါ ရေးလိုက်မယ်၊ ပြီးရင် ငါ သိမ်းထားမယ်''

ပုရုး ဘုံဘုံပေးသော ကျောက်စလစ်ခဲလေးတွေကို ဝတ်ထားသော ဂါဝန်အသစ်၏ ဘေးအိတ်ကပ်လေးထဲ ထည့်ထားလိုက်သည်။

ပုရုး၏ သစ်လွင်တောက်ပနေသော ပုံစံလေးကိုကြည့်ပြီး ဘုံဘုံ ကျေနပ်စွာ ပြုံးလိုက်သည်။

''ဘာပြုံးတာလဲ ဘုံဘုံ''

''နင်က တိုက်ကြီးပေါ်တောင် မသွားရသေးဘူး ခုကတည်းက သူဌေးသမီးပုံပေါက်နေလို့ပါဟာ''

ပုရုး မျက်ခုံးလေးနှစ်ဖက်ပင့်ကာ ပြုံးဖန့်ဖန့် အမူအရာလေးဖြင့် အိုက်တင်လုပ်ပြ၏။ ပြီးတော့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး အားရပါးရ ရယ်လိုက်ကြသည်။

သူတို့နှစ်ယောက်၏ရယ်သံလွင်လွင်လေးများသည် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေးထဲကရေနှင့်အတူ အနာဂတ်ကို စီးမျောသွားသည်။

■ ■ ■



## အခန်း (၁၀)

''ဘုံဘုံ မင်း ဘာဖြစ်နေတာလဲ၊ ဒီနေ့တစ်နေ့လုံး ငူငူငိုင်ငိုင်နဲ့''

အိပ်ရာထဲမှ လှမ်းမေးနေသော အဖေ့အမေးကြောင့် တဲရှေ့အတက်အဆင်း ဖိနပ်ချွတ်သည့်နေရာတွင် ထိုင်နေသော ဘုံဘုံ ဝေ့ဝဲနေသော မျက်ရည်စက်တွေနှင့် ဖအေဖြစ်သူကို ငဲ့ကြည့်လိုက်သည်။

''ပုရုးတို့ ပြောင်းသွားပြီ အဖေ''

''ဪ မင်း ဒါကြောင့် တမှိုင်မှိုင် တတွေတွေ ဖြစ်နေတာကိုး၊ လူဆိုတာ ဆုံဆည်းချိန်တန်ရင် ဆုံဆည်းရမယ်၊ ခွဲချိန်တန်ရင် ခွဲရမယ်၊ ဘယ်အရာမှ ပုံသေကားချပ်မရှိတာ ဘဝပဲ သားရဲ၊ မင်းတို့ ကံမကုန်သေး



www.burmeseclassic.com

www.burmeseclassic.com



ရင် ပြန်ဆုံကြဦးမှာပါကွာ၊ မင်းတို့အသက်က ခုမှ ကလေးဘဝပဲ ရှိသေးတာ''

ခပ်မောမောအသံဖြင့် နှစ်သိမ့်အားပေးရှာသော အဖေ့စကားအတိုင်း ကံမကုန်ပါစေနဲ့ဟု ကြိတ်ပြီး ဆုတောင်းလိုက်သည်။ ဒါမှ ပူစူးကို ပြန်တွေ့ရမှာလေ။

''အဟွတ် ဟွတ် ဟွတ် ဟွတ် အင်း''

ဘုံဘုံ ထိုင်ပြီး စိတ်လေနေ၍ မဖြစ်။ ထိုင်ရာမှထကာ အိမ်ပေါ်သို့ ပြန်တက်လိုက်ပြီး ထွေးခံယူလိုက်သည်။ ထို့နောက် အဖေ့ရှေ့မှာ ထိုးခံပေးလိုက်သည်။

''အဖေ ကျွန်တော် လမ်းထိပ်မှာ နွားနို့သွားဝယ်လိုက်ဦးမယ် သိလား''

''ပိုက်ဆံရော ရှိသေးရဲ့လား''

''အင်း ရှိတယ် အဖေ၊ သား မနက်က အလုပ်မရှိတာနဲ့ ပလုံလိုက်ကောက်ပြီးရောင်းတာ၊ သုံးရာရတယ်''

ဘုံဘုံ ပြောပြောဆိုဆိုဖြင့် ဝါးကြမ်းခင်းကို တကျွိကျွိ မြည်အောင် နင်းပြီး အိမ်ပေါ်မှ ပြေးဆင်းသွားသည်။

မှောင်ရီဖြိုးပြအလင်းရောင်လေးနှင့်အတူ နွားနို့ရောင်းသော





လက်ဖက်ရည်ဆိုင်ကလေးဆီသို့ ခပ်သွက်သွက် လှမ်းခဲ့၏။

ရုတ်တရက် လူပြတ်သော လမ်းကြားလေးထဲမှအဖြတ် တစ်စုံတစ်ခုကို ခလုတ်တိုက်လိုက်၏။

ဘုံဘုံ မသဲကွဲတော့သော အလင်းရောင်တွေကြားထဲမှ ခလုပ်တိုက်လိုက်မိသောအရာကို အသေအချာ ငုံ့ကြည့်လိုက်သည်။

''ဟင် သားရေအိတ်တစ်ပါလား''

ဘုံဘုံ နှုတ်မှ ခပ်တိုးတိုးရေရွတ်ရင်း အိတ်ကိုကောက်ယူလိုက်ပြီး ဖော်ဖွင့်ကြည့်လိုက်သည်။ ဘုံဘုံရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

''ဟာ ပိုက် ပိုက်ဆံတွေပါလား''

ဘုံဘုံ ဘေးဘီကိုဝေ့ကြည့်လိုက်ပြီး ထိုသားရေပိုက်ဆံအိတ်ကို ပိုက်ပြီး အိမ်ကို တစ်ချိုးတည်း ပြန်လှည့်ပြေးလေသည်။

''အဖေရေ အဖေရေ အဖေ''

ဘုံဘုံ အဖေဟု တကြော်ကြော် အော်ခေါ်ရင်း အိမ်ပေါ်သို့ ဒရွန်းသုန်းကား ခြေလှမ်းတွေဖြင့် ပြေးတက်လိုက်၏။

''ဘုံဘုံ ဘာဖြစ်လာတာလဲ''

ဖခင်၏အမေးကို ဘုံဘုံ ချက်ချင်းမဖြေနိုင်။ အိတ်ကြီးပိုက်လျက်နှင့် ထိုင်ချလိုက်သည်။ လူက မရပ်မနားပြေးလာရသဖြင့် အမောဖြေပင်



www.burmeseclassic.com

www.burmeseclassic.com



[illegible]

"အာ အဖေ သား သား ပိုက်ဆံအိတ် တစ်လုံးကောက်ရလာတယ်"

"ဘာ"

"ဟုတ်တယ် အဖေ၊ ရော့ ဒီမှာကြည့်"

တအံ့တဩဖြင့် ခေါင်းထောင်လာသော ဖအေလုပ်သူကို ဘုံဘုံ ကောက်ရလာသော ပိုက်ဆံအိတ်ကြီး အတင်းထိုးပေး၏။

ရန်အောင်စိုး သား လှမ်းပေးသော လယ်သာပိုက်ဆံအိတ်ကြီးကို လှမ်းယူကာ ဖစ်ဖွင့်ကြည့်လိုက်သည်။

"ဟာ ငွေတွေ မနည်းပါလား"

ပိုက်ဆံအိတ်ထဲတွင် ငါးထောင်တန်တွေက အထပ်လိုက်။

"ဟင် ဒီမှာလည်း ဘာဘူးလေးလဲ အဖေ"

ဘုံဘုံ အပြာရောင်ကတ္တီပါဘူးလေးကို နှိုက်ယူပြီး အဖေ့ကို လှမ်းပြလိုက်သည်။

ရန်အောင်စိုး ဘုံဘုံ လက်ထဲမှ ကတ္တီပါဘူးလေးကို လှမ်းယူ ဖွင့်ကြည့်လိုက်သည်။

"ဟာ ဒါ ဒါ စိန်တွေပဲ"





သားအဖနှစ်ယောက်စလုံး ဝမ်းသာရမလိုလို ထိတ်လန့်ရမလိုလို နှင့် မျက်ကလူးဆန်ပြာ ဖြစ်နေရ၏။

"ဒါ တစ်ယောက်ယောက် ကျခဲ့တာ ဖြစ်မယ် အဖေ"

"ဟုတ်လိမ့်မယ် အဖေတို့ ဒီအိတ်ထဲမှာ ပြန်ပေးလို့ရနိုင်မယ့် လိပ်စာကိုရှာပြီး ပိုင်ရှင်ကိုသွားပြန်ပေးကြရအောင် သား၊ သူတစ်ပါး စိတ်သောကရောက်ပြီးမှ အဖေတို့ ပိုင်ရမယ်ဆိုရင် ငတ်ပြီးသေသွားပါစေ၊ အဖေ ဒီပစ္စည်းတွေကို မယူချင်ဘူး"

"အင်း ဟုတ်တယ် အဖေ"

သားအဖနှစ်ယောက် လောဘကိုသိမ်း ရမ္မက်တွေထိန်းကာ ပိုက်ဆံအိတ်ထဲမှာ လိပ်စာရှာတွေ့လို တွေ့ငြား မွှေနှောက်ရှာလိုက်၏။

လိပ်စာကဒ်မပြောနှင့် နာမည်လေးတစ်လုံးသော်မျှ ရေးထားသော စာရွက်ပင် မတွေ့ရ။

"အဖေ ဘာမှလည်း ရှာမတွေ့ဘူး၊ သားတို့ ဘယ်ကိုသွားပြန်ပို့မလဲ"

"ပိုင်ရှင်လိပ်စာကို အစရှာမတွေ့ဘူးဆိုရင်တော့ ဒါဟာ အဖေတို့နဲ့ထိုက်လို့ ရတယ်လို့ပဲ သဘောထားပေါ့ သားရာ"

"ဒါဆို ဒီ ဒီပိုက်ဆံတွေနဲ့ အဖေ့ရောဂါကို ကုလို့ရပြီပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အဖေ အားရှိတဲ့အစားအစာတွေ အများကြီးစားလို့ရပြီပေါ့၊ ဟား ဟား သားတို့လည်း ပူစူးမတို့လို သူဌေးဖြစ်ပြီပေါ့နော် အဖေ''

''အင်း ဟုတ်တယ် သား၊ ဒါပေမဲ့ အဖေတို့ ဒီနေရာကနေ တခြားနေရာကို ပြောင်းကြမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဖေတို့ ခုလို မျိုး ချက်ချင်းချမ်းသာသွားရတဲ့အကြောင်းရင်းကို ဘယ်သူမှ မသိစေချင် လို့ပဲ''

''အင်း ဟုတ်တယ် အဖေ၊ သားကတော့ ဟိုအရုပ်ကလေးကို မြေကြီးထဲကတွေ့လို့ ခုလိုမျိုး ငွေတွေအများကြီး ကောက်ရတယ်လို့ထင်တယ်''

''အင်း ဟုတ်တယ် မဟုတ်တူးဆိုတာ ဘယ်သူမှအတပ်ပြောလို့ တော့မရဘူး၊ ဒါနဲ့ အဲဒီအရုပ်ကလေးရော''

''အဖေကလည်း ဟိုနေ့က သား ရေတိုင်ကီပေါ်မှာပြီး တင်နေ တုန်းက အဖေပဲ ဘုရားစင်ပေါ်ယူပြီး တင်ထားတယ် မဟုတ်လား''

''အဖေ မတင်ပါဘူး''

''ဟင် ဒါဆို ဘယ်သူတင်လဲ၊ သားလည်း မတင်ထားဘူး''

ရန်အောင်စိုး တွေဝေသွားသည်။ ထိုအရုပ်သည် သားအဖနှစ် ယောက်စလုံး ဘုရားစင်ပေါ် မတင်ဘဲနှင့် သူ့အလိုလို ရောက်နေသည်





မှာ ထူးတော့ ထူးဆန်းနေ၏။

ဒါဆို အဖေ မဆုံးခင်က ပြောသွားသော ဟသ်္သာရုပ်ကလေး၏ အစွမ်းသည် ထိုအရုပ်ကလေး၏အစွမ်းနှင့် တစ်ထပ်တည်း တူနေ၏။

ပျောက်ဆုံးသွားသည်မှာ နှစ်သုံးလေးဆယ်ခန့်ပင် ရှိပြီဟု သိခဲ့ ရသော ထိုအရုပ်ကလေးသည် ခုတော့ သူတို့သားအဖဆီသို့ ပြန်လည် ရောက်ရှိလာပေသည်။

''သား အဖေတို့ကို အဲဒီအရုပ်က ချမ်းသာခြင်းဆီကို ခေါ်သွား တော့မယ်''

ဘုံဘုံ ဖခင်၏စကားကြောင့် တဲပြုံးမတတ် ထခုန်လိုက်လေ သည်။

''ဝေး ဟေး ဟေး၊ ပူစူးတို့လို ငါတို့လည်း ချမ်းသာပြီကွ''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဆယ့်ငါးနှစ်ခန့်ကြာသော် . . . ။

ကမ္ဘာမြေ ရှေ့ကလပ်ပေါ် တင်ထားသော ကြေးရုပ်တုလေးကို မမိုတ်မသုန် စိုက်ကြည့်ပြီး ရင်ထဲက အပြင်းပျဆုံးဆန္ဒတစ်ခုကို တိတ်တဆိတ် ဖွင့်ဟတိုင်တည်လိုက်သည်။

ပုရှူးမကို အမြန်ဆုံးတွေ့ချင်ပါသည်။

ကမ္ဘာမြေဘဝတွင် အရာရာသည် အားလုံးပြည့်စုံ၍နေပါသည်။ ကမ္ဘာမြေအတွက် အရေးကြီးဆုံး အတောင့်တဆုံး လိုအပ်ချက်သည် ပုရှူးမနှင့် ဆုံတွေ့ဖို့ပဲ ဖြစ်သည်။

ဟိုးငယ်စဉ်ကလေးဘဝကတည်းက ပုရှူးမအပေါ် ထားခဲ့သည့်

မိုးမိုးစာပေ



သောဇော်ကြီးသည် ခုချိန်ထိ ခိုင်ခံ့တုံး။ သူငယ်ချင်းနှစ်ယောက် ခွဲခွာခဲ့ကြသည့် အချိန်ကာလတွေသည် ဆယ်စုနှစ်ထက်မက ကြာမြင့်ခဲ့ပေမယ့် ကမ္ဘာမြေ အာရုံထဲတွင် ပုရှူးမ၏ပုံရိပ်ကလေးသည် အမြဲတမ်း သက်ဝင်လှုပ်ရှားနေဆဲ။

ခုချိန်ဆို ပုရှူးမလည်း ကမ္ဘာမြေလို အရွယ်ရောက်နေပြီး ပုရှူးမအနော ကမ္ဘာမြေဆိုတဲ့ ဘုံဘုံကို သတိရမှုရသေးရဲ့လား။

ခုနေ နှစ်ယောက်သား တစ်နေရာမှာ ဆုံခဲ့မည်ဆိုလျှင်တောင် ကမ္ဘာမြေ ပုရှူးမကို မမှတ်မိနိုင်သလို ပုရှူးမကလည်း ကမ္ဘာမြေကို ဘုံဘုံဆိုတာ သိမှာမဟုတ်။

တွေးရင်းဖြင့်ပင် မျှော်လင့်ချက်တွေက တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ဝေဝါးလာသည်။

"သား ကမ္ဘာ"

ကမ္ဘာမြေ အတွေးတို့ဖြင့် တိုင်တည်သစ္စာဆိုတုံး ဦးရန်အောင်စိုးသည် အခန်းထဲ ဝင်လာ၍ ကြေးရုပ်တုလေးရှေ့မှာ ဒူးထောက်ထိုင်နေရာမှ ဆရပ်လိုက်သည်။

"မင်း ဟိုဆုကို ခုချိန်ထိ တောင်းနေတုံးပဲလား"

"ဟုတ်တယ် ဖေဖေ၊ ဒီဟာသာရုပ်လေးက သားတို့လိုချင်တာ

မိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှကိုပေးပြီး ပုရှူးမနဲ့ကျတော့ ဘာလို့ မဆုံပေးသေးတာလဲ မသိဘူး"

အရွယ်ရောက်ပြီးသားဖြစ်ပေမယ့် ပုရှူးမနှုတ်ယတ်သက်လာလျှင် ကလေးဆန်နေဆဲ သားဖြစ်သူကို ဦးရန်အောင်စိုး ခပ်ပြုံးပြုံး ကြည့်လိုက်ပြီး

"သိပ်လည်း ဆန္ဒတွေ မစောပါနဲ့ဦး သားရယ်၊ သားတို့နှစ်ယောက်ကို ပေးတွေ့ဖို့ အချိန်မတန်သေးလို့နေမှာပေါ့"

"အဲဒီအချိန်တန်မယ့်အချိန်ဆိုတာက ခုထိ မလာသေးဘူးလား မသိဘူးဗျာ၊ သူ လောကကြီးထဲမှာရှိရော ရှိပါတော့မလား"

ကမ္ဘာမြေ မတွေးကောင်းတာတွေ တွေးမိနေ၍ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးဒေါသထွက်နေရ၏။

"ပုရှူးက ဘာလို့ လူ့လောကထဲက အစောကြီးထွက်သွားရမှာလဲ၊ ကမ္ဘာနဲ့မဆုံနိုင်သေးဘူးဆိုတာ ပုရှူး မြန်မာပြည်မှာမရှိဘဲ နိုင်ငံခြားရောက်နေလို့ပေါ့"

ပုရှူးနှင့် လမ်းခွဲကာစက ကမ္ဘာမြေကို ပြောခဲ့ဖူးသည်။ သူတို့သားအမိ နိုင်ငံခြားကို အလည်သွားရဦးမည်ဆိုတာ။ ဦးသက်တင်ကြီးက ဒီလောက်ချမ်းသာနေတာပဲလေ။ ဒါ့အပြင် ဒေါ်နှင်းခကိုလည်း ချစ်တော့ သားအမိနှစ်ယောက်စလုံးကို နိုင်ငံခြားမှာခေါ်ပြီး မိသားစုလိုက်နေနေသည်

မိုးမိုး ၁၇၆ပ



သော၊ ဖြစ်နိုင်ခြေရှိတာကို တွေးပြီး ကိုယ့်ကိုယ်ကိုယ် ကြိုးစားဖြေသိမ့်ရတော့မှာပင်။ ကံမကုန်သေးလျှင်တော့ ပြန်ဆုံကြရမှာပဲဟု ကမ္ဘာမြေ မျှော်လင့်မိပြန်သေးသည်။

"သား အဖေတို့ အလုပ်ကိစ္စ ပြောကြရအောင်"

"ဟုတ်ကဲ့ ဖေဖေ"

ဦးရန်အောင်စိုး ဘုရားခန်းထဲမှထွက်ပြီး အိမ်ရှေ့ဧည့်ခန်းဆီသို့ ထွက်လာခဲ့လိုက်၏။ ကမ္ဘာမြေ ပုရှူးကို သတိရသောစိတ်ကို ချိုးနှိမ်ကာ အင်နောက်သို့ လိုက်လာခဲ့လိုက်၏။

ကမ္ဘာမြေ ဖခင်၏ရှေ့ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"စောစောက မောင်မျိုးသက်ဆွေ ဖုန်းဆက်တယ် သား၊ သူ့ဘက်မှာ လုပ်ငန်းတူအကျိုးစီးပွား ပူးတွဲပါဝင်ချင်တဲ့ ရှယ်ယာရှင်တစ်ဦး ရှိတယ်တဲ့၊ ဒီတော့ သားအနေနဲ့ မိုဘိုင်းဆိုင်တစ်ဆိုင် ထပ်ဖွင့်ဖို့ အစီအစဉ်ရှိသေးတယ်ဆိုရင် မောင်မျိုးသက်ဆွေရဲ့ ကမ်းလှမ်းချက်ကို လက်ခံသင့်တယ် သား"

"ဒယ်ဒီ ကောင်းသလို စီစဉ်ပါ၊ ကျွန်တော်လည်း မိုဘိုင်းဈေးကွက်မှာရှိတဲ့ ရှယ်ယာမှန်သမျှကို ကျွန်တော်တို့နဲ့ အကျိုးတူပူးပေါင်းစေချင်နေတာပဲ၊ အရှင်းဆုံးပြောရရင် မြန်မာပြည်ကို ဝင်လာမယ့် ဟန်းဆက်

မိုးမိုး ၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှကို ကျွန်တော်ပဲ ထိန်းချုပ်ထားချင်တယ်''

''ဒါဆို သား လက်ခံလိုက်ပြီလို့ အတည်ပြုချက် ယူလိုက်ရတော့မလား သား၊ သူတို့ကလည်း သားရဲ့ဆုံးဖြတ်ချက်ကို စောင့်နေကြတာ၊ သားဘက်က ခေါင်းညိတ်ပြီဆိုတာနဲ့ သူတို့ ထည့်သွင်းမယ့် ရှယ်ယာပမာဏကို ဘဏ်ကနေ လွှဲပေးကြလိမ့်မယ်''

''ဖေဖေ ကောင်းသလို စီစဉ်ပါ၊ အဓိကက သားတို့ကုမ္ပဏီက ဖြန့်တဲ့ ဟန်းဆက်တွေကို ကာစတန်မာတွေ သဘောကျနှစ်သက်ပြီး အသုံးများလာဖို့ပဲ မဟုတ်လား''

''အင်းလေ ဒါဆို မောင်မျိုးသက်ဆွေကို ရှယ်ယာမန်ဘာဝင်ဖို့ သဘောတူလက်ခံကြောင်း အကြောင်းပြန်လိုက်မယ်နော် သား''

''ဟုတ်ကဲ့ ဖေဖေ''

''ဪ ဒါနဲ့ သား၊ ဒေါ်စိန်က ဒီလကုန် ရွာပြန်တော့မယ်လို့ ပြောတယ်၊ ဖေဖေတို့ နောက်ထပ် အိမ်အကူတစ်ယောက် ကြိုရှာထားမှရမယ်နော်''

''ဒေါ်စိန်က ရွာကိုတာလို့ပြန်မှာလဲ ဖေဖေ၊ ခဏပြန်တာဆိုရင်တော့ နောက်ထပ် အိမ်အကူ ထပ်မရှာတော့ဘူးလေ''

''မဟုတ်ဘူး သား၊ အပြီးပြန်မှာ၊ ခုတလော ဒေါ်စိန် ကျန်းမာရေးကောင်းပုံမပေါ်ဘူး၊ အင်းလေ သူလည်း အသက်ကြီးပြီဆိုတော့ သူ့ဇာတိမြေမှာ သူ့မိသားစုနဲ့အတူ သူပြန်နေချင်ရှာမှာပေါ့''

ဖခင်၏စကားကို ကမ္ဘာမြေ ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ဒေါ်စိန့်အတွက် တစ်ခုခု စီစဉ်ပေးရန် အပြေးအလွှား စဉ်းစားလိုက်သည်။

မရှိဆင်းရဲသားတွေအဖို့ အဓိက မရှိမဖြစ် လိုအပ်တာ ငွေပဲ ဟုတ်လား။။

■ ■ ■





မိုးမိုး(အင်းလျား)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဘာကို ကြိုက်တတ်သလဲဆိုတာ ဒေါ်စိန်က ကောင်းကောင်းကြီး နားလည်တဲ့သူဆိုတော့ ဒေါ်စိန်ကပဲ နောက်ရောက်မယ့် အိမ်အကူကို သွတ်ကြားချက်ပေးပါ''

''စိတ်ချပါ လူလေးရယ်၊ ကြီးစိန် အားလုံးသင်ကြားပေးပြီးမှ ရွာကို ပြန်မှာပါကွယ်၊ ကြီးစိန်ကလေ ဖြစ်နိုင်ရင် ဒီမှာပဲဆက်နေပြီး လူလေးတို့သားအဖ ဝေယျာဝစ္စတွေကို ဂရုတစိုက် လုပ်ပေးချင်တာပါကွယ်၊ ဒါပေမဲ့ ကြီးစိန်ရဲ့ ကျန်းမာရေးက တစ်နေ့တခြား ဆုတ်ယုတ်လာတော့ လူလေးတို့အပေါ်မှာ ဝန်မပိစေချင်ဘူး၊ ဒါကြောင့် ရွာက သားသမီးတွေဆီ ပြန်ရတာပေါ့ကွယ်''

''ရပါတယ် ကြီးစိန်၊ ကျွန်တော်တို့ ကြီးစိန်အပေါ်မှာ ဘယ်လိုမှ မမြင်ပါဘူး။ ခု ကျွန်တော်တို့ ပေးလိုက်တဲ့ငွေဆယ်သိန်းနဲ့ ကြီးစိန် ဆောင်ကို ပျောက်အောင်ကု၊ လိုအပ်ရင်လည်း လှမ်းပြီးအကူအညီတောင်းပါ''

''ကျေးဇူးကြီးလှပါတယ် လူလေးရယ်''

■ ■ ■



အခန်း (၁၂)

ဒေါ်စိန် သူ့ရှေ့မှာမြင်နေရသော ငွေထပ်ကိုကြည့်ပြီး မယုံကြည်နိုင်လောက်အောင် အံ့သြမင်တက်၍နေ၏။

ဘဝမှာ ဒီလိုများပြားတဲ့ငွေမျိုး ကိုင်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့။

''မအံ့သြပါနဲ့ ဒေါ်စိန်၊ ဒီငွေကိုယူပြီး ဒေါ်စိန် ရွာမှာကျန်နေသေးတဲ့ ဘဝအစိတ်အပိုင်းကို ကျေပ်ဖြတ်ပါ၊ အဲ တစ်ခုတော့ရှိတယ်၊ ဒီအိမ်ကို နောက်ထပ်အိမ်အကူမရောက်မချင်း ဒေါ်စိန် ရွာကိုမပြန်ပါနဲ့ဦး ကျွန်တော်တို့သားအဖနှစ်ယောက်ရဲ့ စားရေးသောက်ရေး အစီအစဉ်

www.burmeseclassic.com

## အခန်း (၁၃)

ရှုံးခန်းထဲသို့ စတိုင်ကျလွန်းသော ခြေလှမ်းတွေဖြင့် ကမ္ဘာမြေ လှမ်းဝင်လာသည်။

"ကမ္ဘာ နောက်ကျလိုက်တာကွာ၊ နန်းဆန် ကမ္ဘာကို မနက်ကိုးနာရီကတည်းက ထိုင်စောင့်နေတာ"

ကြည်လင်ချိုရှသော နန်းဆန်၏စူပွပွ စကားကြောင့် ကမ္ဘာ စားပွဲမှာဝင်မထိုင်သေးဘဲ နန်းဆန် ထိုင်နေသော ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သည်။

"ဆောရီးပဲကွာ၊ ကိုယ် မနက်က မစ္စတာ ဟာနန်ဒို ဝယ်မယ့် မြေကွက်ကို လိုက်ပြီးအကဲဖြတ်ပေးဖို့ အကူအညီတောင်းတာနဲ့ အဲဒီကို





အရောက်သွားနေရလို့ပါ"

"အိုကေလား အဲဒီ မစ္စတာ ဟာနန်ဒိုက အရမ်းစေ့စပ်သေချာလွန်းတယ်၊ တော်ရုံတန်ရုံ မြေနေရာလောက်ဆိုရင် သူ စိတ်ဝင်စားလောက်မှာ မဟုတ်ဘူး"

"ဟုတ်တယ် ခုဟာက ဟိုတယ်ဆောက်ဖို့အတွက် မြေနေရာ အကျယ်အဝန်းရော၊ လမ်းပန်းဆက်သွယ်ရေးအချက်အချာကျတာရော၊ သူ့အကြိုက်ဖြစ်နေတော့ ဈေးနှုံက်လို့ရပြီဆိုတာနဲ့ သူ့ဘက်က ငွေ အကြေချေတော့မှာ"

"ဒါဆို ကမ္ဘာကရော အဲဒီပွဲအတွက် အကျိုးခံစားခွင့် ဘာရှိလဲ"

အရာရာကို ငွေနှင့်သာ ပိုင်းဖြတ်တတ်သော နန်းဆန်၏အမေးကြောင့် ကမ္ဘာမြေ ဟက်ခနဲ တစ်ချက်ရယ်ကာ ဆိုဖာနောက်မှီကျောကို ခြေပစ်လက်ပစ် မှီချလိုက်သည်။

"ဘာရယ်တာလဲ"

"ဩော် နန်းဆန်က စီးပွားရေးလာဘ်မြင်လွန်းအားကြီးလို့ပါ၊ ကိုယ်တို့လုပ်ငန်းပါတနာတွေကျတော့ သူ့အကျိုး ကိုယ့်အကျိုး မျှော်ကိုးလို့မရဘူးလေ"

"အင်းပါ ထားပါတော့၊ အခု သူများကိစ္စ အရေးမကြီးဘူး၊

www.burmeseclassic.com



နန်းဆန်တို့ကိစ္စကို ပြောကြတာပေါ့''

ကမ္ဘာမြေ နန်းဆန်ကို ငဲ့ကြည့်လိုက်သည်။

''နန်းဆန်တို့ ဘယ်တော့ လက်ထပ်ကြမှာလဲလို့ အိမ်က မေးနေကြပြီ ကမ္ဘာ''

''ကိုယ့်လုပ်ငန်းတွေ ထပ်ပြီး တိုးချဲ့ဖို့ရှိတယ်၊ နေပြည်တော်နဲ့တောင်ကြီးဘက်မှာ အရောင်းဆိုင်ခွဲတွေ ထပ်ဖွင့်မယ်၊ ပြီးရင် ကိုယ်တို့လက်ထပ်ဖို့ကိစ္စတွေကို စီစဉ်ကြတာပေါ့''

ခပ်အေးအေး ပြောနေသော ကမ္ဘာမြေကိုကြည့်ပြီး နန်းဆန်သိပ်ပြီး စိတ်ထဲမှာမတွေ့။ နန်းဆန်နှင့်ချစ်သူဖြစ်လာသည့်တစ်လျှောက်လုံး ကမ္ဘာမြေထံမှ အူလှိုက်သည်းလှိုက် ကြင်နာမှုမျိုး မရရှိခဲ့။

ခုလည်း လက်ထပ်ဖို့ကို မိန်းကလေးဘက်က စပြီး တောင်းဆိုနေရခြင်းက ဘယ်လောက်သိက္ခာမဲ့လိုက်သလဲ။

အမှန်ဆို နန်းဆန်လို မိန်းကလေးမျိုးကို ကမ္ဘာ ဘက်ကသာ အသည်းအသန် လက်ထပ်ခွင့်တောင်းရမှာ မဟုတ်လား။

နန်းဆန် ရင်ထဲမှာ မနှစ်မြို့ခြင်းတွေနှင့်အတူ နှုတ်ခမ်းစူလိုက်ပြီး

''ကမ္ဘာ နန်းဆန်ကို ချစ်တာရော ဟုတ်ရဲ့လားဟင်၊ ကမ္ဘာ





ပုံက နန်းဆန်အပေါ် ဆက်ဆံတာ ချစ်သူတစ်ယောက်ကို ဆက်ဆံတာနဲ့မတူဘူး၊ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ကို ဆက်ဆံတာနဲ့ တူနေတယ်၊ အဲဒါ နန်းဆန်ကို မချစ်လို့ပေါ့''

ကလေးတစ်ယောက်လို မကျေမနပ် ရေရွတ်နေသော နန်းဆန်၏မျက်နှာဝိုင်းစက်စက်ကလေးကိုကြည့်ပြီး ကမ္ဘာမြေ ရင်ထဲမှာ အားနာစိတ်ကလေး ဖြစ်မိရုံမှအပ ဘယ်လိုတုံ့ပြန်သော စကားမှ မဆိုဖြစ်။

အမှန်ဆို နန်းဆန်ကို ကမ္ဘာမြေ ချစ်ခဲ့တာမှ မဟုတ်တာ။ နန်းဆန်အဖေက ကမ္ဘာမြေနှင့် လုပ်ငန်းပါတနာတွေ ဖြစ်နေတော့ သူ့သမီး နန်းဆန်ကို မောင်ကမ္ဘာမြေနှင့် နေရာချထားပေးချင်ပါတယ်ဟု သမီးရှင်ဘက်က စတင်တောင်းဆိုလာလို့သာ ကမ္ဘာမြေ ငြင်းရခက်စွာ ခေါင်းညိတ်လက်ခံလိုက်ရခြင်း ဖြစ်သည်။

အမှန်ဆို ကမ္ဘာရင်ထဲမှာ တစ်စုံတစ်ယောက်သောသူက ဟိုးအရင်ကတည်းက ရှိပြီးသား။ ထိုမိန်းကလေးမှာ ပူစူးကလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။

ကမ္ဘာစိတ်ထဲမှာ ငယ်စဉ်ကတည်းက ခွဲခွာခဲ့ရသော ပူစူးကို ပြန်တွေ့ချင်စိတ်တွေသာ ကြီးစိုးနေခြင်း ဖြစ်သည်။

''ကမ္ဘာ ဘာတွေ တွေးနေတာလဲ၊ နန်းဆန်ကို ပြော၊ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာစကားလုံးမှ မရှိတော့ဘူးလား''

"မဟုတ်ပါဘူး နှင်းဆီရယ်၊ ခုတလော ကိုယ် အလုပ်တွေများ ပြီး နှင်းဆီအပေါ် သိပ်ပြီးတာဝန်မကျေသလို ဖြစ်နေတယ်ဆိုတာ ကိုယ် သိပါတယ်၊ ကိုယ့်ကို နားလည်ပေးပါလို့ နှင်းဆီကို အနူးအညွတ် တောင်းပန်ချင်တယ်''

နှင်းဆီ ကမ္ဘာ၏တောင်းပန်တိုးလျှိုးခြင်းတွေကို မဲ့ပြုံးလေး တုံ့ပြန်လိုက်သည်။ ထိုမဲ့ပြုံးကို ကမ္ဘာ မြင်ပေမယ့် တမင်ပင် မမြင်ဟန် ဟန်ဆောင်ထားလိုက်သည်။

''ဒါဆို ကမ္ဘာ နှင်းဆီကို ချစ်သေးတယ်ပေါ့''

ဖွတ်အတင်း မေးနေသော နှင်းဆီ၏အမေးကြောင့် ကမ္ဘာ လိုက်လျော အားနာခြင်းတွေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

''ဒါနဲ့များ ကမ္ဘာရယ်၊ လက်ထပ်ဖို့ကိစ္စကို တွေဝေနေရတာ လို့၊ စိတ်ချ လက်ထပ်ပြီးရင်လေ ကမ္ဘာ့ရဲ့လုပ်ငန်းတွေကို နှင်းဆီ ကူညီမှာပါ''

''ကျေးဇူးပဲ နှင်းဆီ၊ ကိုယ့်ဘဝရဲ့ အဖော်မွန်ကောင်း ဟော့ဒီက နှင်းဆီလေးကလွဲပြီး ဘယ်သူဖြစ်နိုင်မှာလဲ''

နှင်းဆီ ကမ္ဘာ့စကားကြောင့် မျက်နှာလေး ပြန်ကြည်သွား





ကမ္ဘာ့ပခုံးပေါ် မေးတင်ပြီး နှစ်လိုစွာ ပြုံးလိုက်သည်။

ငြင်းဆန်စရာမရှိအောင် အရာရာကို ပြည့်စုံလွန်းသော နှင်းဆီလို မိန်းမလှလေးကို ကမ္ဘာမြေ လက်ထပ်ဖို့ ရည်ရွယ်ထားပါ၏။

ထိုရည်ရွယ်ချက်သည် ပုရုးကို မတွေ့မချင်း တည်ရှိနေမှာ အသေအချာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ခမ်းနားကြီးကျယ်ခြင်းတွေနဲ့ ထည်ဝါခြင်းတွေက တသီးတခြားဖြင့် သီးသန့်ကလေး ငြိမ်သက်တိတ်ဆိတ်နေကြသည့် ခေတ်မီလှပသော အိမ်ကြီးထဲ လှမ်းဝင်လိုက်သည်နှင့် မြယာ၏စိတ်အစဉ်သည် အလိုလို သေးနုတ်သိမ်ငယ်သွား၏။

ဒီလို အိမ်ကြီးမျိုးမှာ မေမြယာဆိုသော သူမ အိမ်အကူအလုပ်ကို လုပ်ရမည်တဲ့လား။

"ကလေးမ ရောက်ပြီလားကွယ့်"

ကြီးစိန်၏အသံကြောင့် မေမြယာ အသံလာရာဆီသို့ လှည့်ကြည့်လိုက်၏။ အသားညိုညို ခပ်ဝဝ အမျိုးသမီးကြီး မေမြယာအနားသို့ တလှုပ်လှုပ် လျှောက်လာ၏။





"ဟုတ်ကဲ့ ရောက်ပါပြီရှင်"

"အေး အေး ထိုင်ကွယ်၊ ထိုင် ရွှေဒွေးရေ ရေအေးအေးလေး ခွက် ယူခဲ့စမ်း၊ ဒီမှာ နေပူထဲကလာတဲ့သူ သောက်ရအောင်"

ကြီးကြီးစိန် အိမ်အတွင်းခန်းဘက်ကို လှမ်းပြောလိုက်သည်။

နေပူထဲမှလာ၍ အာခေါင်ခြောက်နေသော မေမြယာ ရေအေး ဆိုသော အသံကြားမှပင် ရေဆာနေမှန်း ကိုယ့်ကိုယ်ကိုယ် သတိထား

"သမီးအရင်က တခြားအိမ်တွေမှာရော အိမ်အကူလုပ်ဖူးလား ွယ်"

အိမ်အကူ ဟူသောအလုပ်နှင့်မတန်အောင် ပြေပြစ်လှပနေ ာ မေမြယာကို ကြီးစိန် ခြေဆုံးခေါင်းဆုံး လှေလာအကဲခတ်လိုက်ပြီး ာ်ပြင်းဖျော့ကို ချလိုက်သည်။

ကောင်မလေးက လှနေတော့ ကမ္ဘာမြေနဲ့ ဦးရန်အောင်စိုး ်ပါ့မလား။ ကိုယ့်သဘောနဲ့ကိုယ် လက်ခံလို့ကလည်း မဖြစ်နိုင်။

"ဟင့်အင်း မလုပ်ဖူးပါဘူး ကြီးကြီး"

"ဒါဆို ဘာလုပ်ခဲ့ဖူးလဲ"

"စတိုင်းဆိုင်တွေမှာ အရောင်းစာရေးမ လုပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာဖြစ်လို့ အဲဒီမှာ ဆက်မလုပ်တာလဲ"

"အဲဒီမှာ ရတဲ့လစာနဲ့ မြယာရဲ့အသုံးစရိတ် မညီမျှလို့ပါ"

"မိဘရော ရှိလား"

"ဟုတ် ရှိပါတယ်၊ အမေရယ်၊ ပထွေးရယ်ပါ"

"အမေကရော ဒီမှာလုပ်ဖို့ ကြည်ဖြူရဲ့လား"

"မကြည်ဖြူလည်း ကြည်ဖြူရမယ့် အခြေအနေမို့လို့ အမေ ဘာမှမပြောပါဘူး"

ကြီးကြီးစိန် သဘောပေါက်သွားသဖြင့် ဘာမှဆက်မမေးတော့ ဒွေးဒွေးဆိုသော အိမ်အကူကောင်မလေး ဖန်ခွက်ရှည်ရှည် ကြည်ကြည် လေးနှင့် ရေထည့်လာပြီး မေမြယာကို ပြုံးပြပြီး လှမ်းပေး၏။

မေမြယာလည်း ပြန်လည်ပြုံးပြပြီး ရေဖန်ခွက်ကို ယူ ရေကို တစ်ငုံ ငုံလိုက်၏။ ရေခဲရေအေးအေးသည် လည်ချောင်းထဲ လျှောက် အေးခနဲ ဆင်းသက်သွား၏။

ထိုစဉ် အိမ်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာပြီး ကားပေါ် ချောမောတည်ကြည်သော မြယာတို့နှင့် ရွယ်တူလောက်ရှိမည့် ယောကျ်ား တစ်ယောက် အတက်ချိုကေ့စ်ကိုင်ပြီး ဆင်းလာသည်။

အိမ်ကြီးထဲ လှမ်းဝင်လာသော သူ့မျက်လုံးတွေက မြယာဆီ





ခနဲ အကြည့်ရောက်လာသည်။ မေမြယာ သေးနုပ်သော ကိုယ့်ကိုယ် ကိုယ် စိတ်မလုံစွာဖြင့် မျက်လွှာကို အောက်သို့ငုံ့ချလိုက်သည်။

"ကြီးစိန် သူက ဘယ်သူလဲ"

"ကြီးစိန်နေရာမှာဝင်မယ့် အိမ်အကူပါ လူလေး"

"ဪ"

ကမ္ဘာ အိမ်အကူလုပ်မည့် ကောင်မလေးကို အကဲခတ်သလို ကြည့်လိုက်သည်။ အသားအရေ ဖြူစင်ဝင်းပပြီး အပြစ်ကင်းစင်စွာ လွန်းသော ရိုးရှင်းသည့် ပုံစံလေးက အိမ်အကူအလုပ်နှင့် လုံးဝ ပေစပ်။ ဒီမိန်းကလေး လုပ်ရောလုပ်နိုင်ပါ့မလား။

"ကြီးစိန် သေသေချာချာလည်း မေးကြည့်ပါဦး၊ အလုပ်ပြင်ဆိုင်မှာ လုပ်လာလျှောက်တာနဲ့ မှားနေဦးမယ်"

ကမ္ဘာ့စကားကြောင့် မြယာ မျက်နှာလေး ဆတ်ခနဲ မော့လာပြီး

"ဟင့်အင်း မမှားပါဘူးရှင်၊ မြယာ လာလျှောက်တာ အိမ်အကူ

ပျာပျာသလဲ ရှင်းပြရှာသော မြယာ၏ သနားစရာကောင်းသော အရာကြောင့် ကမ္ဘာ အားနာသလိုလိုတောင် ဖြစ်သွားမိ၏။

"ဆောရီး မင်းပုံစံက အိမ်အကူလုပ်မယ့် ရုပ်ရည်မျိုးမဟုတ်လို့



www.burmeseclassic.com

www.burmeseclassic.com



သေချာအောင် မေးလိုက်တာပါ"

"သေချာပါတယ် သူဌေး၊ မြယာ အိမ်အကူလုပ်မှာပါ"

"မင်းအနေနဲ့ အိမ်ကြီးတစ်အိမ်လုံးရဲ့ အိမ်မှုကိစ္စတွေကို ဒီအိမ် မှာရှိတဲ့ ကောင်မလေးတွေကို စီမံခန့်ခွဲပေးရမယ်၊ အိမ်မှုကိစ္စနဲ့ပတ်သတ် ပြီး အပြစ်ပြောစရာ မြူတစ်မှုန်စာတောင် ရှိမနေအောင် အစွမ်းကု ပြင်ဆင်ရမယ်၊ မင်းဘက်က လိုအပ်ချက်လုံးဝမရှိအောင် တာဝန်ကျေ လစာ ငါးသောင်းကနေစပေးမယ် ကျေနပ်လား"

"ဟုတ်ကဲ့ ကျေနပ်ပါတယ်"

"ကဲ ဒေါ်စိန်၊ သူ့ကိုဒေါ်စိန့်အခန်းမှာ နေရာချပေးလိုက်"

"ဟို ဒီ ဒီမှာ သူဌေး"

မရဲတရဲ ခေါ်လိုက်သော မြယာ၏ခပ်တိုးတိုး ခေါ်သံကြော ထိုင်ရာမှ ထပြန်ပြင်လိုက်သော ကမ္ဘာ မြယာကို ကြည့်လိုက်သည်

"ဟိုလေ မြယာ မနက်ဖြန်မှ အလုပ်စဝင်လို့ရမလားရှင်၊ မြ အမေ့ကို အလုပ်ရပြီဆိုတဲ့အကြောင်း ပြန်ပြောချင်လို့ပါ၊ နောက် တစ်လက်စတည်း ဝါစ်လတစ်ခါ မြယာ အမေ့ဆီ ပြန်ပြီး လစာပေ စေ"

မြယာ ဝါစ်လက်စတည်း အိမ်ကို တစ်လတစ်ခါ ပြန်ခွင့်





တာကိုပါ တစ်ခါတည်း ခွင့်တောင်းလိုက်သည်။

ကမ္ဘာ ခပ်တွေတွေလေး စဉ်းစားလိုက်ပြီး

"အင်းလေ မင်းက ရန်ကုန်ကလူဆိုတော့လည်း အိမ်ကို တစ်လ တစ်ခါ ပြန်ချင်မှာပေါ့၊ ရပါတယ်၊ ပြန်ပေါ့"

ကမ္ဘာ ထိုမျှသာပြောပြီး အတက်ချီကော့စ်ကိုယူကာ သူ့အခန်း ဆီသို့ လှမ်းဝင်သွား၏။

မြယာစိတ်ထဲမှာ ငယ်ရွယ်ပြီး သဘောကောင်းသော သူဌေး လေးကိုကြည့်ပြီး ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ကျေးဇူးတွေ တင်နေမိ၏။

အမေသိလျှင်လည်း မြယာအတွက် လုံခြုံမှုရှိသော ကျောတစ် နေရာစာရပြီဆိုပြီး ဝမ်းသာနေမှာ သေချာ၏။

"ကလေးမ ဒီမှာ လုပ်ဖို့အတွက် အဆင်ပြေတယ်မဟုတ်လား"

ဒေါ်စိန် စိတ်မချ၍ ထပ်မေး၏။ ဒီနေ့ အလုပ်စမဝင်ဘဲ မနက် ဖြန်မှ ဝင်မည်ဆိုတော့ ဒေါ်စိန်အဖို့ မြယာ ဒီအိမ်ကြီးကို ပြန်မလာတော့ မှာကို စိတ်တထင့်ထင့်နှင့် စိုးရိမ်နေပုံရ၏။

"မြယာ ပြန်လာမှာပါ ကြီးကြီးရယ်၊ ဒီအလုပ်က မြယာအတွက် အရမ်းအဆင်ပြေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တခြားအလုပ်ဆိုရင် မြယာ



www.burmeseclassic.com

www.burmeseclassic.com



နားခိုဖို့နေရာ မလွယ်ဘူးလေ၊ ခုလည်း အမေ စိတ်ပူမှာစိုးလို့ ပြန်ပြောမှာပါ''

ဒီတော့မှ ကြီးစိန် စိတ်ချလက်ချ ပြုံးနိုင်တော့၏။ ကမ္ဘာလေးမြယာကို ကောင်းကောင်းမွန်မွန် လက်ခံတာကိုလည်း ကြီးစိန် ကျေနပ်နေမိသည်။

ရိုးသားပုံရသော မြယာလေး ကမ္ဘာတို့သားအဖအပေါ်မှာ ကြီးစိန်လိုပဲ တာဝန်ကျေပါစေဟု ဆုတောင်းရမှာပင်။

■ ■ ■



## အခန်း (၁၅)

''သမီး အဆင်ပြေခဲ့လား''

အိမ်ကလေးပေါ် တက်တက်ချင်း လှမ်းမေးလိုက်သော အမေ့အမေးကြောင့် မြယာ အမေ့နားသို့သွားပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

''ဟုတ် ပြေခဲ့တယ် အမေ''

အဆင်ပြေခဲ့သည်ဆိုပေမယ့်လည်း ဒေါ်နှင်းခ မပျော်နိုင်ပါ။ သမီးလေးကို ခုလိုမျိုး သူများအိမ်မှာ ကျွန်ခံရမည့်ဘဝမျိုးနှင့် မထားချင်။ သို့သော် အခြေအနေအရ သမီးကို သူနှင့်အတူ ခေါ်ထား၍မရ။

ဒေါ်နှင်းခ ယူထားသော ယောကျ်ား ဦးကျော်စိန်မှာ မူးလာလျှင် မြယာလေးကို ထိကပါးရိကပါး လုပ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအား ပတွေးရန်မှလွတ်ရန် တစ်နေရာရာကို ပို့ထားမှသာ ဒေါ်နှင်းခ စိတ်အေးရမှာ။ သေလျှင်တောင် အသေဖြောင့်မှာ။

"အိမ်ရှင်တွေက သဘောကောင်းရဲ့လား သမီး"

"ဟုတ် ကောင်းပါတယ် အမေ၊ သူတို့က သမီးကို အလုပ်များပြီး လာလျှောက်တယ်ထင်နေတာ အမေရ"

ရယ်သံနှောသော အသံလေးဖြင့်ပြောနေသော သမီးလေးကို ကြည့်ပြီး ဒေါ်နှင်းခ ရင်ထဲမချမ်းမြေ့။

"အင်းလေ သမီးရုပ်သမီးရည်နဲ့ ခုလို အိမ်ဖော်လိုအလုပ်မျိုးနဲ့မှ မလိုက်ဖက်တာပဲ၊ ဒါကြောင့် သမီးကိုမေးတာဖြစ်မှာပေါ့ သမီးရယ်"

"ကဲ အမေ သမီး မနက်ဖြန် ယူသွားရမယ့်ပစ္စည်းပစ္စယတွေကို စုလိုက်ဦးမယ်"

"အေး အေး သမီး"

မြယာ ဒေါ်နှင်းခရှေ့မှထလာပြီး အခန်းထဲ ဝင်ခဲ့လိုက်သည်။ အခန်းထဲရောက်သည်နှင့် လိုအပ်သော အဝတ်အစားတွေကို လက်ဆွဲသေတ္တာလေးထဲ ထည့်လိုက်သည်။ ပြီးနောက် မြယာ အိပ်သော ခေါင်းရင်းဘက်တွင် ဖန်ဘူးလေးဖြင့်ထည့်ထားသော ကျောက်စလစ်ခဲလေးတွေ ပုလု၊ ဘုံတုံ ဟူသော နာမည်လေးတွေဖြင့် မြယာ၏ဖြတ်သန်းလာရသော





ဘဝတစ်လျှောက်လုံးမှာ အဖော်ပြုလာခဲ့၏။

ထိုပစ္စည်းလေးတွေက မြယာဘဝမှာ တန်ဖိုးအရှိဆုံး ပစ္စည်းလေးတွေ။

"ဝုန်း"

"ဒိုင်း"

"ခလွမ်"

"ရှင်နော် တရားလွန်လာပြီ"

အပြင်မှ ဆူညံပွက်လောရိုက်သံများကြောင့် မြယာ ကျောက်စလစ်ထည့်ထားသော ဖန်ဘူးလေးကို လက်ဆွဲသေတ္တာလေးထဲ ထည့်လိုက်၏။

ထို့နောက် အမေ့အတွက် စိုးရိမ်မိသော ခြေလှမ်းတွေဖြင့် အိမ်ရှေ့ကို အမြန်ထွက်လာခဲ့လိုက်၏။

"အမေ ဘာဖြစ်တာလဲ"

"ထုံးစံအတိုင်းပေါ့ သမီးရယ်၊ ဒင်းက မူးလာပြီဆိုရင် အဲလို ဘီလူးစိတ်တွေပေါက်နေကျပဲ"

"ဘာ ငါက ဘီလူးစိတ်ပေါက်တယ် ဟုတ်လား၊ မင်းတို့သား ကျေးဇူးတရား မသိတာကွ၊ လမ်းပေါ်က မိန်းမကို ကောက်ယူထားမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်မှာလာပြီး ကျေးဇူးတရားဆိုတာ သိတော့မှာလဲ''

အော်ကြီးဟစ်ကျယ်ပြောဆိုနေသော ဦးကျော်စိန်ကို ဒေါ်နှင်းခနာကြည်းမုန်းတီးစိတ်ဖြင့် ကြည့်လိုက်၏။

''ဘာ ရှင်က ကျွန်မရဲ့ကျေးဇူးရှင် ဟုတ်လား။ ဟွန်း စဉ်းစဉ်းစားစားလည်း ပြောစမ်းပါ ကိုကျော်စိန်ရယ်၊ ကျွန်မတို့သားအမိကို ရှင် ကူညီတုန်းက ပါလာတဲ့ လက်ဝတ်လက်စားတွေကိုရော ရှင် သုံးတယ်လို့ ထည့်မပြောတော့ဘူးလား။ ကျွန်မ လက်ဝတ်လက်စားတွေကို အပိုင်စီးချင်တိုင်း ရှင် အတင်းအဓမ္မနည်းနဲ့ ကျွန်မကို ရအောင်ယူခဲ့တာမဟုတ်လား''

''ဘာကွ စကားပြောဆင်ခြင်ပြောစမ်း၊ ငါ ဒီအချိန်အထိ ရှာကျွေးလာတာကရော မင်းဘာဖြစ်လို့ ကျေးဇူးမတင်နေရတာလဲ''

''အို ဒါကတော့ ရှင် ကျွန်မကို မယားတော်ထားမှတော့ ရှာ ကျွေးရမှာပေါ့''

''အမေ တော်ပါတော့ အမေရယ်၊ သူ မူးနေတာပဲ၊ သူ့ဟာသူ ပြောချင်တာပြောပါစေ''

''တော်စမ်း နင်ကပါ ငါ့ကို မူးနေတယ်လေး ဘာလေးနဲ့၊ ငါ ရှာကျွေးလို့ လူလားမြောက်လာပြီး ငါ့ကို ပြန်အာခံချင်နေပြီပေါ့၊ ဆင်း





ခုဆင်းစမ်း''

ဦးကျော်စိန် သူ၏ဒေါသတွေအားလုံး မြယာအပေါ် ပုံချကာ မြယာ၏လက်ကိုဆွဲ၍ အိမ်ပေါ်မှအတင်းတွန်းလွှတ်၏။

''ကိုကျော်စိန် ရှင် ကျွန်မသမီးကို လက်ဖျားနဲ့တောင် မထိပါနဲ့''

ဒေါ်နှင်းခ သမီးလုပ်သူကိုထိတော့ ငယ်သံငယ်ရင်းပါအောင် အော်၏။

''ထိတယ် ထိရုံတင်မဟုတ်ဘူး ငါက နင့်သမီးကို ဒီထက်နာကျင်အောင် လုပ်ဦးမှာ''

ဦးကျော်စိန် အိမ်ပေါ်မှ ဆင်းကာ မြယာကို အတင်းဆွဲချ၏။ မြယာမှာ ဦးကျော်စိန် ဆွဲခေါ်ရာသို့ ဒရွတ်တိုက်ပါလာ၏။

မြယာ ဝမ်းလည်းနည်း ရှက်လည်းရှက်သဖြင့် ပါးပြင်မှ မျက်ရည်တွေ ဒလဟော စီးကျလာသည်။

မြယာဘဝက အဲဒီလောက်ထိ ပရမ်းပတာ နိုင်လွန်းပါ၏။

''ဦးကျော်စိန် မြယာကို လွှတ်၊ မြယာ သွားမှာပါ၊ ဒီအိမ်မှာနေရတာ မြယာအတွက် အန္တရာယ်များတယ်၊ မလုံခြုံဘူး၊ ဒီနေရာနဲ့လွတ်တဲ့နေရာကို မြယာ သွားမှာပါ၊ ခုလိုမျိုး တိရစ္ဆာန်တစ်ကောင်ကို မောင်းချသလိုမျိုးတော့ မလုပ်ပါနဲ့၊ ဒီညတွင်းချင်း အိမ်ပေါ်က ဆင်းဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မြယာ ဆင်းမှာပါ''

''သမီး ညတွင်းချင်းတော့ မသွားပါနဲ့ သမီးရယ်''

ဒေါ်နှင်းခ အိမ်ပေါ်မှ ပြေးဆင်းလာပြီး မြယာကို ပြေးဖက်ကာ ရှိုက်ကြီးတငင် ငိုယိုပြီးတား၏။

''မသွားလို့မရဘူး သွား၊ ဒင်းမျက်နှာကို ငါ မကြည့်ချင်ဘူး။ မင်းလည်း လိုက်ချင်ရင် သူနဲ့တစ်ခါတည်း လိုက်သွား၊ မလွမ်းဘူး။ အလကား ဆန်ကုန်မြေလေး လူပိုတွေ၊ ငါ ရှာကျွေးတာကို အေးအေး ဆေးဆေး ထိုင်မစားချင်တဲ့ဟာမတွေ''

''ဝုန်း''

''ဒုန်း''

ဦးကျော်စိန် အနီးအနားတွင် တွေ့သမျှအရာအားလုံးကို မူးမူး ရူးရူးနှင့် ကန်ကျောက်နေ၏။

''အမေ သမီး ဒီညပဲ ဟိုအိမ်ကြီးကို သွားတော့မယ် အမေ''

''သမီးရယ် အမေ့သမီးလေး အမေ့ဝမ်းထဲမှာ ဝင်စားခဲ့တာ ကံဆိုးတာပဲကွယ်၊ အမေ ဘယ်လိုဖြေရမလဲ''

ဒေါ်နှင်းခ မျက်ရည်စက်လက်ဖြင့် ခပ်တွေတွေလေး ရပ်နေသော မြယာ၏ကိုယ်လေးကို ဖက်ကာ ရှိုက်ကြီးတငင် ငိုလည်းငို ပြော





သည်းပြော။

ငယ်စဉ်ကတည်းက မငြိမ်းချမ်းခဲ့သည့် သမီးလေးဘဝ ခုထိ သည်း မငြိမ်းချမ်းသေး။ သောကအပူမီးတွေက အရွယ်နှင့်မလိုက်အောင် လောင်မြိုက်၍နေ၏။

''ကိုကျော်စိန် ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ရှင်နဲ့ ဆယ့်ငါးနှစ် ထိုးလုံးနေလာခဲ့တဲ့ သံယောဇဉ်ကိုထောက်ပြီး ကျွန်မသမီးကို စိတ်သောက တွေ မပေးပါနဲ့တော့၊ ရှင် ရှင် မကျေနပ်ရင် ကျွန်မကို ကြိုက်သလောက် ပြောပါ၊ ကြိုက်သလောက် ရိုက်ပါ၊ ကျွန်မ ရှင်ကျေနပ်တဲ့အထိ လည်စင်း ခံပါ့မယ်ရှင်''

ဒေါ်နှင်းခ သမီး မြယာအတွက် ဦးကျော်စိန်အား ငိုသံပါကြီးဖြင့် အသုံးတွေး တောင်းပန်ရှာ၏။

ဦးကျော်စိန် အရက်ရှိန်တက်နေလေတော့ ဒေါ်နှင်းခ ပြော သည်း ပြောတာပဲ အဖတ်တင်မည်။

အရက်မူးလာလျှင် သွေးအလွန်ဆိုးတတ်သော ဦးကျော်စိန်၏ အကျင့်ကို သိထားသူပီပီ မြယာ ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ ချခိုက်ပါ၏။

မြယာ ဒီညပဲ အိမ်ကြီးဆီကို သွားတော့မည်။ သူဌေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးထင်ရင်လည်း ထင်ပါစေတော့ဟု တွေးလိုက်ပြီး အမေ့ကို ကန်တော့လိုက်သည်။

"အမေ သမီးအတွက်ကြောင့် အမေ စိတ်သောကရောက်ပြီး မငိုနေပါနဲ့ အမေ၊ သမီး ခံနိုင်ရည်ရှိပါတယ်၊ အမေသာ အဲဒီ အကုသိုလ် တုံးကြီးနဲ့ အချိန်အတိုင်းအတာ တစ်ခုအထိ သည်းခံပြီးနေပေးပါ၊ သမီး ငွေစုပြီး အမေ့ကို လာခေါ်မယ်"

"သမီး သမီးလေးရယ် အမေ ဘယ်လိုဖြေရမလဲ"

မြယာ အိမ်ပေါ်မှ အဆင်သင့်ထုပ်ပိုးထားသည့်အိတ်ကို ယူ၍ အမေ့ကို ကျောခိုင်းခဲ့လေသည်။

အမေ၏ ရှိုက်ညည်းသံသည် မြယာ၏နှလုံးသားတွေကို တစ်စစီ ဖဲ့ချွေခြင်းခံရသလို သွေးစိမ်းရှင်ရှင် ထွက်လုနေပြီ။

မေမြယာ ဘ၀ ခုချိန်ထိ ဆည်းဆာရောင်တွေဖြင့် တောက်ပ ခြင်း မရှိသေး။

မြယာ မိုးကောင်းကင်ကြီးကို အားကိုးတကြီး မော့ကြည့်လိုက် သည်။

ထွက်ပြူစပြုနေသော ကြယ်လေးတွေက မချိုပြုံးလေးပြုံးပြီး အားပေးနေကြလေရဲ့။

■ ■ ■



အခန်း (၁၆)

ကမ္ဘာ စာဖတ်နေရင်းမှ မျက်စိညောင်းလာသဖြင့် စာအုပ်ကို စားပွဲပေါ်ချကာ လက်နှစ်ဖက်ကိုဆန့်ပြီး အကြောဆန့်လိုက်သည်။

မျက်နှာမှာတပ်ထားသော စာကြည့်မျက်မှန်ကို ဆွဲချွတ်လိုက်ပြီး ... ပေါ်တင်ကာ ထိုင်ရာမှ ထလိုက်သည်။

အထိုင်ကြာနေသဖြင့် ခါးဆန့်သည့်အနေဖြင့် ခါးကိုဟိုဘက် ဒီဘက် ဆွဲဆန့်လိုက်ပြီး ပြတင်းပေါက်နားသို့ လျှောက်လာလိုက်သည်။

ခြံထဲတွင် မာကျူရီမီးများ ထွန်းထားသဖြင့် တစ်ခြံလုံး လင်း ထိန်နေ၏။

ကမ္ဘာ တလူလူ လွင့်နေသော ခန်းဆီးစကို လက်နှင့်အသာ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖယ်ရင်း ခြံအပြင် လမ်းမဆီသို့ အကြည့်ရောက်သွား၏။

လက်ဆွဲသေတ္တာတစ်လုံးကို ဒရွတ်ဆွဲပြီး လေးလံသော ခြေလှမ်း တွေဖြင့် ခြံကြီးဆီသို့ ဦးတည်လာနေသော မိန်းကလေးတစ်

တရွေ့ရွေ့နှင့် ခြံဝသို့ ရောက်လာသည်။ ခြံဝတွင်ရပ်ပြီး အိမ် ဆီသို့ မဝံ့မရဲ မျှော်ကြည့်နေသော ထိုမိန်းကလေးကို ကမ္ဘာ မမိုတ် ကြည့်လိုက်သည်။ အဝေးမှဆိုတော့ မည်သူမည်ဝါလဲ မသည်းကွဲ

ကမ္ဘာ ခြံထဲသို့ ဆင်းခဲ့လိုက်သည်။

"ဩော် ဘယ်သူလဲလို့ မင်းကို"

မေမြယာ ညိုးနွမ်းစွာဖြင့် ကမ္ဘာကိုကြည့်ကာ

"မြယာ ခုပဲ အလုပ်စဝင်ပါရစေ သူဌေး"

ညမိုးချုပ်ကြီးမှ အလုပ်စဝင်မည်ဟု ပြောလာသော ကို ကမ္ဘာ စူးစမ်းသောအကြည့်ဖြင့် သေချာအကဲခတ်ကြည့်

"ဒါနဲ့ မင်းပြောတော့ မနက်ဖြန်မှ အလုပ်စဝင်ပါရစေ

"ဟုတ်ပါတယ် သူဌေး၊ ဒါပေမဲ့ ခုတော့ အခြေအနေ ကြောင့် ဒီနေ့ပဲ အလုပ်စဝင်ခွင့်ပြုပါ"

"မိုးချုပ်နေပြီကွ၊ ခုမှ အလုပ်စဝင်လည်း မင်းကို ဘာ ခရာမရှိတော့ဘူး၊ ဒါကြောင့် မနက်ဖြန်မှလာ၊ ကိုးစိန်တို့ ဈေးဈေးတို့





ပ်ကုန်ကြပြီ"

ကမ္ဘာပြောပြီး လှည့်ထွက်ခဲ့သည်။ အိမ်ထဲဝင်ခါနီးမှ ထို ကောင်မလေး ရှိနေသေးလား ပြန်သွားပြီလားဆိုသည့် သိချင်စိတ်ကြောင့် သိမသာ လှည့်ကြည့်လိုက်သည်။

"ဟင် ဘာလဲဟ၊ ဒီလောက် မနက်ဖြန်မှလာပါလို့ ပြောခဲ့တာ ကောင် မသွားသေးဘူး"

ကမ္ဘာ ပြန်လှည့်လာရ၏။ ခြံဝသို့ပြန်ပြီးလျှောက်လာသည်အထိ မြယာ နေရာမှာပင် မလှုပ်မယှက် ရပ်နေဆဲ။

"ဟေ့ မိုးချုပ်နေပြီ ပြန်လေ၊ မနက်ဖြန်မှလာတော့၊ သွား သွား"

ကမ္ဘာ အသံခပ်ဆတ်ဆတ်ဖြင့် အတင်းပြန်လွှတ်၏။ ဒီကောင် း စိတ်ရောကောင်းသေးရဲ့လား။ ကြောင်တောင်တောင်နဲ့ အလုပ်ခန့် ထာ မှားပြီလားဟု ကမ္ဘာစိတ်ထဲ နောင်တရချင်သလိုလို ဖြစ်သွားမိ သသည်။

"ကျွန်မကို ပထွေးက နှင်ချလို့ သွားစရာမရှိပါဘူး၊ ဒါကြောင့် နက်ဖြန်မှပဲ အလုပ်ဝင်ရမယ့်အတူတူ ခုတစ်ခါတည်း လာလိုက်တာပါ"

မြယာ၏အသနားခံခြင်းမဟုတ်သော အကြောင်းပြချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ အထူးအဆန်း ဖြစ်သွားရတာ အမှန်။

"မင်းက ပထွေးနဲ့နေရတာလား"

"ဟုတ်ကဲ့"

"သူက မင်းကို ဘာဖြစ်လို့ နှင်ချရတာလဲ၊ အပြစ်လုပ်ထား

လား၊ နောက်ပြီး မင်းအမေကရော"

တရားခံစစ်သလို မေးနေသော ကမ္ဘာ့ပုံစံက အမှုစစ်ရဲအရာ

တစ်ယောက်လို။ သံသယအရိပ်တွေ ပါနေ၏။

"အမေနဲ့ပထွေးနဲ့ စကားများနေကြလို့ မြယာက အမေ့ဘက်

ဝင်ပြီး ပြောမိတယ်၊ အဲဒါကြောင့် ပထွေး ဦးကျော်စိန်က မြယာ

အမေ့ဘက်ကပါရကောင်းလားဆိုပြီး နှင်ချလိုက်တာပါ"

"မင်းအမေကရော မင်းကို မတားဘူးလား"

"ဒီကိုလာမယ်မှန်းသိလို့ မတားပါဘူး၊ မြယာအဖို့ ဆွေ

နေတာထက်စာရင် ဒီအိမ်မှာ အိမ်အကူနေရတာက မြယာအတွ

ပိုပြီးလုံခြုံမှုရှိတယ်လို့ မင်း တကယ် ထင်နေသလား"

မေးကျဉ်းသော မျက်လုံးဖြင့် မြယာကို ခပ်ထော့ထော့ကြည့်

ကမ္ဘာ မေးလိုက်၏။

"မြယာ အမြင်မှာ သူဌေးက လူရမ်းကားပုံမပေါက်လို့





ကြောင့် မြယာအတွက် လုံခြုံမှုရှိတယ်လို့ ထင်မိတာပေါ့"

လိမ္မာပါးနပ်လွန်းသော မြယာ၏အဖြေစကားကြောင့် ကမ္ဘာ

ပြုံးလိုက်သည်။ ဒီလောက် စစ်ဆေးမေးမြန်းပြီးပြီပဲ။ တော်လောက်ပြီဟု

ကိုယ့်ကိုယ်ကိုယ် သတိပေးကာ

"ကဲ ဝင်လို့ရပါပြီ ဝင်ပါ"

ကမ္ဘာ ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ မြယာ ကမ္ဘာအား

ကျေးဇူးတင်သောအကြည့်ဖြင့် မဝံ့မရဲကြည့်ကာ ခြံထဲဝင်ခဲ့

လိုက်သည်။

ကမ္ဘာ့နောက်မှ ခပ်တိတ်တိတ် လိုက်လာခဲ့သော မြယာ၏စိတ်

ထဲ၌သည် ခုမှပင် စိတ်အေးသွားရသလို ခံစားရ၏။

"မင်းကို ဒေါ်စိန် အခန်းပြထားပြီးသားလား"

အနောက်မှ ကပ်လိုက်လာသော မြယာကို လှည့်မေးလိုက်သည်၊

"ဟင့်အင်း မပြထားပါဘူး"

"ဟာ ဒေါ်စိန်တို့ကလည်း တစ်ခါတည်း ပြထားတာ မဟုတ်

ဘူး"

ကမ္ဘာ ဒေါ်စိန်ကို ခပ်တိုးတိုး အပြစ်တင်လိုက်ပြီး အခန်းလွတ်

ရှေ့အရောက် တံခါးဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလောလောဆယ်တော့ မင်း ဒီအခန်းမှာ အိပ်လိုက်၊ မနက်

ကျမှ ဒေါ်စိန် စီစဉ်ပေးလိမ့်မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ဒါ အလုပ်သဘောအရပဲ"

အသံခပ်ပြတ်ပြတ်ဖြင့်ပြောပြီး သောင်းဘီအိတ်ထဲ လက်နှစ်ဖက်

ထည့်ပြီး မြယာကို တစ်ချက်ကြည့်ပြီး အခန်းရှေ့မှ လှည့်ထွက်မည်အပြု

"သြော် ဒါနဲ့ မင်း ငါ့ကို တစ်ခုကူညီဦး"

"ပြောပါ ကျွန်မ ဘာလုပ်ပေးရမလဲ"

"ငါ ဆာတယ်"

"ရှင်"

"ဗိုက်ဆာတယ်လို့ပြောတာ၊ မင်း ခေါက်ဆွဲပြုတ်တတ်လား"

"ဟုတ်ကဲ့ ပြုတ်တတ်ပါတယ်"

"ဟုတ်ပြီ ငါ့ကို ခေါက်ဆွဲပြုတ်ပေး။ ရေခဲသေတ္တာထဲမှာ အသား

ဘူးတွေ ရှိတယ်"

"မီးဖိုခန်း ဘယ်နားလောက်မှာရှိလဲ သူဌေး"

"သြော် ဟုတ်သားပဲ မင်းက မီးဖိုခန်းဘယ်မှာရှိလဲဆိုတာ

ဘယ်သိဦးမလဲ"





ကမ္ဘာ မီးဖိုခန်းဘက်ကို လိုက်ပြလိုက်သည်။

"မင်း ဓာတ်မီးဖိုတွေ ဂတ်စ်မီးဖိုတွေ သုံးတတ်လား"

"ဟုတ်ကဲ့ အင်း"

"ဒါဆိုလည်း ခေါက်ဆွဲပြုတ်အိုးနဲ့သာပြုတ်လိုက်တော့၊ ပြီးရင်

ဒီအခန်းထဲကိုလာပို့"

မြယာ မျက်ဝန်းဝိုင်းလေးဖြင့် ကမ္ဘာကို ဖျတ်ခနဲ ကြည့်လိုက်

သည်။ ထိုအကြည့်ကို ကမ္ဘာ မမြင်လိုက်ဘဲ မီးဖိုခန်းထဲမှ ထွက်သွား၏။

မြယာ နံရံကပ်ဗီရိုထဲမှ ခေါက်ဆွဲခြောက်တစ်ထုပ်ကို ယူလိုက်

သည်။ ရေခဲသေတ္တာထဲမှာ အသားဘူးရှိတယ်ဆို၍ အသားဘူး ရှာရသေး

သည်၊ ကိုယ်က ရေခဲသေတ္တာတွေ ဘာတွေ သိပ်မသုံးတတ်၍ ဘယ်အံထဲ

မှာ ဘယ်လိုထည့်ထားသလဲဆိုတာ မသိ၍ မနည်းရှာလိုက်ရ၏။

ကမ္ဘာ ရောက်ရောက်ချင်း မြယာကို ပညာပေးနေလေပြီ။

အားလုံး ပြီးစီးသွားတော့ ခေါက်ဆွဲပြုတ်ပန်းကန်ကို ဗန်းတစ်ခု

ထဲထည့်ပြီး မီးဖိုခန်းထဲမှ ထွက်လာခဲ့လိုက်၏။

မြယာအတွက် ခုမှခက်ချေပြီ။ ဒီလောက်ကျယ်ဝန်းပြီး အခန်း

တွေ အများကြီးရှိသော အိမ်ကြီးထဲမှာ သူဌေး၏အခန်း ဘယ်အခန်းဆို

တာ မြယာ ဘယ်လိုသိမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်ချင်း စောက်နဲ့ထွင်းဆိုသလို အခက်အခဲတစ်ခုက မြယာကို စတင်ကျီစယ်နေပြီ။

မြယာ အတွေးနှင့်အတူ စမ်းတဝါးဝါးဖြင့် ကမ္ဘာ့အခန်းကို လိုက်ရှာရသည်။ ရှာသာရှာရသည်။ ဘယ်အခန်းမှန်းလဲမသိ။

အောက်ထပ်အခန်းမှာ မရှိလောက်ဟုထင်ကာ ခေါက်ဆွဲပြုတ် ဗန်းလေးကိုင်ကာ အပေါ်ထပ်သို့ တက်ခဲ့လိုက်သည်။

လှေကားနှင့်တည့်တည့် အခန်းရှေ့ရောက်တော့ မြယာ အခန်း ရှေ့မှာရပ်ပြီး အသံခပ်အုပ်အုပ်ဖြင့်

"သူဌေး ခေါက်ဆွဲပြုတ်ရပါပြီ"

အခန်းထဲမှ ဘာတုံ့ပြန်သံမှ မကြားရ။ ဒီတော့ နောက်တစ်ခန်း ရှေ့မှာရပ်ပြီး

"သူဌေး ခေါက်ဆွဲပြုတ်ရပါပြီ"

များပြားလှသော အခန်းတွေရှေ့မှာရပ် ရပ်ပြီး သူဌေး ခေါက် ဆွဲပြုတ်ရပါပြီဟု လိုက်ပြောနေသော မြယာအဖို့ ကြောင်တောင်တောင် နိုင်လွန်းပါ၏။

ကမ္ဘာ ညှော်ခန်းထဲတွင် ထိုင်နေတာကို မြယာ လုံးဝမတွေး ကမ္ဘာကလည်း မခေါ်။ တမင်ပင် ကြည့်ကောင်းကောင်းနှင့်





ထိုင်ကြည့်နေခြင်း ဖြစ်သည်။

"သူဌေး ခေါက်ဆွဲပြုတ်ရပါပြီ"

ဒီတစ်ခါ မြယာ အသံကျယ်ကြီးအော်ပစ်လိုက်သည်။

"ဟေ့ ဘာလို့ အော်ကြီးဟစ်ကျယ် အော်နေရတာလဲ"

ကမ္ဘာ့အသံကြောင့် မြယာ ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

"ဩော် သူဌေး မြယာက အခန်းတွေထဲမှာ ရှိတယ်ထင်ပြီး လိုက်ခေါ်နေတာ၊ တစ်အိမ်လုံးနှံ့နေပြီ"

"မင်းက အခန်းထဲပဲကြည့်တာကိုး၊ ငါ အပေါ်ထပ် ညှော်ခန်း ထဲမှာထိုင်နေတာ မင်းမှမမြင်တာ"

မြယာ ကမ္ဘာဆီသို့ လျှောက်သွားကာ ကမ္ဘာရှေ့သို့ ခေါက်ဆွဲ ပြုတ်ဗန်းကို ခပ်ရို့ရို့ ချပေးလိုက်သည်။

အငွေ့တထောင်းထောင်း ထနေသော ခေါက်ဆွဲပြုတ်၏မွှေးပျံ့ သော အနံ့ကြောင့် ကမ္ဘာပို၍ပင် ဗိုက်ဆာလာ၏။

"ငါက ညဘက်တွေဆို ခုလို မကြာမကြာ ဆာတတ်တယ်၊ ကြီးမိန်တို့က အစောကြီးအိပ်ကြတော့ ငါ့မှာရှိတဲ့မုန့်လေး စားပြီး အိပ်ပစ် လိုက်ရော"

ကမ္ဘာ ပြောလည်းပြော ခေါက်ဆွဲပြုတ်ကို တူဖြင့်ညှပ်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ စားလေ၏။

"ဒါဆို နောက်နေ့တွေမှာ သူဌေး မိုက်ဆာရင် မြယာကို နိုင်းပါ၊ မြယာက စောစောအိပ်တတ်တဲ့အကျင့် မရှိပါဘူး"

ကမ္ဘာ ခေါင်းတညိတ်ညိတ်ဖြင့် ခေါက်ဆွဲပြုတ်ကို အရသာခံပြီး တမြုံ့မြုံ့ ဝါးနေ၏။

မီးဆိုင်းတွေဖြင့် လင်းထိန်နေသော ညအလင်းရောင်အောက်မှာ ကမ္ဘာ၏ခန့်ညားထည်ဝါမှုသည် မိန်းမတစ်ယောက်ကို မင်တက်ငေးမောနေစေ၏။

မြယာ ကမ္ဘာ လက်ဖျံ ဖျတ်ခနဲ ကြည့်လိုက်သည်၊ ညဝတ်အင်္ကျီလက်ရှည်ကို ဝတ်ထားသဖြင့် ကမ္ဘာ၏လက်ဖျံကို အသေအချာ မမြင်လိုက်ရ။

ဒါဟာ မြယာရဲ့အကျင့်ပါပဲလေ။ ဘုံဘုံနှင့်ရုပ်ခပ်ဆင်ဆင်တူသည်ဟု ထင်ရသည့် ယောကျ်ားတိုင်း၏ လက်ဖျံကို တစ္ဆေတစောင်းအကဲခတ်ကြည့်တတ်တဲ့အကျင့်က မြယာအတွက် ဘယ်လိုမှ ဖျောက်၍မရတော့။

ငါ နှင့်ကို တွေ့အောင်ရှာမှာပါ ဘုံဘုံ။ ငါ အချိန်တိုင်း သတိရနေတဲ့သူက နှင်ပါပဲ။





ကံဆိုးခြင်းတွေကို ဝတ်ရုံတစ်ခုလို ဝတ်ပြီး ငါ ကမ္ဘာကို ငါ ဆက်လက်ရှင်သန်နေစေသေးတယ် ဘုံဘုံ။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရဲ့ရှင်သန်ခြင်းတွေ အဆုံးမရောက်ခင် နှင်နဲ့ပြန်ဆုံဆည်းချင်သေးလို့ပေါ့ဟယ်။

နှင် ထင်သလို ငါဟာ ကံကောင်းတဲ့မိန်းကလေး မဟုတ်ခဲ့ဘူး ဘုံဘုံ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မြယာရယ် ညက မြယာ ရောက်တယ်ဆိုတာ မသိလိုက်ဘူးကွယ်၊ ကြီးစိန်တို့က မနက်လေးနာရီထတော့ ညဆိုအစောကြီး အိပ်ကြတယ်ကွဲ့"

ထမင်းစားပွဲပေါ်ကို ကော်ဖီခရားတင်ရင်း အားနာစွာဆိုလိုက်သော ကြီးစိန် စကားကြောင့် မြယာ ပြုံးလိုက်သည်။

"ရပါတယ် ကြီးစိန်ရယ်၊ မြယာကလည်း မနက်ဖြန်မှ လာမယ်လို့ပြောပြီးကာမှ အိမ်မှာ မထင်မှတ်တဲ့ကိစ္စလေးတွေ ပေါ်သွားတော့ နေချင်စိတ်မရှိတာနဲ့ပဲ တစ်ခါတည်း ထွက်လာခဲ့လိုက်တာ"

"တော်သေးတာပေါ့ ကမ္ဘာလေးနဲ့ တွေ့သွားလို့"





ကမ္ဘာနှင့်တွေ့သွားသည်ဆိုကာမှ ညက ကိုယ့်ရဲ့အကြောင်းကြောင်းအဖြစ်အပျက်ကို မျက်လုံးထဲ ပြန်မြင်မိရင်း ပေါင်မုန့်ချပ်ပေါ်တွင် ထောပတ်ဘယ်ရီယိုကို သုတ်ရင်း မြယာ ပြုံးမိသွားသေးသည်။

မြယာ တစ်ယောက်တည်း ထိုင်ပြီးပြုံးနေ၍ ဒွေးဒွေး ဘေစင်တွင် ပန်းကန်ဆေးနေရင်းမှ မြယာကို ကွက်ကြည့်ကွက်ကြည့် လုပ်နေ၏။ ဒွေးဒွေးစိတ်ထဲမှာ မြယာ လှတာကို အားကျမိသည့်စိတ်ကလေးလည်း ပါသည်။

"ဒီအိမ်ကြီးမှာ ကြီးစိန်ရယ်၊ သူဌေးလေး ကမ္ဘာရယ်၊ ဒွေးဒွေးရယ်ပဲ နေတာလားဟင်၊ ခုချိန်ထိ တခြားလူတွေ မတွေ့ရသေးဘူး၊ ဒီသုံးယောက်ကိုပဲ မြယာ တွေ့မိသေးတယ်"

မြယာ ဒီအိမ်မှ မိသားစုတွေကို သိထားသင့်သည်မို့ ကြီးစိန်ကို မေးကြည့်လိုက်ခြင်းဖြစ်သည်။

"ဩော် ဟုတ်ပါရဲ့၊ ဒီအိမ်က မိသားစုအကြောင်း မြယာကို ပြောပြထားရဦးမယ်"

"ကြီးစိန်ကလည်း ဖာခဲ့နေသေးတယ်၊ ဒီအိမ်မှာ လူဘယ်နှယောက်ရှိလို့ မိသားစုအကြောင်းလို့ ပုံကြီးချဲ့ပြောနေရတာလဲ၊ တစ်ခါတည်း သားအဖနှစ်ယောက်အကြောင်းလို့ ပြောလိုက်ရင် ဒ့ပဲဟာ၊ အလ



www.burmeseclassic.com

www.burmeseclassic.com



ကား လေကုန်ခံနေသေးတယ်''

ကြီးစိန် ဒွေးဒွေး ခေါင်းကို ဂေါက်ခနဲ လှမ်းခေါက်လိုက်ပြီး

''ငါ သိတယ်၊ ငါ သိတယ်ဟဲ့ ညည်း မရှည်နဲ့''

ဒွေးဒွေး ခေါင်းကိုဆတ်ခနဲ ပုသွားကာ ခပ်ကြိတ်ကြိတ် ပြော နေသော ကြီးစိန်ကို မကျေမနပ်ဖြင့် စူပွပွ လှမ်းကြည့်လိုက်ပြီး နာသွား သော ခေါင်းကို ခပ်တွင်တွင် ပွတ်နေ၏။

မြယာ ကြီးစိန်နှင့်ဒွေးဒွေးကိုကြည့်ပြီး ပြုံးလိုက်သည်။ ပုံစံ မတည့်အတူနေကြသည့်ပုံစံမျိုး။

''ဒီလို မြယာလေးရဲ့၊ ဒီအိမ်မှာက ကမ္ဘာတို့သားအဖ ကြတယ်ကွဲ့၊ အခု အစ်ကိုကြီးက တရားစခန်းကို တစ်လတိတိ သွား ဝင်နေလို့ ဒီအိမ်မှာမရှိတာ၊ ကမ္ဘာလေးက အစားအသောက် အ ဇီဇာကြောင်တယ်၊ ငါးမစားဘူး ဝက်သား အမဲသား မစားဘူး၊ ဟင်းတွေကို အလျဉ်းသင့်သလို ချက်လို့ရတယ်၊ အသီးအရွက် အ စားတယ်၊ အသီးအရွက်ဟင်း တစ်နေ့တစ်မျိုး ပါပေးရတယ်၊ တစ်ရံ အဲ ငါးသလောက်ပေါင်း ပေါ်ချိန်ဆိုရင် ငါးသလောက်ပေါင်း တတ်တယ်''

ငါးသလောက်ပေါင်း ကြိုက်သည်ဆို၍ မြယာ ဘုံတုံကို

မိုးမိုး(အင်းလျား)



သတိရသွားသည်။

ဘုံဘုံလည်း ယော်စဉ်တုန်းက ငါးသလောက်ပေါင်း အရမ်းကြိုက် ၏ ငါးသလောက်ပေါင်းနှင့် ထမင်းကျွေးသည့် အလှူအိမ်ဆိုလျှင် ကြွပ် ကြွပ်အိတ်လေးကိုင်ကာ မရှက်မကြောက် သွားတောင်းစားတတ်သေး၏။

တစ်ရက် အလှူအိမ်ရှာစ်နေစဉ်ဘာ ငါးသလောက်ပေါင်း အတောင်း ကောင်း၍ ဘုံဘုံနှင့်ပုရှုးကို သူတောင်းစားလေးတွေထင်၍ ဟင်းအိုးကို ထိုးနေသော လူကြီး စိတ်တိုတိုနှင့် မီးတုတ်ထင်းစကိုယူကာ ပစ်ပေါက် ခဲ့၍ ဘုံဘုံ လက်ကိုထိသွားသဖြင့် ဘုံဘုံ လက်ဖျံမှာ မီးလောင်ဒဏ်ရာ ရသွားခဲ့သည်။ ထိုဒဏ်ရာက ဘုံဘုံလက်မှာ သေရာပါသွားခဲ့၏။

မြယာ၏ပစ္စုပ္ပန်အချိန်လေးတွေထဲကို အတိတ်ကပုံရိပ်တွေက လွှမ်းမိုးခြယ်လှယ်လာပြန်သည်။

မြယာရင်ထဲ ဝမ်းနည်းလှိုက်မိုလာသည်။ သံယောဇဉ်ကြီးတတ် သူအတွက် ခွဲခွာခဲ့ရခြင်းဟာ အဆိပ်သင့်ကမ္ဘာတစ်ခုထဲကို ဝင်သွားရ သလိုပါပဲ။ အရာရာကို မရေရာစွာ ဖက်တွယ်ရင်း အာရုံတွေက အတိတ် အမှတ်နာတွေကိုပဲ ဖတ်၍မစွာ ပြန်ပြန်၍ ဖတ်နေမိ၏။

ခုလည်း မြယာ မျက်နှာလေးမှာ ပြုံးလာလိုက် မဲ့သွားလိုက် ချိန်ဖျော့တော့သွားလိုက်နှင့် သိစိတ်ကို ဖင်ခုထိုင်ထားသော မသိစိတ်

မိုးမိုး(အင်းလျား)

www.burmeseclassic.com

www.burmeseclassic.com



အချို့က အတိတ်မှာ ကျန်ခဲ့သော ဘုံဘုံဆီသို့ ရောက်၍နေပြန်သည်

ထမင်းစားခန်းထဲဝင်လာသော ကမ္ဘာ ကြီးစိန်နှင့်ဒွေးဒွေး အ... အရာကိုကြည့်ပြီး ရှေ့ဆက်မလှမ်းတော့ဘဲ အသာရပ်ကြည့်နေလိုက် သည်။

သူတို့ပုံစံက ခပ်တောင့်တောင့်လေး ရပ်နေသော မြယာ... အထူးအဆန်း သတ္တဝါတစ်ကောင်လို ဝိုင်းအုံကြည့်နေကြ၏။

သူတို့ကြည့်သလို ကမ္ဘာလည်း မြယာကို လှမ်း၍အကဲခ... လိုက်သည်။ မြယာ ပုံစံက ငုတ်တုတ်များ မေ့နေသလားဟု ထ... လောက်အောင် အရမ်းကို ထူးဆန်း၏။

ကမ္ဘာပါ သူတို့အနားသို့ ခြေသံခပ်ဖွဖွနင်းပြီးလျှောက်သွားလို... ၏။ အနီးရောက်တော့မှ

"ကြီးစိန် ဒါက ဘာကိုကြည့်နေတာလဲ၊ သူက ဘာဖြစ်နေလို... ငုတ်တုတ် မေ့နေတာလား"

အနောက်ဘက်မှ ပြုန်းခနဲပေါ်လာသော ကမ္ဘာအသံကြော... ကြီးစိန်ရော ဒွေးဒွေးရော ဆတ်ခနဲ တုန်သွားကြသည်။

မြယာကတော့ ခုချိန်ထိ အတိတ်ကိုပြန်ဝဲတုံး။

"လူလေး နိုး နိုးပြီလား"





"ကြာပြီ ကြီးစိန်တို့ သူ့ကိုပြူးပြဲကြည့်နေတုံးကတည်းက"

"ဒီမှာလေ အတွေးလွန်နေပုံရတယ်၊ လူလေးရယ်"

"ဟိတ် ဒီမှာ မေမြယာ"

ကမ္ဘာ မေမြယာ ပခုံးကို ဆတ်ခနဲ ပုတ်ပြီးခေါ်လိုက်သည်။

"ရှင် ကြီးစိန် ဩော် သူဒွေး"

ခုမှ မြယာ ပြူးတူးပြဲတဲ ပုံစံလေးဖြင့် ထိုင်ရာမှထကာ ခြေ ...ဒိ လက်မကိုင်မိဖြစ်ကာ စားပွဲပေါ်မှ တစ်ရှူးဘူးကိုင်ရမလို ကော်ဖီ ...ကိုင်ရမလိုနှင့် အယောင်ယောင် အမှားမှားတွေဖြစ်ကုန်၏။

"ကဲ ကဲ ခုမှ ဟိုဟာကိုင်မလို ဒီဟာကိုင်မလိုနဲ့ ဟန်ရေးပြမနေ ... ဒီလောက် လူသုံးယောက် မင်းရှေ့မှာရပ်ကြည့်နေတာတောင် လုံးဝ ...ဘဲ ဘာကိုနက်နက်ရှိုင်းရှိုင်း အတွေးနယ်ချဲ့နေရတာလဲ၊ ဘာလဲ ...်သူအကြောင်းတွေးနေတာလား၊ အဲဒါဆို အချိန်များနေပြီ ညအိပ် ...တွေး"

ကမ္ဘာစကားကြောင့် မေမြယာ ရှက်လွန်း၍ မျက်နှာတစ်ပြင်လုံး ...ကာ ကမ္ဘာမျက်နှာကိုတောင် စေ့စေ့မကြည့်ရဲ၊ ထို့ကြောင့် ခေါင်းလေး ...ငုံ့ကာ မဝံ့မရဲလေသံဖြင့်

"ချစ်သူအကြောင်း စဉ်းစားတာ မဟုတ်ပါဘူး သူဒွေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြီးစိန်က ငါးသလောက်ပေါင်းအကြောင်း ပြောတာနဲ့ ငယ်ငယ်တုံး
သူငယ်ချင်းဆီ စိတ်ရောက်သွားလို့ပါ''



အခန်း (၁၈)

''ဒေါက် ဒေါက် ဒေါက် ဒေါက်''

ခွာမြင့် ဒေါက်ဖိနပ်သံက အနားသို့ တရွေ့ရွေ့ နီးကပ်လာသဖြင့်
ကျွန်းတံခါးမှ မှန်တွေကို မှန်ကြည့်ဆေးဖြင့် ပွတ်တိုက်နေရင်းမှ
လှည့်ကြည့်လိုက်သည်။

ခေတ်မီလှပလွန်းသော အမျိုးသမီးငယ်တစ်ဦး မြယာကို ခပ်
ကြည့်လျက် အနီးတွင်လာရပ်၏။

''မင်းက ဘယ်သူလဲ၊ အရင်က မင်း ဒီမှာမရှိပါဘူး''

''မြယာ အလုပ်ဝင်တာ မကြာသေးပါဘူး မမ''

ဘယ်သူဘယ်ဝါမှန်းမသိပေမယ့် မြယာ ခပ်ရိုရို ဖြေလိုက်



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဒီမှာ ဘယ်သူခန့်တာလဲ၊ ဘယ်သူ ခေါ်လိုက်တာလဲ"

"ကြီးစိန် ခန့်လိုက်တာပါ မမ၊ သူ့ဒွေးကလည်း သဘောကောင်းတော့ မြယာကို အလုပ်တန်းခန့်လိုက်တာပါ"

မြယာ စကားကြောင့် နန်းဆန် မျက်နှာပေါ်မှာ အလိုမကျခြင်း အရိပ်တစ်ခု လှစ်ခနဲ ဖြတ်ပြေးသွားကာ မျက်နှာလေးတည်တင်းတင်း ဖြစ်သွား၏။

"ကမ္ဘာ ရှိလား"

"ရှင်"

"ကမ္ဘာ ရှိလားလို့ မေးတာလေ"

"သြော် ကမ္ဘာဆိုတာ သူ့ဒွေးကိုပြောတာ ထင်တယ်"

"ဟုတ်တယ်"

"ဟုတ်ကဲ့ ရှိပါတယ် မမ၊ သူ့ဒွေး ခုလောက်ဆို အိပ်ရာ နိုးလောက်ပြီ ထင်ပါတယ်"

မြယာ စကားမဆုံးလိုက်။ နန်းဆန် မြယာဘေးမှာ ဆက် မနေတော့ဘဲ အိမ်ထဲသို့ ခပ်မော့မော့လေး လှမ်းဝင်ခဲ့လိုက်၏။

အိမ်ထဲရောက်တော့ ကြီးစိန် အတွင်းခန်းထဲမှ ထွက်လာ တွေ့လိုက်သဖြင့် ကမ္ဘာ အခန်းဆီသို့ တန်းမသွားသေးဘဲ လက်ထဲ





ကိုင်ထားသော လက်ကိုင်အိတ်ကလေးကို လက်မှာချိတ်လိုက်ပြီး ကြီးစိန်ကို မကြည်လင်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

"အိမ်မှာ အလုပ်သမားအသစ်ထပ်ခန့်ဖို့ ကြီးစိန်ကို ဘယ်သူ အမိန့်ပေးထားလို့လဲ ကြီးစိန်"

ကြီးစိန် နန်းဆန်ကို မျက်နှာငယ်လေးဖြင့်ကြည့်ရင်း

"ကြီးစိန်က ကျန်းမာရေးမကောင်းလို့ ရွာကိုပြန်တော့မှာလေ၊ ဒါကြောင့် ကမ္ဘာလေးက လူစားရှာပေးခဲ့ဖို့ ပြောလို့ အဲဒီမိန်းကလေးကို ခေါ်လိုက်တာပါ"

"အဲဒါ ကျွန်မကို ပြောပေါ့ ကြီးစိန်ရယ်၊ ဘာလို့ ကိုယ့်စိတ်ကိုယ်သဘောနဲ့ ဖွတ်လုပ်ရတာလဲ"

"ကြီးစိန် နန်းဆန်ကို ပြောဖို့ မေ့သွားလို့ပါ"

"ကြီးစိန် မေ့တာက အမေ့ကောင်းပါလား၊ ခု ကြီးစိန် ခေါ်လိုက်တာ အိမ်ဖော်လား မင်းသမီးလား"

"ဟေ ဘာဖြစ်လို့လဲ နန်းဆန်လေးရယ်၊ ကြီးစိန် အိမ်ဖော် ခေါ်လိုက်တာပါ"

နန်းဆန် ကြီးစိန်ကို မျက်စောင်းလေးရွယ်လိုက်ပြီး

"အိမ်ဖော် ခေါ်ရင်လည်း အိမ်ဖော်လိုအရွယ်ကို ခေါ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ခုခေါ်ထားတဲ့ ပုံစံက မင်းသမီး ရှုံးလွှန်းတယ်၊ နန်းဆန် မျက်စိထဲ…
သိပ်မတွေ့ဘူး၊ ဒီလကုန်တာနဲ့ ဖြုတ်ပစ်လိုက်ပါ ကြီးစိန်''

နန်းဆန် ခပ်ပြတ်ပြတ် အမိန့်ပေးလိုက်ပြီး ကမ္ဘာရှိရာအခန်း… သို့ ဘောက်ဆတ် ဘောက်ဆတ်ဖြင့် တက်သွား၏။

နန်းဆန် လှေကားပေါ်တက်သွားသည်ကိုကြည့်ရင်း ကြီးစိ… မျက်နှာ မဲ့ရွဲ့ပစ်လိုက်သည်။

လူကို အမြဲတမ်း အမိန့်ပေးတတ်သော နန်းဆန်ကို ကြီးစိ… ဘယ်တော့မှ ကြည့်မရခဲ့။ ကမ္ဘာနှင့်လည်း စိတ်ထဲမှာ နည်းနည်းလေး… သဘောမတူမိ။

ကမ္ဘာလေးက သဘောကောင်း ပွင့်လင်းသလောက် နန်း… က ပစ္စည်းဂုဏ်မောက်ပြီး လူကိုလူဟုမထင်ဘဲ အမြဲတမ်း အထက်စီး… ဆက်ဆံတတ်သည်။

ကမ္ဘာမျက်နှာကြောင့်သာ နန်းဆန်ကို တလေးတစားနှင့် ဆ… ဆံနေရခြင်း ဖြစ်သည်။

''ကြီးစိန်''

''ဟေ''

''အဲဒီ မမက ဘယ်သူလဲ၊ သူဌေးရဲ့အစ်မလား''





''ဘယ်ကလာ ဟုတ်ရမှာလဲ၊ သူဌေးတို့က အဖေတစ်ခု သား… ခုဟာက ကမ္ဘာနဲ့ လက်ထပ်မယ့် မိန်းကလေး၊ ဟွန်း ရုပ်ကလေး… သလောက် သိပ်ပြီးဘဝင်မြင့်တဲ့ မိန်းကလေး၊ ကြီးစိန်ကတော့ သူ… လာမှာကို သိပ်ကြောက်တာ၊ ဈေးဈေးဆိုရင် သူများလာရင် နေစရာ… တော့ဘူး''

''ခုလည်း မြယာကို အလုပ်ဖြုတ်ခိုင်းနေတယ် မဟုတ်လား''

''ဟင် မြယာ ကြားလိုက်တယ်ပေါ့''

''ဟုတ်ကဲ့''

''အို စိတ်ထဲထားမနေနဲ့၊ သူ ဖြုတ်ခိုင်းလည်း ကမ္ဘာလေး… ဘာတူမှဖြစ်တာ''

ကြီးစိန် ထိုသို့ဖျောင်းဖျပြီး ကျွန်းစားပွဲပေါ်မှ ပန်းအိုးကိုယူပြီး… အတွင်းခန်းဘက်ဆီသို့ ပြန်ဝင်သွားသည်။

ကြီးစိန် ခပ်ပေါ့ပေါ့ ဖြေသိမ့်သွားပေမယ့် မြယာအတွက်ကတော့… မအေးစရာ ဖြစ်ရ၏။ ဒီမှာအလုပ်ပြုတ်ရင် မြယာဘယ်မှာ သွားနေ… း အမေ့အိမ်လည်း ပြန်၍မရ။ ပထွေး၏ရန်လိုခြင်းကို ခံရဦးမည်။ …လည်း မြယာအတွက် ပူပင်သောက ဖြစ်ရဦးမည်။

အလုပ်ဖြုတ်ဖို့ ပြောသွားသူက ခပ်ပေါ့ပေါ့လေး ပြောသွားပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အပြောခံရသည့် မြယာအတွက်ကတော့ ဒီညအိပ်လျှင်တော ဘယ်အချိန်အလုပ်ဖြုတ်ခံရမလဲဟူသော ပူပန်စိတ်ဖြင့် ခေါင်းကျွတ်ကျွ ပျော်ပါ့မလားမသိ။

ရင်မောလိုက်တဲ့ ကိုယ့်ကံကြမ္မာရယ်။

■ ■ ■



## အခန်း (၁၉)

"ကမ္သာ ကြီးစိန် ခေါ်လာတဲ့ အိမ်ဖော်ကို့ ဖြုတ်လိုက်ကွာ"

အချိတ်အဆက်မရှိ ပြောလိုက်သော နန်းဆန်စကားကြောင့် ကမ္သာ နန်းဆန်ကို နားမလည်စွာဖြင့် ကြည့်လိုက်သည်။

"နန်းဆန် ကိုယ့်ကို ဘာပြောလိုက်တယ်"

"ကြီးစိန် ခေါ်လာတဲ့ အိမ်ဖော်ကို ဖြုတ်လိုက်လို့ ပြောတာ"

"ဌေးဌေးကိုလား"

"အို ဌေးဌေးက အရင်ကတည်းက လုပ်လာတဲ့ ကောင်မလေး ဖြုတ်စရာလား"

"ဒါဆို ဘယ်သူလဲ၊ မေမြယာ ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဪ သူ့နာမည်က မေမြယာ လား"

"ဟုတ်တယ်လေ သူ့နာမည်က မေမြယာ၊ နန်းဆန် ဖြုတ်ခိုင်းတာ သူ့ကိုလား"

"ဟုတ်တယ်"

"သူက အလုပ်လုပ်တာ တော်ပါတယ်၊ အိမ်မှုကိစ္စလည်း နိုင်နင်းတယ်၊ ဒီအိမ်ကြီးတစ်အိမ်လုံးရဲ့ကိစ္စအဝဝကို သူလုပ်နိုင်တယ်၊ နန်းဆန်ရ၊ ဒါကြောင့် ကိုယ် အကြောင်းမဲ့သက်သက် ဒီမိန်းကလေးကို မဖြုတ်နိုင်ဘူး၊ နောက်ပြီး သူ့အတွက် အလုပ်တစ်ခုရဖို့ဆိုတာ မလွယ်ဘူး။ ဘာအကြောင်းပြချက်မှ မပေးနိုင်ဘဲနဲ့ အပြစ်မရှိတဲ့ အလုပ်သမားတစ်ယောက်ကို ဘလိုင်းကြီး မဖြုတ်ပစ်နိုင်ဘူး၊ ကိုယ်တို့မှာ ကိုယ်ချင်းစာနာစိတ်တော့ ရှိရမယ်လေ"

ဒေါသနှင့်မနာလိုခြင်းတွေက နန်းဆန် မျက်နှာပေါ်မှာ သိသိသာသာကြီး ရှာဖွေ၍ရနိုင်လောက်အောင် နန်းဆန် မျက်နှာမှာ ပျက်ယွင်းသွား၏။

"နန်းဆန် စိတ်မချတာလည်း အဲဒါပဲ ကမ္ဘာ၊ သူ့ပုံစံက အိမ်ဖော်နဲ့ လုံးဝမတူအောင်ကို လှလွန်းတယ်၊ တစ်မိုးအောက်ထဲမှာ ကမ္ဘာရဲ့ဝေယျာဝစ္စတွေကို လုပ်ပေးနေတဲ့သူကို ကမ္ဘာ စိတ်ဝင်စားသွားမှာကို





နန်းဆန် မလိုလားဘူး"

"ကျွတ် နန်းဆန်ရယ်၊ ဘာဖြစ်လို့ မဖြစ်နိုင်တာတွေကိုတွေးပြီး ကိုယ့်ကိုယ်ကိုယ် စိတ်သောကအဖြစ်ခံနေရတာလဲ၊ အဟား သူ လှမှန်းကိုယ်တောင် စေ့စေ့မကြည့်ဖူးဘူး၊ အခု နန်းဆန်ပြောမှပဲ သူ လှမှန်းသိတော့တယ်"

"ကြည့် ကမ္ဘာနော် ဒီက တကယ်စိတ်ပူနေတာ သိရဲ့လား၊ အဲဒါကြောင့် မြန်မြန်လက်ထပ်ကြမယ်လို့ ပြောတော့လည်း နေ့ရွှေ့ညရွှေ့နဲ့ အရမ်းစိတ်ပျက်ဖို့ကောင်းတယ်"

နန်းဆန် အလိုမကျသော ကလေးတစ်ယောက်လို နှုတ်ခမ်းလေးစူကာ တွတ်ပွတွတ်ပွ ပြော၏။

မနာလိုစိတ်တွေ အားကြီးလွန်းသော နန်းဆန်ကိုကြည့်ပြီး ကမ္ဘာစိတ်ထဲ ပျက်ရယ်ပြုချင်နေ၏။

"အချိန်ခဏလေးပဲစောင့်ပါ နန်းဆန်ရယ်၊ ကိုယ့်လုပ်ငန်းသစ်ချဲ့ဖို့ကိစ္စ အကောင်အထည်ဖော်ပြီးတာနဲ့ လက်ထပ်ဖို့ကိစ္စကို အားချင်းစီဥ်မယ်"

"တကယ်နော် ကမ္ဘာ"

"အင်း တကယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတက်က ကတိတွေ အထပ်ထပ်ပေးမှ နန်းဆန် အနည်ငယ် ရတက်အေးသွားပုံဖြင့် မျက်နှာလေးမှာ ပြုံးယောင်သမ်းလာသည်

ကမ္ဘာ နန်းဆန်မသိအောင် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်၏။

အားနာ၍ လိုက်လျောတာ ခါးပါလိမ့်မည်ဆိုသော စကားနှင့်အညီ နန်းဆန်အဖေ၏သူ့သမီးနှင့် လက်ထပ်ဖို့ ကမ်းလှမ်းလာစဉ်တုန်းက အားနာစွာ ငြင်းဆန်ခြင်းမပြုဘဲ ခေါင်းညိတ်လက်ခံခဲ့မိသည့်အဖြစ်၏နောင်တစ်ချိန်မှာ ထိုအားနာမှုကြောင့် ပေးလိုက်သော ကတိတစ်ခုသည်ကမ္ဘာကို ကြိုးတစ်ချောင်းလို တုပ်နှောင်ပြီး လှုပ်မရအောင် ချောင်ပိတ်မိနေလိမ့်မည်ဟု မတွေးမိခဲ့။

ခုတော့ ကမ္ဘာအနေနှင့် ချစ်ပါသည်ဟု တစ်ခါမှ မပြောခဲ့သော နန်းဆန်၏ ရဲတင်းမှု၊ ပိုင်စိုးပိုင်နင်းနိုင်မှုတွေနှင့် ချစ်သူတစ်ယောက်လို ပွတ်သီးပွတ်သပ် ဆက်ဆံလာမှုအပေါ် ခံစားချက်မဲ့စွာဖြင့် အလိုက်အထိုက် စီးမျောနေရ၏။

အတွေ့အကြုံမရှိတဲ့ မုဆိုး၊ သေချင်ဟန်ဆောင်သလို ဖြစ်နေရသော ကိုယ့်အဖြစ်. . ။ ကံဆိုးသည်လား ကံကောင်းသည်လား မဆိုတတ်တော့။





နန်းဆန်နှင့်ပတ်သက်လာလျှင် ကမ္ဘာအတွက် နည်းနည်းလေးမှ စိတ်ဝင်စားစရာမကောင်းသေးတာတော့ အသေအချာပင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကြီးစိန် ရွာပြန်သွားပြီဖြစ်၍ အိမ်မှုကိစ္စအဝဝကို ဒွေးဒွေးနှင့်အတူ မြယာ တာဝန်ကျေအောင် လုပ်ဆောင်ခဲ့သည်။

"ဒွေးဒွေးရေ မြယာ ဟင်းအိုးလေး နွေးနေတုန်း ညှော်ခန်းထဲက လိုက်ကာတွေ ဖြုတ်လဲပေးထားပါလား၊ ရေချိုးရင်းနဲ့ မြယာ တစ်လက်စတည်း လျှော်လိုက်ချင်လို့"

"ဟုတ်ကဲ့ မြယာ၊ မိဒွေး လုပ်လိုက်မယ်၊ ပြီးရင် တစ်ခါတည်းပဲ လျှော်စက်ထဲ ထည့်လိုက်မယ်လေ၊ မြယာ အလုပ်တစ်ခု သက်သာသွားတာပေါ့"

"အင်း ဒွေးဒွေးအားရင်တော့ တစ်ခါတည်း လုပ်လိုက်လေ





အခန်းသန့်ဆေးဖြန်းတာတော့ မြယာ ဖျန်းလိုက်တာပေါ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဒွေးဒွေးမှာ မခိုမကပ်ဘဲ အရောရာကို သူသာ အနစ်နာခံပြီး ပိုလုပ်တတ်သော မြယာနှင့် အလုပ်တွဲလုပ်ရခြင်းအပေါ် ကျေနပ်နေပုံရ၏။

ကြီးစိန်နှင့်တုံးက လူကြီးဆိုဘော့ အမြဲတမ်း စိတ်တိုင်းမကျဖြစ်ကာ ဒွေးဒွေးကို ဆူပြောနေတတ်သည်။ တစ်နေ့ကို လေးငါးကြိမ်လောက် ခေါင်းခေါက်ခံရတာလည်း မနည်း။ ညဆိုရင်လည်း သူ့ကိုနှိပ်ပေးရသေးသည်။

အခု ကြီးစိန် ရွာပြန်တော့ ဒွေးဒွေး နားအေးသက်သာသွားသည်၊ အလုပ်လုပ်ရတာ ပို၍ပျော်လာကာ မြယာအပေါ်လည်း ရောက်ခါတေထက် ခင်တွယ်လာ၏။

မြယာက အရမ်းလှတယ်ဟုလည်း အားကျစိတ်ကလေးနှင့် ကြောမကြာ ပြောတတ်သေး၏။

မြယာကလည်း ဒွေးဒွေးအား ညိုညိုလုံးလုံးလေးနှင့် တောပန်းနုလေးတစ်ပွင့်လို လှသည်ဟု ပြန်၍တင်စားသောအခါ ဒွေးဒွေးသည် အလွန်သဘောကျနှစ်သက်နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှ ကားသံကြား၍ မြယာ ဂတ်စ်မီးဖိုကို ပိတ်ခဲ့ပြီး အိမ်ရှေ့သို့ အပြေးအလွှား ထွက်ခဲ့ရပြန်၏။

ကားပေါ်မှ ဆင်းလာသော ကမ္ဘာလက်ထဲမှ အတက်ချိုကျေ့စ်ကို မြယာ အလိုက်တသိ လှမ်းယူဖို့ လက်အကမ်း

"နေ နေ ရတယ်၊ ကားထဲမှာသာ ပစ္စည်းတွေ သယ်လိုက်"

"ဟုတ်ကဲ့ သူဌေး"

မြယာ ကားနောက်ခန်းထဲမှ လက်ဆွဲအိတ်တွေကို ယူလိုက်သည်။ ပြီးနောက် ကမ္ဘာ့နောက်မှ ခပ်သွက်သွက်လိုက်လာပြီး လက်ထဲမှ ပစ္စည်းတွေကို ကမ္ဘာ့အခန်းထဲထားရန် လိုက်ဝင်လိုက်သည်။

မသင့်တော်မှန်းသိပေမယ့်လည်း အိမ်ဖော်ဆိုတော့လည်း သူတို့ခိုင်းသမျှ လုပ်ရတော့မှာပင်။

"ဒီနေ့ ဒီအခန်းထဲကို ဘယ်သူမှ ဝင်မရှင်းကြဘူးလား"

"ရှင် ဟုတ် ဟုတ်ကဲ့၊ သူဌေးက ဘာမှမပြောခဲ့လို့ မြယာ သတိရပေမယ့် ဝင်မရှင်းဖြစ်ခဲ့ဘူး"

"ကျွတ် တကယ် လာဘ်မမြင်တာပဲကွာ၊ ဒီမှာ မင်းတို့ ဘာအတွက် အလုပ်လာလုပ်တာလဲ"

"အိမ်မှုကိစ္စတွေ လုပ်ဖို့ပါ"





"ဒါနဲ့များ ငါ့အမိန့်ကို စောင့်နေရသေးလားကွာ၊ ဟိုတစ်ယောက် မိဌေး သိရဲ့သားနဲ့၊ သူက ဘာစတန့်ထွင်ပြီး မသိသလို လုပ်နေတာလဲ"

"ဟုတ်ကဲ့ နောက်နေ့ အဲ မနက်ကျရင် ရှင်းထားလိုက်ပါမယ်"

"အလုပ်တစ်ခုကို နေ့တွေ ညတွေ ရွှေ့ဖို့ အခွင့်အရေးရှိလို့လား မေမြယာ၊ ဒီည တစ်ခါတည်း ရှင်းလိုက်ရင် မင်းတို့အသက်တစ်ရက်ပိုတိုသွားမှာမို့လား"

ကမ္ဘာ အလုပ်ထဲမှာ အဆင်မပြေလာ၍ ဟိုမှာအပြည့်အဝ သုံးမသုံးခဲ့ရသော ဒေါသတွေကို မြယာအပေါ်သို့ ထုတ်သုံး၍နေ၏။

မြယာ မျက်နှာလေးမှာ ဇီးရွက်ခန့်ကလေးပင် ရှိတော့၏။

ရင်ထဲမှာ ဆို့တက်လာသော ဝမ်းနည်းခြင်းတွေကို ဖွတ်အတင်းမျိုသိပ်ဦး၊ ကမ္ဘာ့အခန်းကို ရှင်းဖို့ ကြက်မွှေးအရင်စကိုင်မိ၏။ ကိုယ်က အလုပ်သမားပဲ၊ ဒီလောက်တော့ သည်းခံရမှာပေါ့ဟု ကိုယ့်စိတ်ကို ကိုယ်ဖြေသိမ့်လိုက်မိ၏။

မြယာ အခန်းရှင်းနေတုန်း ကမ္ဘာ ဖုန်းတစ်လုံးဖြင့် အလုပ်ကိစ္စတွေ ပြောဆိုနေ၏။ ဒေါသလည်း အတော်လေး ဖြစ်နေပုံရသည်။

မြယာ ရှုပ်ပွနေသော ခုတင်ပေါ်မှ ညဝတ်အင်္ကျီတွေ၊ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပဝါတွေကို တစ်ခုချင်း လိုက်ကောက်ပြီး လျှော်မည့်တောင်းထဲထည့် စောင်တွေကို အကျအနခေါက်လိုက်သည်။

မြယာ စောင်ခေါက်နေရင်းမှ ကမ္ဘာ့ခေါင်းအုံးဘေးမှ ဝက်ဝံရုပ် အနက်လေးဆီသို့ အကြည့်ရောက်သွားသည်။

ရင်ထဲမှာ ဒိန်းခနဲ လှုပ်ရှားသွားပေမယ့် မဖြစ်နိုင်လောက်ပါဘူး လေဆိုသည့်အသိဖြင့် ထိုဝက်ဝံရုပ်ကလေးကိုယူကာ နံရံကပ်ဗီရိုပေါ် တင်လိုက်သည်။

ကမ္ဘာ ဖုန်းပြောနေရင်းမှ

"မြယာ အဲဒီအရုပ်ကို ဘာလို့ အဲဒီမှာ သွားထားတာလဲ ငါ့ ခွင့်ပြုချက်မရဘဲ ဒီအရုပ်ကို ဘယ်နေရာမှ ရွှေ့ကို မထားပါနဲ့"

"ရှင်"

မြယာ မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ဇ ကို ကြောင်ကြည့်နေ၏။

"မင်း ဗမာစကား နားမလည်ဘူးလား၊ ဒီအရုပ်ကို နောက်ဆို လုံးဝမကိုင်ပါနဲ့၊ ခုလည်း ယူတဲ့နေရာမှာ ပြန်ထားပေးပါ"

"ဟုတ်ကဲ့ သူဌေး"

မြယာ စိုးရွံ့သိမ်ငယ်စိတ်နှင့်အတူ ဝက်ဝံရုပ်ကလေးကို နံ





ဘပ်ဗီရိုပေါ်မှ ပြန်ယူပြီး ကမ္ဘာ ခေါင်းအုံးဘေးတွင် ပြန်ထားလိုက်သည်။

ထိုအရုပ်ကလေးကို မြယာ မမှိတ်မသုန် သေချာကြည့်မိလိုက် သည်။ မဖြစ်နိုင်မှန်းသိပေမယ့်လည်း ဒီအရုပ်ကလေးဟာ မြယာနှင့် ရင်းနှီးသလို ခံစားလိုက်မိ၏။

ကမ္ဘာဟာ ဘုံဘုံများလား။ ဖြစ်တော့ မဖြစ်နိုင်လောက်ပါဘူး။ မြယာ စိတ်ထင်တာပဲ ဖြစ်မှာပါ။

မြယာရဲ့ဘုံဘုံက သိပ်ဆင်းရဲနုံချာတဲ့ သူတစ်ယောက်ပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အခန်းတံခါးခေါက်သံကြောင့် ကျောက်စလစ်ခဲလေးတွေကို ထိုင်ကြည့်ရင်း တွေဝေငေးမောနေသော မြယာ အခန်းတံခါးကို လှည့်ကြည့်လိုက်သည်။

တံခါးခေါက်သံက ဆက်၍ကြားနေဆဲ။ မြယာ စားပွဲငယ်နာရီ လေးကို လှမ်းကြည့်ရင်း တံခါးဆီသို့ လျှောက်လာလိုက်၏။

ဒွေးဒွေးများလားဟူသော ထင်ကြေးဖြင့် တံခါးလော့ခ်ကို ဖွင့်လိုက်၏။

"ဟင် သူဌေး"

"မင်း မအိပ်သေးဘူးလား"

"ဟုတ်အင်း မအိပ်သေးဘူး"





"ဒါဆို ငါ့ကို ညလယ်စာ တစ်ခုခု စီစဉ်ပေးစမ်းပါ"

"ဟုတ်ကဲ့ သူဌေး၊ ဟုတ်ကဲ့"

ညဝတ်ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် ထိုးထည့်ပြီး အားနာသောဟန်လေးဖြင့် ပြောနေသော ကမ္ဘာ့ပုံစံက ညနေကလို ရှုပုတ်ချိုတင်းနေသော မျက်နှာမျိုး မဟုတ်တော့။ အင်မတန် အပြစ်ကင်းစင်ပြီး ယောက်ျားပီသချောမောလွန်းသော ပုံစံလေး ဖြစ်သည်။

မြယာ ကမ္ဘာ့ရှေ့မှ ကိုယ်လေးကိုရှိုထွက်ပြီး နောက်ဖေးထမင်းစားခန်းဆီသို့ ထွက်လာခဲ့လိုက်၏။

အရင်ဆုံး ပေါင်မုန့်နှစ်ချပ်ကို မီးကင်လိုက်သည်။ ထို့နောက် အသားပြားတွေကို ပေါင်မုန့်ချပ်ပေါ်တင်လိုက်သည်။

"ဟော့ ငါ အဲဒါတွေ မစားချင်ဘူး"

အသားညှပ်ပေါင်မုန့် လုပ်ပေးနေသော မြယာ လက်ကလေး တွန့်သွားသည်။

"ဒါဆို ဘာစားမလဲ သူဌေး၊ ကြက်ဥနဲ့ပေါင်မုန့်ကြော်ပေးရမလား"

"ဘယ်လ်ဂျီယန် ကော်ဖီမှုန့် ရှိသေးလား"

"ဟုတ်အင်း မရှိတော့ဘူး၊ မနက်ကမှ ကုန်သွားတာ၊ သူဌေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ မေ့နေတာ၊ ဟိုလေ ခေါက်ဆွဲပြုတ်စားမလား''

''မစားချင်တော့ဘူး''

''ဒါဆို ပုစွန်ခြောက်နဲ့ထမင်းဆီဆမ်းလေး စားမလား''

မြယာ စားချင်စဖွယ်ဖြစ်အောင် တစ်ခုပြီးတစ်ခု မေးသည်။ ပုစွန်ခြောက်နှင့်ထမင်းဆီဆမ်းဆိုတော့ ကမ္ဘာ စဉ်းစားပြီး

''အင်း ကောင်းသားပဲ၊ တစ်ခါတလေ အထူးအဆန်းလေး စားဖြစ်တာပေါ့၊ ပြီးရင် နက်ခ်ကော်ဖီတစ်ခွက်ပါ ဖျော်ပေး''

''ဟုတ်ကဲ့ သူဌေး''

မြယာ ပေါင်းအိုးထဲမှ ထမင်းကို ပူအောင် ကမန်းကတမ်း ပြန်ရှဲ့နွေးလိုက်သည်။

မြယာ အလုပ်တွေရှုပ်နေတုံး ကမ္ဘာ့ဘောင်းဘီအိတ်ထဲမှ ဖုန်း ထမြည်လာသည်။

''ဟဲလို ပြော နန်းဆန်၊ ဒီအချိန်ကြီး ဘာကိစ္စရှိလို့လဲ''

''ကိုယ်လား မအိပ်သေးဘူး၊ အိပ်ခါနီးမှ ဗိုက်ဆာလာလို့''

နန်းဆန်နှင့်ဖုန်းပြောနေတုံး မြယာ ပုစွန်ခြောက် ထမင်းဆီ ဆမ်းနယ်ပြီး ကမ္ဘာ့ရှေ့မှာ လာချပေး၏။ ထို့နောက် နက်ခ်ကော်ဖီခါးခါး လေး တစ်ခွက်ပါ ဖျော်လိုက်သည်။





''သူဌေး ထမင်းဆီဆမ်းရော ကော်ဖီရော ရပါပြီ''

မြယာ၏စကားသံကို နန်းဆန် ကြားသွားသည် ထင်၏။ ကမ္ဘာ့ ကို ဘေးမှာဘယ်သူရှိလဲဟု မေးတော့လေသည်။ ကမ္ဘာ လိမ်တတ်သည့်သူ ဟုတ်တော့ အမှန်အတိုင်းပင်

''ဟုတ်တယ် ရှိတယ်၊ ကိုယ်ခိုင်းတာကို သူ လုပ်ပေးဖို့ ကိုယ့် အနားမှာ ရှိရမှာပေါ့ နန်းဆန်ရယ်၊ ဘာဖြစ်လို့လဲ''

''...''

''ကျွတ် ကိုယ် ဘယ်လိုရှင်းပြရမှာလဲ၊ ဘာမဟုတ်တဲ့ကိစ္စလေး နဲ့ ကလေးမဆန်ချင်ပါနဲ့ နန်းဆန်၊ နန်းဆန် ထင်သလိုမဟုတ်ဘူး၊ ခု နန်းဆန် စွပ်စွဲချက်တွေက ကိုယ့် ဂုဏ်သိက္ခာကို ထိပါးလာပြီ၊ ကိုယ့်ဘက် က ရိုးသားတယ်နော် နန်းဆန်''

တင်းမာပြတ်သားသောအသံဖြင့် ပြောနေသော ကမ္ဘာ့ကိုကြည့် ပြီး မြယာ အခြေအနေကို ရိပ်မိလိုက်သည်။

ကမ္ဘာနှင့်နန်းဆန် သူ့ကြောင့် ကတောက်ကဆ ဖြစ်ရသည့် အတွက်လည်း မြယာ စိတ်ထဲမှာ နည်းနည်းလေးမှ မကောင်း။

ကမ္ဘာ ဖုန်းပိတ်လိုက်ပြီး ဖုန်းကို စားပွဲပေါ်သို့ ခပ်ဆောင့်ဆောင့် ချလိုက်သည်။ ပြီးနောက် ရှုတင်းသောမျက်နှာနှင့် ပုစွန်ခြောက် ထမင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းပန်းကန်ကို သူ့ဘက်သို့ ခပ်ဆောင့်ဆောင့် ဆွဲယူပြီး ခပ်စားလိုက်သည်။

"သူဌေး ဘာလိုအပ်သေးလဲ၊ မြယာ ပြန်ပြင်ပေးမယ်လေ"

"ရတယ် မလိုဘူး"

ကမ္ဘာ့အသံက ဒေါသထွက်နေသောအသံ။ မာဆတ်နေ၏။

ထမင်းဆီဆမ်းကို စားလိုက်၊ ကော်ဖီခွက်ကို ယူပြီး တစ်ငုံငုံလိုက်နှင့် ဂနာမငြိမ်သူလို ဖြစ်နေ၏။

"သူဌေး"

မြယာ မဝံ့မရဲ ခေါ်တော့ ထမင်းဝါးနေရင်းမှ ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဟိုလေ မြယာကြောင့် သူဌေးနဲ့မမနန်းဆန် စိတ်သဘောကွဲလွဲရတဲ့အတွက် မြယာ စိတ်မကောင်းပါဘူး"

"မလိုပါဘူး။ အားလုံးက ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပဲ ဒါကို သံသယမျက်လုံးနဲ့ လိုက်ကြည့်နေတော့ သူ့စွပ်စွဲချက်တွေက ငါ့အတွက် ဟာသတောင် ဖြစ်သေးတယ်၊ ဘယ်လို မိန်းမလဲမသိဘူး"

ကမ္ဘာ ဖြေရှင်းချက်မဟုတ်သော အပြစ်တင်ခြင်းမျိုးဖြင့် မြယာကို ပြော၏။ မြယာ သူ့ကို ကမ္ဘာ စိတ်မခုဘူးဆိုတာသိရမှပင် စိတ်အေး





သွားရကာ

အိပ်ခါနီး ကော်ဖီသောက်ပြီး ခံတွင်းချဉ်မှာစိုး၍ ရေနွေးတစ်ခွက်ကို ငှဲ့ယူလိုက်သည်။ အငွေ့တစ်ထောင်းထောင်း ထနေသော ရေနွေးခွက်ကို ယူပြီး ကမ္ဘာ ရှိရာ ထမင်းစားပွဲသို့ လှည့်အထွက်

"အိုး"

"ဟာ"

"အား ပူလိုက်တာ"

မြယာ လက်ထဲမှ ရေနွေးမတ်ခွက်မှာ ကမ္ဘာနှင့်ဝင်တိုက်မိ၍ ရေနွေးပူပူတွေက မြယာ ခြေထောက်ပေါ်သို့ကျလာ၏။

ကမ္ဘာ ရုတ်တရက် ဖြစ်သွားသော အဖြစ်အပျက်တစ်ခုကြောင့် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ပူထူသွားသည်။

မြယာ ခြေထောက်ပူသွား၍ မျက်နှာလေးမှာ ရှုံ့မဲ့၍နေ၏။ ကမ္ဘာ့ရှေ့မှာမို့သာ သိပ်မနာကျင်သလို ပုံစံမျိုးဖြင့် ဟန်လုပ်နေရပေမယ့် မြယာ တော်တော်လေး ခံရခက်နေ၏။

"မင်း တော်တော်ပူနေလား မေမြယာ"

ကမ္ဘာ ခြေထောက်ကလေးကို လေနှင့်တဖူးဖူး မှုတ်နေသော မြယာရှေ့မှာ ဒူးတစ်ဖက်ထောက် ထိုင်ချလိုက်ပြီး စိုးရိမ်ပူပန်စွာ မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ရ ရပါတယ် သူဌေး၊ သိပ်မပူပါဘူး"

သိပ်မပူပါဘူးသာဆိုသည် မြယာ၏ မှိုပြည့်နေသော ခြေဖမိုး လေးမှာ နီရဲ၍ ရေကြည်ဖောင်းလေးတွေပင် ထစပြုနေပြီ။

"မင်းကသာ မပူဘူးပြောနေတာ၊ မင်းခြေထောက်က ရေကြည် ဘု ထတော့မယ်"

"ကဲ ထ မင်းအခန်းထဲကို တွဲပို့ပေးမယ်"

"ရ ရပါတယ် သူဌေးရဲ့၊ မြယာ လျှောက်နိုင်ပါတယ်"

"ရလား ဒါဆိုလည်း လျှောက်၊ ပြီးရင် ဆေးသေတ္တာထဲမှာ ဆေးရှိတယ်၊ ယူလိမ်းထားလိုက်"

"ဟုတ်ကဲ့"

မြယာ ဟုတ်ကဲ့တဲ့ဆိုပြီး ထမင်းစားပွဲရှိရာသို့ နာကျင်သော ခြေထောက်ကလေးကို ဖွဖွနင်းကာ လျှောက်သွားပြီး ကမ္ဘာ စားထားသော ထမင်းပန်းကန်တွေကို သိမ်းဆည်းဖို့ ပြင်လိုက်သည်။

"ဟေ့ ဒါ ဘာလုပ်တာလဲ"

"ဟို ပန်းကန်သိမ်းမလို့"

"ထားခဲ့ အဲဒါတွေ သိမ်းလိုက်မယ်၊ ခြေထောက်ဒဏ်ရာကိုသာ





ဆေးထည့်"

"ဟုတ် ဟုတ်ကဲ့ သူဌေး"

မြယာ ကမ္ဘာ့ရှေ့မှ ထော့နင်းထော့နင်းဖြင့် ထွက်လာခဲ့လိုက်၏။

အခန်းထဲရောက်တော့ လိမ်းစရာဆေး မရှိတာနှင့် သွားတိုက် ဆေးဘူးထဲမှ ဆေးကိုယူ၍ ခပ်ဖွဖွ ပွတ်လိမ်းလိုက်သည်။

ဆေးလိမ်းပြီး သိပ်မကြာလိုက်၊ အခန်းတံခါး လာခေါက်ပြန် သည်။ မြယာ ခြေထောက် နာလျက်နှင့်ပင် တံခါးထဖွင့်ပေးရပြန်သည်။

"ဆေးမလိမ်းဘူးလား"

ကမ္ဘာ အမေးကို မြယာ ပျာပျာသလဲဟန်ဖြင့်

"လိမ်းထားပါတယ် သူဌေး"

ကမ္ဘာ ခြေထောက်မှဒဏ်ရာကို ငုံ့ကြည့်လိုက်သည်။

"ဘာဆေးတွေ လိမ်းထားတာလဲ"

"သွားတိုက်ဆေး"

"ဟာ ဘာတွေလျှောက်လိမ်းနေရတာလဲ၊ အဓိပ္ပာယ်မရှိကွာ၊ ဆေးသေတ္တာထဲမှာ ဒီလောက် ဆေးအစုံရှိတာ ဆေးခန်းတစ်ခုတောင် ဖွင့်လို့ရတယ်၊ ဘာဖြစ်လို့ ပေါက်ကရတွေ လျှောက်လိမ်းနေရတာလဲ"

ကရုဏာဒေါသအသံဖြင့်ပြောတော့ မြယာ မျက်လုံးလေး အဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



သားဖြင့် ကမ္ဘာကို မငံ့မရဲ မော့ကြည့်ကာ

"ဆေးသေတ္တာက ဘယ်မှာထားမှန်းမသိဘူး သူဒွေး"

"ကဲ လာ ခု ဆေးသွားလိမ်းမယ်"

မြယာ လက်ကိုဆွဲပြီး ဆေးသေတ္တာရှိရာသို့ ခေါ်သွားသော ကမ္ဘာ မြယာအပေါ် စိုးရိမ်ပူပန်စိတ်တွေ သာမန်ထက်ပိုနေတာကတော့ သေချာ၏။

မြယာအဖို့ ထိုညလေးသည် အမှတ်တရ ဖြစ်စေ၏။

■ ■ ■



## အခန်း (၂၂)

ဒီနေ့တစ်နေ့လုံး ခြေထောက်ဒဏ်ရာကြောင့် ဒွေးဒွေးမှာ မြယာကို ဘာအလုပ်မှမလုပ်ခိုင်းဘဲ အိမ်အလုပ်မှန်သမျှကို သူကိုယ်တိုင်ပဲ သိမ်းကြုံး၍ လုပ်ပေးရှာ၏။

မြယာမှာ တစ်နေ့လုံး အခန်းထဲမှာပဲ အချိန်ကုန်လိုက်ရသည်။

အိမ်ရှေ့မှ ကားသံကြား၍ ပြတင်းလိုက်ကာလေးကို လှပ်ကြည့်လိုက်သည်။

ခြံထဲတွင် နန်းဆန်၏ကားထိုးရပ်လိုက်သည်။ ကားပေါ်မှ ခပ်ကြွကြွလေး ဆင်းလာသော နန်းဆန်၏ပုံစံလေးသည် ခေတ်ရှေ့ပြေးလွန်းနေကာ မိန်းမချင်းတောင် ငေးယူရမည့် ခေတ်ရှေ့ပြေးသည့်အလှမျိုး။



www.burmeseclassic.com

www.burmeseclassic.com



မြယာ အပြင်ကို မထွက်တော့ဘူးဟု ဆုံးဖြတ်ကာ အခန်းထဲမှာပင် အောင်းနေလိုက်သည်။

''မြယာ မမနန်းဆန်က ခဏလောက်ထွက်ခဲ့ပါတဲ့''

ဌေးဌေး လာပြောသောကြောင့် မြယာ စိတ်ညစ်သွားသည်။ အမှန်ဆိုရင် မြယာ မမနန်းဆန်ကို မတွေ့ချင်။ သူ ပြောလာမည့် သံသယ စကားလုံးတွေ သံသယအကြည့်တွေကို မြယာ အမှန်ပင် ရင် မဆိုင်ချင်။

''မြယာ လမ်းမလျှောက်နိုင်ရင် မိဌေး ပြောလိုက်မယ်လေ ထွက်တွေ့မနေနဲ့တော့ပေါ့''

မိဌေးက မြယာ နန်းဆန်နှင့်မတွေ့ချင်မှန်းသိ၍ ထွက်ပေါက် အဖြစ် လမ်းကြောင်းလိုက်သည်။

''နေပါစေ မပြောပါနဲ့၊ မြယာ ထွက်တွေ့လိုက်ပါမယ်''

မြယာ ထော့နင်း ထော့နင်းနှင့် မိဌေးရှေ့မှ ထွက်လာခဲ့သည်။ ဧည့်ခန်းထဲရောက်တော့ နန်းဆန် ခြေချိတ်ထိုင်ကာ မြယာကို အထင် သေးသောအကြည့်ဖြင့် ခပ်စွေစွေကြည့်ရင်း မဲ့လိုက်သည်။ မြယာကလည်း မြင်ဖြစ်အောင် ဖြစ်လိုက်ရသည်။

''မမနန်းဆန် မြယာကို ခေါ်တယ်ဆို''





''ဟုတ်တယ် ထိုင်ပါဦး''

''ဟုတ်ကဲ့''

မြယာ နန်းဆန်၏ရှေ့တည့်တည့်ခုံမှာ ခပ်ရိုရို ဝင်ထိုင်လိုက်သည်။

မြယာ၏ရိုကျိုးလွန်းသောပုံစံက နန်းဆန် ပြောသမျှဆိုသမျှကို ခေါင်းငုံ့ခံဖို့ အဆင်သင့်။ မြယာစိတ်ထဲမှာ ညကကိစ္စ အစာမကြေ၍ ကမ္ဘာ ဆိုင်ကိုသွားသောအချိန်မှာ မြယာဆီ ရောက်လာခြင်းဖြစ်သည်ဟု ကြံ၍သိနေ၏။

နန်းဆန် မြယာကို ဘာမှမဆိုသေးဘဲ အသေအချာ အကဲခတ်နေ၏။

''မမနန်းဆန် မြယာကို ဘာပြောစရာရှိလို့လဲ''

နန်းဆန်ကို ခြောင်ပင် ဖွင့်ပေးလိုက်သည်။ ထိုသို့မမေးလျှင် မြယာဟာ နန်းဆန်ရှေ့မှာ ကျေးကျွန်တစ်ယောက်လို သိမ်ငယ်စိတ်နှင့် ညှိမျှကြာကြာ ထိုင်နေရမှန်းမသိ။

''မင်း ညက ကမ္ဘာနဲ့ ဘာကြောင့် အတူရှိနေရတာလဲ''

''ရှင်''

မြယာ ရင်ထဲ ဒိတ်ခနဲ ထိတ်သွားကာ ဘာပြန်ဖြေ၍ဖြေရမှန်း



www.burmeseclassic.com

www.burmeseclassic.com



လတ်တလော မစဉ်းစားမိတော့။

"သူ သူဌေးက ညလယ်စာ စားတတ်လို့ မြယာ စီစဉ်ပေးရုံ

မြယာ၏မှန်ကန်သော အကြောင်းပြချက်ကို နန်းဆန်
လက်မခံ။

"အဲဒါ အဓိပ္ပာယ်မရှိတာပဲ ည လူခြေတိတ်တဲ့အချိန်မှာ မင်း
ကမ္ဘာနဲ့အတူ မရှိနေသင့်ဘူး။ မင်း ဒီလောက်တော့ နားလည်ရမှာပေ့
ဒီမှာ မင်းသိအောင် ပြောထားရဦးမယ်၊ ငါနဲ့ကမ္ဘာနဲ့က မကြာခင် လက်
ထပ်တော့မယ့် ချစ်သူတွေကွ"

"မြယာ ဒါတွေ အားလုံးသိပါတယ်၊ ဒီကိစ္စက မြယာနဲ့ ဘာမှ
ပတ်သက်နေလို့လဲ မမနန်းဆန်၊ သူဌေးက မြယာကို လစာပေး
ခိုင်းထားတဲ့ အလုပ်သမားတစ်ယောက်အနေနဲ့ သူဌေးခိုင်းတဲ့အလုပ်
မြယာ တာဝန်ကျေ လုပ်ပေးရုံပဲရှိတယ်"

"မင်းတာဝန်ကျေတာကြီးက ငါ့ချစ်သူ မင်းကို စိတ်ဝင်စား
အောင် မြူဆွယ်သလို ဖြစ်နေမယ်ကွ"

"မြယာ အဲဒီလို အတန်းအစား မဟုတ်ပါဘူး မမနန်းဆန်
ခုလည်း သူဌေးက ခိုင်းတဲ့အလုပ်ကို မလုပ်ပါဘူးလို့ မြယာအနေ
ငြင်းခွင့်မှမရှိတာ၊ မြယာဘက်ကတော့ ရိုးသားတယ် မမနန်းဆန်"

"ဒါဆိုရင် မင်းကို ကမ္ဘာပေးတဲ့ လစာထက် နှစ်ဆပိုပေးမယ်၊
မင်း ငါ့အိမ်မှာ လာနေပါ"

"ရှင် မြယာက မမနန်းဆန်အိမ်မှာ လာနေရမယ် ဟုတ်လား"

"ဟုတ်တယ် မင်း ဘက်က ရိုးသားတယ်ဆိုရင် ငါ့အစီအစဉ်
ကို မင်း လက်ခံနိုင်ရမယ် မေမြယာ"

"ဒါဆို ဒီကအလုပ်တွေကို ဌေးဌေးတစ်ယောက်တည်းနဲ့ ထား
ခဲ့ရမှာပေါ့"

"အဲဒီမေးခွန်းကို မင်း ပြန်မေးဖို့ မလိုဘူး၊ ငါ့ဖာသာ ငါ
ကြည့်ပြီးစီစဉ်မယ်"

"သူဌေးက ခွင့်ပြုတယ်ဆိုရင် မမနန်းဆန် အစီအစဉ်ကို မြယာ
လက်ခံပါမယ်၊ ဒါပေမဲ့ မြယာကို လစာတော့ ပိုပေးစရာမလိုပါဘူး၊
မြယာ မမနန်းဆန်အိမ်ကို ပြောင်းပြီး လုပ်ပေးတယ်ဆိုတာ လစာမက်
လို့မဟုတ်ပါဘူး၊ မမနန်းဆန်ရဲ့ သံသယတွေ ရှင်းသွားအောင်လို့ပါ"

နန်းဆန် သူ့အစီအစဉ်ကို မေမြယာ အသာတကြည့် လက်ခံ
၍ ကျေနပ်ပြုံးလေး ပြုံးလိုက်သည်။

ဖုန်းမြည်လာသဖြင့် အနားတွင် မသိမသာ ရစ်သီရစ်သီလုပ်
နေသော ဌေးဌေး ပြေးကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ဟုတ် ဟုတ်ကဲ့ သက်သာပါတယ်၊ မြယာကို မိဋ္ဌေ ဘာမှမလုပ်နိုင်းပါဘူး"

ဋ္ဌေဋ္ဌေးဆီမှ မြယာဆိုသည့် နာမည်ထွက်လာသဖြင့် နန်းဆ မျက်နှာချိတင်းကာ ဋ္ဌေးဋ္ဌေး ဖုန်းပြောနေရာသို့ နားစွင့်နေလိုက်၏။

"ဟုတ်ကဲ့ ဆေးလည်း လိမ်းနိုင်းလိုက်ပါ့မယ် ဟုတ်ကဲ့"

ဋ္ဌေးဋ္ဌေး ဖုန်းချလိုက်ပြီး မြယာနှင့်နန်းဆန်နားသို့ လျှောက်လာ ၏။

"မြယာ သူဋ္ဌေးလေးက မြယာ ခြေထောက်က ဒဏ်ရာသ သာလားတဲ့၊ အိမ်အလုပ်တွေ ဘာမှမလုပ်ဘဲ ကိုယ့်ဟာကို သက်သာသ နေပါတဲ့၊ ဆေးလည်းလိမ်းပါလို့ ပြောတယ်"

နန်းဆန်ရှေ့မှာ လာပြောနေသော ဋ္ဌေးဋ္ဌေး စကားကြော မြယာ နန်းဆန်ကို အားနာနေမိပြန်သည်။ 'ကိုယ့်အပေါ် သံသယဝင် ပါသည်ဆိုကာမှ ဋ္ဌေးဋ္ဌေးက ဘုမသိဘမသိ သူဋ္ဌေးဖုန်းဆက်သည့် အ ကြောင်းကို လာပြောနေသည်။

နန်းဆန် မျက်စိပျက်မျက်နှာပျက်ဖြင့် မြယာ၏ခြေထောက် ငုံ့ကြည့်သည်။

"ဒီခြေထောက်က ဘာဖြစ်တာလဲ"

"ညက ရေချိုးပူလောင်သွားလို့ပါ"

နန်းဆန် မျက်နှာကိုမဲ့လိုက်ပြီး

"မင်းတို့က ရေနွေးပူလောင်ရလောက်အောင် ဘာတွေများ လုပ်ရှုပ်နေကြလို့လဲ၊ ဟိုကရော အလုပ်ထဲရောက်နေတာတောင် ဒီ ာက် စိတ်မဖြောင့် ဖြစ်နေရလား"

နန်းဆန် ဒေါသတွေ အလွန်ထွက်၍နေ၏။

"ကဲ ဒီည ကမ္ဘာနဲ့တွေ့ပြီး ပြောသင့်တာတွေ ပြောမယ်၊ ပြီး မနက်ဖြန် မြယာကို လာခေါ်မယ်၊ အထုပ်အပိုးတွေ အဆင်သင့် ပ်ထားပါ"

မြယာနှင့်ဋ္ဌေးဋ္ဌေးရှေ့မှ နန်းဆန် မကျေနပ်သော ခြေလှမ်းတွေ ဝတ်တောက်ဆက်တောက် လျှောက်သွား၏။

မြယာ စိတ်တွေရှုပ်ထွေးလွန်းသည်မှာ ထွက်ပေါက်ပိတ်နေသူ ယောက်နှယ်။

အမှန်ဆို မြယာ နန်းဆန်တို့အိမ်ကို လုံးဝမသွားချင်။ ။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၃)

မနက်ဖြန် နန်းဆန်တို့အိမ်သွားရမည်ဆိုသော အသိက မြ
ဏ်စိတ်အစဉ်ကို ကြည်လင်လန်းဆန်းမှုမရှိ။

သူများစိတ်နှင့်ကိုယ့်ကိုယ် နေနေရသော ကိုယ့်ဘဝကိုယ့်အ
အနေက ကိုယ့်စိတ်ကြိုက် ဘယ်အရာကို ရွေးချယ်ခွင့်ရှိရမှာလဲ။

ဘဝစကတည်းက ရှုံးနိမ့်ခြင်းတွေနဲ့သာ ရင်ဆိုင်နေရသေ
မြယာအတွက် ကံကောင်းခြင်းဆိုတာ ကြုံဖူးရဲ့လားဟု မေးယူရမလော
အောင်ပင် ဘဝက ဂိုဒေါင်တစ်ခုလို မှောင်မည်းနေပြီး ကံဆိုးခြင်း
နဲ့သာ ကျင့်သားရ၍နေပေပြီ။

အိပ်မပျော်ခြင်းတွေဖြင့် ဟိုလူးဒီလှိမ့်ဖြင့် မြယာ မျက်စိ





ကြောင်နေသည်။ နာရီကို အကြည့်ရောက်သွားသည်။

တစ်စုံတစ်ခုကို ဖျတ်ခနဲ အတွေးရောက်သွားသဖြင့် မြယာ
ောင်ထက်မှ ထလိုက်သည်။

ဒီအချိန်ဆို ကမ္ဘာ ပိုက်ဆာတတ်တဲ့အချိန်။ ကမ္ဘာစားဖို့ မြယာ
စ်ခုခုတော့ စီစဉ်ပေးရမည်ပေါ့။ နောက်ပြီး မနက်ဖြန် နန်းဆန်ဆီ
ားဖို့ ကိစ္စကိုလည်း မြယာကိုယ်တိုင်ပင် ပြောပြဖို့ စိတ်ကူးလိုက်သည်။

မြယာ နန်းဆန်ဆီ သွားဖို့မသွားဖို့အတွက် ကမ္ဘာ့ဆီက ဆုံး
ဖြတ်ချက်သည် အဓိကကျသည်။

ထို့ကြောင့် ပွယောင်းယောင်း ဖြစ်နေသော ဆံပင်တွေကို ဘီး
ဖြင့် တစ်ချက်နှစ်ချက် သပ်လိုက်သည်။ ဖရိုဖရဲဖြစ်နေသော အင်္ကျီကို
သသပ်ကျနအောင် ဆွဲဆန့်လိုက်ပြီး ထမင်းစားခန်းရှိရာသို့ ထွက်လာ
ိက်သည်။

''ဟင်''

ထမင်းစားခန်းအဝင်ဝနားရောက်တော့ မြယာထံမှ အာမေဍိတ်
ံ ခပ်တိုးတိုးလေးက သူမတစ်ကိုယ်စာကြားသာရုံ ပေါ်ထွက်လာ၏။

ထမင်းစားပွဲတွင် ပေါင်မုန့်အချပ်ကို ကိုက်လိုက်၊ ကော်ဖီတစ်ငုံ
သောက်လိုက်နှင့် ဗိုက်ဖြည့်နေသော ကမ္ဘာကို တွေ့လိုက်ရသောကြောင့် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြယာ ရင်ထဲမှာ ဖော်မပြနိုင်သော အားနာမှုနှင့်အတူ ခြေလှမ်း တွေက အာရုံစေ့ဆော်ခြင်းမရှိဘဲ ကမ္ဘာနားသို့ ခပ်သွက်သွက် လျှောက် ဝင်သွားမိ၏။

"သူဌေး ဗိုက်ဆာတာ မြယာ တစ်ခုခုစီစဉ်ပေးမှာပေါ့။ ခုလည်း သူဌေးစားဖို့ တစ်ခုခု လုပ်ပေးဖို့ မြယာ ထွက်လာတာ"

"ရပါတယ် မနေ့က ငါ့ကြောင့် မင်း ရေနွေးပူလောင်ရလို့ ဒီနေ့တော့ ကိုယ့်အစီအစဉ်နဲ့ ရှိတာ ရှာစားမယ်ဆိုပြီး မင်းကိုလာ မပြောတော့တာ"

"မြယာ ဘာထပ်ပြီး စီစဉ်ပေးရဦးမလဲ"

"ရပြီ မလိုတော့ဘူး၊ ဗိုက်ပြည့်သွားပြီ"

ကမ္ဘာ ပလုပ်ပလောင်း ဝါးသောအသံဖြင့် မြယာကို ပြော လက်ကျန် ကော်ဖီကို မော့သောက်လိုက်သည်။

"မင်းခြေထောက် အပူလောင်ထားတာရော သက်သာ

"ဆေးလိမ်းထားလို့ သက်သာပါတယ် သူဌေး"

"ငါ့ကြောင့်ဖြစ်ရတာ စိတ်မကောင်းပါဘူး"

"သူဌေးကြောင့်ရယ်လည်း မဟုတ်ပါဘူး၊ မြယာဖာသာ





ဆိုနံ့တန်လို့ ဖြစ်တာပါ"

"မင်း ငါ့ကို တစ်ခုခု ပြောချင်နေပုံရတယ်"

မျက်နှာရိပ်မျက်နှာကဲခတ်တတ်သော ကမ္ဘာ မြယာကို ဖြောင် ပင် ဖွင့်မေးလိုက်သည်။

"ဟုတ်ပါတယ် သူဌေး မြယာ မနန်းဆန်အိမ်မှာ သွားနေရမယ် လို့ မနန်းဆန် ပြောပါတယ်"

"သြော် အင်း ဟုတ်တယ်၊ သူ မင်းကို ခေါ်မယ်လို့ ပြောတယ်၊ သွားရင်သွားပေးလိုက်လေ"

မြယာ ရင်ထဲမှာ အရုပ်ကြိုးပြတ် ဖြစ်စေလောက်သော စိတ်ပျက် အားငယ်ခြင်းတွေက တခဏတွင်းမှာပင် လျှိုင်းထန်သွားစေ၏။

အလုပ်ရှင်ကိုယ်တိုင်က ခွင့်ပြုထားမှတော့ မြယာ ဘာကို ဆောဒက တက်ခွင့်ရှိတော့မှာလဲ။

"ဟုတ်ကဲ့ ဒါဆို မြယာ သွားလိုက်ပါမယ်"

"အင်း နန်းဆန်နဲ့ အဆင်ပြေအောင် နေပေးလိုက်ပါ"

"ဟုတ်ကဲ့ သူဌေး စိတ်ချပါ"

"ကဲ သွားတော့၊ ကော်ဖီခွက် ငါ့ဖာသာ သိမ်းလိုက်မယ်"

မြယာ အခန်းဆီသို့ ပြန်လာလိုက်သည်။ ခြေလှမ်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



သောကတွေက ဝါးမြိုထားတော့ လေးလံဖင့်နွဲ့နေ၏။

ကိုယ့်အနာဂတ်ကိုတောင် ကိုယ် မကာကွယ်နိုင်တဲ့ မိန်းမ

ဘယ်မှာလာ အသုံးကျတော့မှာလဲ မေမြယာ။'

အမှန်တော့ နင်ဟာ သိပ်ကို ညံ့ဖျင်းတဲ့ မိန်းမတစ်ယောက်သဲ

သောကနေ့ဆိုးတွေ ရှည်ကြာလွန်းလှပေစွ။

■ ■ ■



## အခန်း (၂၄)

"ဌေးဌေး ဌေးဌေး"

"ရှင် လာပါပြီ"

ကမ္ဘာ့ခေါ်သံနှင့် နောက်ဆက်တွဲ ပြန်ထူးသံတို့ မရှေးမနှောင်း

ပင် ဌေးဌေး အခန်းဝတွင် ဘွားခနဲ ပေါ်လာသည်။

"မြယာသွားတာ ဒီနေ့နဲ့ဆို ဘယ်နှစ်ရက်ရှိပြီလဲ"

"ငါးရက်ရှိပါပြီ"

"ဘာဖြစ်လို့ ပြန်မလာသေးတာလဲ"

"ရှင်"

"နင့်ကိုငါ ဗမာစကားပြောတာလေ၊ နားမလည်ဘူးလား"

"ဟုတ် နားလည်ပါတယ်၊ မနက်ဖြန်ကျရင် မမနန်းဆီမှ လှ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးပါ့မယ်တဲ့''

''ဘာလူလဲ၊ ငါပြောတာ မြယာကို ပြောတာ''

''ဟုတ်ပါတယ် မြယာကို မမနန်းဆန်က အပြီးခေါ်လိုက်ပြီး တခြားအိမ်ဖော်ကိုပဲ ဒီကို လွှတ်ပေးမှာပါ''

''ဘယ်လို မြယာကို သူက ဘာကိစ္စအပြီးခေါ်ရတာလဲ၊ ငါ့ကို ပြောတော့ မြယာကို သုံးလေးရက်လောက် ခဏခေါ်ထားချင်လို့လို့ ပြောပြီး ခေါ်သွားတာ''

''အဲ အဲလို မဟုတ်ပါဘူး၊ မမနန်းဆန်က ပြောတာကျတော့ မြယာကို လစာဒီထက်ပိုပေးမယ်၊ သူ့ဆီမှာလာလုပ်၊ ဒီအိမ်မှာ လုပ်စရာ မလိုဘူးလို့ ပြောတယ်၊ ဒါကို မြယာက ငြင်းပါတယ်၊ လစာလည်း ပိုမလိုချင်ဘူးလို့ ပြောတယ်၊ ဒါပေမဲ့ မမနန်းဆန်က ဖွတ်အတင်းခေါ်တယ်၊ နောက်ဆုံး သူ့ဒွေးကပါ သူ့အစီအစဉ်ကို လက်ခံပြီး မြယာကို ဒီအိမ်မှာ မလုပ်စေချင်ဘူးလို့ပြောလို့ မြယာ မလိုက်ချင်ဘဲ လိုက်သွားရတာ''

''ဟာကွာ တောက်''

ကမ္ဘာ နန်းဆန်၏လှည့်ကွက်တွေကို ခုမှ အသေအချာ သိလိုက်ရတော့ ဒေါသတွေ အရမ်းထွက်နေ၏။

ထို့နောက် ကားသော့ကိုယူကာ အိမ်ထဲမှ ထွက်ခဲ့လိုက်၏။





ကမ္ဘာ ကားပေါ်တောင် မရောက်သေး နန်းဆန်၏ကားက ခြံထဲဝင်လာ၏။ နန်းဆန် ကမ္ဘာကို အပြုံးနုနုလေး ပြုံးပြပြီး ကားပေါ်မှ ဆင်းလာ၏။ နောက်ခန်းမှ မိန်းမကြီးတစ်ယောက် ဆင်းလာသည်။

''ကမ္ဘာ ဘယ်သွားမလို့လဲ''

ကမ္ဘာ လက်မောင်းကို မှီတွယ်ရင်း ခပ်နွဲ့နွဲ့ပြောလာသော နန်းဆန်ကို ကမ္ဘာ အပြုံးအရယ်မရှိသော မျက်နှာဖြင့် ခပ်အေးအေး ကြည့်လိုက်ပြီး

''မြယာရော''

''သြော် မြယာလား၊ အဟင်း မပြောချင်ပါဘူး ကမ္ဘာရယ်၊ သူကလေ ဒီမှာ မလုပ်ချင်တော့ဘူးတဲ့၊ နန်းဆန်တို့အိမ်မှာပဲ အလုပ်လုပ်ချင်တယ်တဲ့လေ၊ ဒါကြောင့် သူကိုယ်တိုင် အလုပ်ထွက်ကြောင်း မပြောရဲလို့ နန်းဆန်ကိုယ်တိုင် လာပြောတာ၊ ပြီးတော့လေ ကမ္ဘာတို့အိမ်အတွက် မြယာနေရာမှာသုံးဖို့ လူစားထိုးခေါ်လာတယ်''

''နန်းဆန် မင်းကိုယ့်ကို ဘာဖြစ်လို့ လုပ်ဇာတ်တွေ ထွင်နေရတာလဲ''

နန်းဆန် အိပ်ချင်ဟန်ဆောင်သူတစ်ယောက်လို အထာမျိုးဖြင့် ကမ္ဘာ့စကားကို နားမလည် မျက်လုံးလေး ဝင့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာ ဘာကိုပြောတာလဲ၊ နန်းဆန် နားမလည်ဘူး"

"ဒီမှာ နန်းဆန်၊ ကိုယ် မိန်းမဆန်ဆန် စကားကို အရှည်ကြီး မပြောချင်ဘူး၊ ဒီတော့ မြယာကို လာပို့ပေးပါ၊ နန်းဆန်ခေါ်လာတဲ့သူကို ပြန်ခေါ်သွားပါ"

"ကမ္ဘာ မြယာအပေါ် ကမ္ဘာ အဲဒီလောက် အလေးအနက် ထားသလား"

"အလေးအနက်ထားတယ် မထားဘူးဆိုတာထက် ကိုယ့်အိမ်က အလုပ်သမားကို အလုပ်ရှင်ဖြစ်တဲ့ ကိုယ်က တရားနည်းလမ်းကျကျ ပြန်ခေါ်တာပါ၊ ကိုယ် ခွင့်ပြုချက်မရဘဲ ကိုယ့်အိမ်ကအလုပ်သမားကို နန်းဆန်သဘောနဲ့ ဒါမှမဟုတ် ကိုယ့်ကိုခုဝှုံးလုပ်ပြီး အလုပ်ထုတ်ပိုင်ခွင့် မရှိဘူး"

"တော်တော့ ကမ္ဘာ၊ အခု နန်းဆန် လုပ်ရပ်တွေ မှန်ချင်မှန်မယ်၊ မှားချင်မှားမယ်၊ ဒါပေမဲ့ ဒါတွေအားလုံးဟာ ကမ္ဘာအတွက်ကြောင့် နန်းဆန် ခုလို ဖွတ်စိစဉ်လိုက်ရတာ"

"မလိုဘူး ကိုယ် ရိုးသားတယ်၊ မင်း သဝန်တိုနေတဲ့ကိစ္စက ဘယ်တော့မှ ဖြစ်မလာဘူး၊ မင်း ခုလို လုပ်နေတာတွေကသာ ကိုယ့် ဂုဏ်သိက္ခာနဲ့တစ်ဖက်သားရဲ့ အရှက်တရားကို တစ်စစီ နင်းခြေနေသလို





ခံစားရတယ်၊ ဒီမှာ နန်းဆန် မင်း မြဲမြဲမှတ်ထားဖို့က ကိုယ့်ရင်ဘတ်ထဲမှာ မြယာဆိုတဲ့ မိန်းကလေးမှမဟုတ်ဘူး၊ မင်းအပါအဝင် လောကမှာရှိတဲ့ မိန်းကလေးတွေကို ချစ်တတ်တဲ့စိတ် မထည့်ရသေးဘူး"

နန်းဆန် ရှက်ဒေါသတွေနှင့်အတူ တက်တစ်ချက်ကို ခေါက်ကာ ချာခနဲ လှည့်ထွက်သွား၏။

သူမ ကားပေါ်ပြန်တက်သည်အထိ အိမ်ဖော် မိန်းမကြီး ယောင်နနဖြင့် နန်းဆန်ကားပေါ် ပြန်တက်ရမလိုလို ဒီအိမ်မှာပဲ နေခဲ့ရမလိုလို နှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

"မမလေး ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ ဒီမှာပဲ နေခဲ့ရမှာလား"

နန်းဆန် ကားစက်ကိုနှိုးရင်း ထိုမိန်းမကြီးကို ခပ်စူးစူးလှမ်းကြည့်ပြီး

"သူက ရှင့်ကိုမှ မလိုချင်တာ၊ ပြန်လိုက်ခဲ့ပေါ့"

"ဩော် ဟုတ် ဟုတ်ကဲ့"

အိမ်ဖော်မိန်းမကြီး ကားပေါ်သို့ ဝရုန်းသုန်းကားဖြင့် ပြန်တက်သွား၏။

ကမ္ဘာ နန်းဆန်၏ကားကို ခါးထောက်ရပ်ကြည့်ပြီး မကျေမနပ်ဖြစ်ကျန်ခဲ့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မြယာ ပြန်ရောက်လာ၍ ဒွေးဒွေး ပျော်သွားသည်။

"မြယာရယ် သူ့ဒွေးကောင်းမှုကြောင့် မြယာ ဒီကိုပြန်လာရတာ သိလား၊ ဟိုမိန်းမ နန်းဆန်သဘောအတိုင်းဆိုရင်လေ မြယာကို သူ့အိမ်မှာပဲ ခေါ်ထားတော့မှာ၊ ဟွန်း ရုပ်လှသလောက် သိပ်စိတ်ပုပ်တဲ့ မိန်းကလေး"

"ကဲပါ ဒွေးဒွေးရယ် ဒါတွေပြောမနေပါနဲ့တော့၊ အခု မြယာ ပြန်ရောက်လာပြီပဲ၊ ဒီအိမ်ကြီးရဲ့တာဝန်ကို ဒွေးဒွေးနဲ့မြယာ အကောင်းဆုံးတာဝန်ကျေကြမယ်လေ"





"အင်းပါ မိဒွေးကလေ မြယာနဲ့အတူတူ အလုပ်လုပ်ရတာကို စိတ်ချမ်းသာတယ်၊ မြယာက ရုပ်ကလေးနဲ့လိုက်အောင် စိတ်ဓာတ်ကလေးကလည်း အရမ်းငြိမ်းချမ်းတယ်"

"ကဲပါ အချင့်ချင်း ကပ်မြှောက်နေတယ်၊ အဟင်း မြယာ ဘုရားပန်းသွားလဲတော့မယ်"

ပွင့်လင်းလွန်းသော ဒွေးဒွေး၏ချီးမွမ်းမှုကြောင့် မြယာ မနေတတ်အောင်ကို အရှက်ပိုမိ၏။

အမှန်ဆို မြယာက နန်းဆန်လောက် မလှပါဘူး။

မြယာ ဘုရားခန်းထဲ ဝင်လာလိုက်၏။ ဘုရားခန်းထဲတွင် အန်ကယ်ကြီးတစ်ယောက် တရားထိုင်နေတာကို တွေ့သဖြင့် မြယာ ဘုရားခန်းထဲ မဝင်သေးဘဲ အပြင်မှာပင် ခဏရပ်စောင့်နေရ၏။ တရားခန်းမှ ပြန်လာသော သူဌေး၏အဖေပဲဖြစ်မည်ဟု တွေးလိုက်၏။ သိပ်မကြာလိုက် ထိုအန်ကယ်ကြီး တရားထိုင်ပြီး ထလာ၍ မြယာကိုတွေ့သွားသည်။

"သမီးက ဘယ်သူလဲ"

နွေးထွေးသော အမေးစကားကြောင့် မြယာ ခေါင်းငုံ့ပြီး ရပ်နေရာမှ အသံကြာ၍ မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြယာ ရင်ထဲ အတိတ်ကို ဖျတ်ခနဲ ပြန်သတိရသွားသလို တအံ့တဩ ဖြစ်သွားသည်။

''ဟို မြ မြယာ ဘု ဘုရားပန်းလဲမလို့ပါ ဦး''

အထစ်ထစ် အငေါ့ငေါ့ အယောင်ယောင် အမှားမှား ဖြစ်နေသော မြယာကို ဦးရန်အောင်စိုး မမှတ်မိ။

''ဦး ဦးက ဘုံ ဘုံဘုံ့အဖေ မဟုတ်လားဟင်''

ဦးရန်အောင်စိုး မြယာ၏အမေးစကားကြောင့် မျက်နှာ ကွက်ခနဲပျက်သွားပြီး

''မင်းက ဘယ်သူလဲ''

''ဦးဦး သမီးကို မမှတ်မိဘူးလားဟင်၊ သမီး ပုရုးလေ ပုရုးပါ''

''မင်းက ပုရုး ဟုတ်လား''

''ဒါဆို ဒီအိမ်ကို သားခေါ်လာတာလား''

မြယာ ဝမ်းသာလွန်း၍ ပါးပေါ်မှ မျက်ရည်တို့ပင် စီးကျလာပြီး ရင်တစ်ခုလုံး နိမ့်ချည်မြင့်ချည်နှင့်စိတ်လှုပ်ရှားလွန်းနေသည်။

ဒီတစ်သက် ပြန်တွေ့နိုင်ပါ့မလားဟု စိုးရိမ်သောက ပွေခဲ့ရသည့် မြယာ ခုတော့ ဘဝမှာ အတောင့်တဆုံး မျှော်လင့်ချက်ပြည့်ပြီပေါ့။

ကမ္ဘာမြေ ဆိုတဲ့ သုဒ္ဓေသားက ဘုံတုံ တဲ့လား။ မြယာ ဘယ်လို





ယေရုပ်ကို ဖမ်းလို့မရအောင် ဘုံဘုံက အရမ်းပြောင်းလဲသွားခဲ့တာပဲ။

''ပုရုး ဝမ်းသာလိုက်တာ ဦးဦးရယ်၊ ဒီတစ်သက် ဘုံဘုံကို တွေ့ရတော့ဘူး ထင်နေတာ''

မြယာ ဝမ်းသာလှိုက်ဖိုသော အသံနှင့်ဖြင့် ငွာခြေမဆည်နိုင်အောင်ပင် ဖြစ်နေရသည်။

မြယာ ဝမ်းသာနေသလောက် ဦးရန်အောင်စိုးကတော့ ဝမ်းသာနိုင်ပါ။ အတိတ်မှာ ကျန်ခဲ့တဲ့ ဆင်းရဲနွံချာခြင်းတွေကို မေ့ပြီး ကျန်ဘဝတစ်စိတ်တစ်ပိုင်းကို ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေပြီးကာမှ အတိတ်ကို ပြန်လည်တူးဆွလိုသူတစ်ဦး ဖြုန်းခနဲ ပေါ်လာတော့ ဦးရန်အောင်စိုး ဝမ်းမသာမိ။

ဘဝအသစ်ဖြင့် ရပ်တည်နေသော သားလေးအို့ အတိတ်ဆိုးဆ ) ပြန်လည်မနှစ်မြုပ်စေချင်။ ပုရုးကို ခုချိန်ထိ စွဲလမ်းနေဆဲ သားဘဝထဲကို ပုရုးကို ဝမ်းသာအားရ ဝင်နိုင်းလို့ ဖြစ်။

''ဒါနဲ့ မင်းက ခုချိန်မှာ သားနဲ့ဘယ်လိုပတ်သက်နေတာလဲ၊ ဒီအိမ်ကို ဘယ်လိုရောက်လာတာလဲ''

ဦးရန်အောင်စိုး၏အမေးသည် ပုရုး၏ရင်အစုံကို အက်ဆစ်နှ သုမ်းပက်လိုက်သလို ပူလောင်ပြင်းရှစွာ နာကျင်ခံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မြယာဟာ ပူရူးဆိုတာကို ဘုံဘုံ လုံးဝမသိပါဘူး။ သူမ
ဘုံဘုံဆိုတာလည်း မြယာ ခုမှသိတာပါ၊ ဒီအိမ်မှာ မြယာက အိမ်ဖော်
ဦးဦး"

မယုံကြည်နိုင်လွန်းသော မျက်နှာဖြင့် မြယာကို ကြည့်ပြီး ဦး
ရန်အောင်စိုး သက်ပြင်းကို ခပ်ကြမ်းကြမ်း ချလိုက်သည်။

"အေးလေ လောကမှာ ထင်ထားတာတွေ ဖြစ်မလာဘဲ မထင်
ထားတာတွေ ဖြစ်လာရတာတွေဟာ လူတွေရဲ့ဘဝတွေပဲ၊ လူတိုင်းလူတိုင်း
အနာဂတ်ကို မျှော်ကြည့်လို့ရတာမှ မဟုတ်တာပဲလေ"

ဦးရန်အောင်စိုး တွေးတွေးဆဆလေး ပြောပြီး တစ်စုံတစ်ခု
လေးလေးနက်နက် ပြောရန် အားယူကာ မြယာကို ကြည့်သည်။

"ဒီငါးဟာ ပူရူးဆိုတာကို သား မသိလက်စနဲ့ ပေးမသိစေချင်
လို့ ဦး မေတ္တာ ရပ်ခံချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားမှာ ညီမ
ထားပြီးသား မိန်းကလေးရှိနေလို့ပါ"

ဦးရန်အောင်စိုး၏သတိပေးစကားသည် သူ့အတွက် သူ့
အတွက် အံဝင်ဂွင်ကျဖြစ်နိုင်ပေမယ့် မြယာအတွက်တော့ မျှော်လင့်ချက်
တွေ အစိတ်စိတ်အမွှာမွှာဖြစ်ပြီး ကမ္ဘာအပြင်ဘက် အမှောင်ကမ္ဘာထဲ
လွင့်မျောသွားသလို ခံစားလိုက်ရ၏။





"ဟုတ်ကဲ့ပါ ဦးဦး၊ မြယာဟာ ပူရူးဆိုတာကို ဘုံဘုံ မသိအောင်
နေပေးပါ့မယ်"

နှုတ်က ကတိပေးစကားဆိုလိုက်ရပေမယ့် နှလုံးသားနေရာက
တော့ အဆိပ်သင့်မြားတစ်ချောင်း ထိုးစိုက်မိသလို တဖြည်းဖြည်း ပြာ
နှမ်းပုတ်အဲ့လာသည်။

ခါးသီးလွန်းတဲ့ဘဝသည် ရောင်ခြည်ဖြိုးဖျလာခြင်းမရှိဘဲ
အမှောင်ထဲသို့ တိုးဝင်ကာ တစ်စတစ်စနှင့် အနာဂတ်ပျောက်လုပြီ။

"အေးကွယ် ခုလို ပြုံးနှုန်းခနဲ ပြန်တွေ့ရတဲ့အချိန်မှာ ဝမ်းသာရ
မယ့်အစား ဦးဘက်က ခုလို ခပ်စိမ်းစိမ်း စကားတွေပြောမိတဲ့အတွက်
ပူရူးအပေါ်မှာ မတရားရာကျနေမယ်ဆိုတာ ဦး သိပါတယ်၊ စိတ်လည်း
မကောင်းပါဘူး၊ သား သိခဲ့ရင်လည်း အရမ်းကို စိတ်ဆိုးဒေါသထွက်မှာ
သေချာပါပဲ၊ ဒါပေမဲ့ ဦးက မိဘလေ၊ သားတစ်ယောက်ရဲ့ဖခင်တစ်ယောက်
အနေနဲ့ သားရဲ့အနာဂတ်ရှေ့ရေးကို သူ့ သဘောကျသည်ဖြစ်စေ၊
ကျသည်ဖြစ်စေ တရားနည်းလမ်းကျသည်ဖြစ်စေ မကျသည်ဖြစ်စေ
အတွက်ကို ရှေ့တန်းတင်ပြီး ခြယ်လှယ်ရဦးမှာပဲ၊ အဲဒီအတွက် ပူရူးက
ဦးကို နားလည်ပေးစေချင်ပါတယ်"

"ဦးဘက်ကို ပူရူးအနေနဲ့ ဒီတစ်ခု လိုက်လျောပေးခဲ့မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဦးအနေနဲ့ ပူရှုံးရဲ့အနာဂတ်ကို ဒီထက်ကောင်းမွန်အောင် ကူညီထောက်
ပေးနိုင်မှာပါ''

မြယာ နားဝင်အောင် တရားချတောင်းဆို မက်လုံးတွေပေး
သော ဦးရန်အောင်စိုး၏စကားတွေကို မြယာ ဘာတစ်ခုမှ စောဒက
မတက်မိတော့။

မြယာဘက်က ဘုံဘုံကိုရင်ဆိုင်ဖို့ အင်အားမှမရှိတာ။

ဒီတော့ ကိုယ့်ရဲ့နှလုံးသားကျဆုံးခန်းကို ကိုယ်ကိုယ်တိုင် ရင်
နာနဲ့ ထိုင်ကြည့်ပြီး ခပ်တိတ်တိတ် ငိုရှိုက်ရုံပေါ့။

ခါးသီးလွန်းတဲ့ ဘဝရယ်။

■ ■ ■





အခန်း (၂၆)

လောကဓံ၏ရက်စက်ကြမ်းကြုတ်ခြင်း မျက်နှာကြက်တို့သည်
မြယာ၏ကိုယ်ပေါ်သို့ ရိုင်းစိုင်းကြမ်းတမ်းစွာ ပြိုကျနေဆဲ။

ခါးသီးလှသော ကိုယ့်ဘဝကိုယ် စိတ်နာလွန်း၍ အာခေါင်ခြစ်
ပြီးတော့သာ အော်ဟစ်ငေါက်ငမ်းလိုက်ချင်ပါသည်။

တစ်ညလုံး ငိုထား၍ မို့အစ်နီထွေးနေသော မျက်နှာသည်
ရင်ထဲက အပူသောကတွေကို ဟန်ဆောင်ပန်ဆောင်လေးတောင် မဖုံးဖိ
သေးနိုင်။

ထမင်းစားပွဲ ပြင်ဆင်ပေးနေသော မြယာ၏ညှိုးနွမ်းသော
မျက်နှာရိပ်မျက်နှာကဲကို အထာနပ်လွန်းသော ကမ္ဘာ သတိထားမိလိုက်
ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မေမြယာ မင်း နေမကောင်းဘူးလား"

"ရှင် သူငွေး"

"မင်းမျက်နှာ ဘာဖြစ်နေတာလဲ"

"ဟို ဘာမှမဖြစ်ပါဘူး"

ဦးရန်အောင်စိုး ထမင်းစားပွဲမှာ ဝင်ထိုင်ထိုင်ချင်း သား၏ အမေးကြောင့် မြယာကို ဖျတ်ခနဲ အကဲလှမ်းခတ်လိုက်သည်။ ထို့နောက် သားကို အာရုံပြောင်းသည့်အနေဖြင့်

"သြော် သားရေ ဒီနေ့ညနေ နန်းဆန်တို့အိမ်မှာ ဖေဖေ့ကို ထမင်းစားဖိတ်ထားတယ်၊ သားတို့ မင်္ဂလာကိစ္စဆွေးနွေးချင်လို့တဲ့လေ"

"ကျွတ် ဖေမေရာ အဲဒီကိစ္စကို နန်းဆန်နဲ့သားနဲ့ နားလည်မှု ယူပြီးပြီလေ၊ ခုချိန်မှာ စီးပွားရေးလုပ်ငန်းထက် လက်ထပ်ဖို့ကိစ္စကို အရင်ဦးစားမပေးနိုင်သေးဘူး ဖေဖေ"

"ဟ မင်း ဘယ်လိုပြောလိုက်တာလဲ သားရ၊ မင်းအရွယ်က အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီလေ၊ အဲဒီကိစ္စကို အရင်ဆုံး ဦးစားပေး စဉ်းစားသင့်တာ မဟုတ်ဘူးလား။ အိမ်ထောင်ပြုပြီးမှ စီးပွားရှာလည်း ဖြစ်တဲ့ကိစ္စပဲ"

ဦးရန်အောင်စိုး အေးစက်စက်နိုင်လွန်းသော ကမ္ဘာ အပြုအမူ





တွကို မနှစ်မြို့တော့၊ ဘာသဘောနှင့် နန်းဆန်ကို လက်ထပ်ဖို့ တွန့်ဆုတ် နေရတာလဲ။ မြယာဟာ ပုထုံးဆိုတာ သိသွားရင်လည်း ထားတော့ ခုတော့ ဂျိုဝှက်ချက်ကိုလည်း မသိဘဲနှင့် ဘာကြောင့် နန်းဆန်ကို လက်မထပ် ချင်ရသေးတာပါလဲ။

"ဒါပေမဲ့ သားမှ လက်မထပ်ချင်သေးတာ ဖေဖေ၊ နန်းဆန်ကို လက်ထပ်ပြီးရင် သား နောင်တအကြီးအကျယ် ရလိမ့်မယ်လို့ သား စိတ်က အလိုလိုသိနေတယ်"

ကမ္ဘာ၏အကြောင်းပြချက်က ဦးရန်အောင်စိုး၏ဆန္ဒကို မပယ် ချက်နိုင်။

"တော်စမ်း သား၊ မင်း အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့၊ မိဘက သင့်တော်မယ်ထင်လို့ စီစဉ်ထားတာကို မင်း ဖျက်လိုဖျက်ဆီး မလုပ်ပါနဲ့၊ ကံကြမ္မာက ပေးတဲ့အကောင်းဆုံး အခွင့်အရေးကို မင်း ငြင်းပယ်မယ်ဆိုရင် မင်းလောက်မိုက်တဲ့ကောင် ဒီကမ္ဘာမှာ ရှိနိုင်ပါဦးမလား"

သားအဖနှစ်ယောက်၏အခြေအတင် ပွဲလေးကို ဘေးမှနား ထောင်ရင်း မြယာရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် စိတ်တွေလှုပ်ရှား လာ၏။ အနေခက်လာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဘုံဘုံက နန်းဆန်ကို လက်မထပ်ချင်ရတာလဲ။ မချစ်လို့ လက်မထပ်ချင်တာလား။ ဒါမှမဟုတ် ဘုံဘုံ့ရင်ထဲမှာ ပုရူးဆိုတဲ့ ကောင်မလေး ရှိနေသေးလို့လား။

အစည်းအတား အနှောင်အဖွဲ့တွေသာ မရှိဘူးဆိုရင် ခုချိန်မှာ ဘုံဘုံကို အားရပါးရ ဖက်တွယ်ပြီး ငါဟာ နင့်ရဲ့ငယ်သူငယ်ချင်း ပုရူးပါလို့ ဖွင့်ပြောလိုက်ချင်ပါရဲ့ ဘုံဘုံ။

ဒါပေမဲ့ ကံကြမ္မာက ငါ့ကို အဲဒီလောက် အခွင့်အရေး မပေးဘူး။ အမှန်ဆို ဘဝမှာခါးသီးမှုတွေကိုပဲ မနှစ်မြို့စွာ ဝါးမြိုခဲ့ရတဲ့ ပုရူးမဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ချိုမြိန်ခြင်းရသတွေ ကြည်နူးခြင်းတွေ လှိုက် မော ရင်ခုန်ခြင်းတွေ ဆုံဆည်းခြင်းတွေ ဒါတွေအားလုံးကို တစ်ဖုံလောက် ပိုင်ဆိုင်ခွင့်ပေးသင့်တာပေါ့။ ခုတော့ ထိုသို့မဟုတ်ဘဲ ချိုမြိန်ခြင်းနှင့် ဆန့်ကျင်ဘက် ခါးသီးခြင်းတွေကိုသာ ရက်ရောစွာ ပေးကမ်းစွန့်ကြဲနေတာကတော့ လောကကြီး သိပ်ကို မတရားလွန်းရာ ကျမနေဘူးလား။

လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်ခန့်က ငါတို့ အတူ မော့ကြည့်ခဲ့တဲ့ကောင်းကင်ပြာကြီးရယ် အတူတူ ပလုံကောက်ခဲ့ကြတဲ့ ပုတ်သိုးနံ့စော်နေတဲ့ နောက်ဖေးလမ်းကြားတွေ၊ ပူပြင်းနွေးအိလွန်းတဲ့





အရောင်တောက်တောက် နေရောင်ခြည်တွေ၊ ဒါတွေအားလုံးက အတိတ်မှာ ကျန်ခဲ့ပြီ။ ငါ့ကို နည်းနည်းလေးတောင် ဖေးကူနိုင်ခြင်း မရှိတော့ပါလား။ ဘုံတုံ ငါဟာ ပုရူးပါလို့ နင့်ကိုပြောမပေးနိုင်ကြတော့ဘူးလားဟယ်။ ငါ သိပ်ကို ဝမ်းနည်းအားငယ်မိတယ် ဘုံဘုံရယ်။

"မချစ်မနှစ်သက်တဲ့သူနဲ့ တစ်ဘဝလုံး အတူနေဖို့ မိုက်ရူးရဲဆန်ဆန် လက်ထပ်တာကမှ မိုက်မဲတာပါ ဖေဖေ၊ သားကတော့ ဖေဖေထင်သလို သားကိုယ်သား မိုက်မဲတဲ့သူလို့ မထင်ဘူး။ သစ္စာတရားကြီးမား လွန်းသူ၊ သံယောဇဉ်တွယ်လွန်းသူလို့ပဲ တွေးတွေးပြီး ဂုဏ်ယူချင်တယ်"

ချိုးချိုးကျနေတဲ့ အားငယ်စိုးရွံ့သော အတွေးတွေသည် ကမ္ဘာ၏ အားအင်အပြည့်ပါသော ယုံကြည်ချက်တွေ ထုံမွမ်းထားသော စကားလုံးအောက်တွင် ပြန်လည်နိုးကြားတက်ကြွလာကြပြန်သည်။

"ဒါပေမဲ့ ငါ လက်နဲ့ရေးထားတာကို မင်း ခြေနဲ့မဖျက်ချင်နဲ့တော့ ကမ္ဘာ၊ ငါတို့ ဒီဘဝရောက်အောင် ကံကြမ္မာက ငါတို့ကို ဘယ်လောက် အခွင့်အရေးတွေပေးခဲ့သလဲ၊ တွေးကြည့်ရင် အရမ်းပုံပြင်ဆန်လွန်းတယ်၊ ဒီလိုအခွင့်အရေးမျိုး ဒီလို အကျိုးရလဒ်ကောင်းတွေကို ငါတို့ကလွဲပြီးရတဲ့သူ ရှားပါးတယ်ကွ၊ ပုံးပေါ်လအောပေးနေတဲ့ အခွင့်အရေးကောင်းတွေကို မလိုချင်တော့ဘူးလို့ အော်ဟစ်ပြီး ဘောလုံးကာစ်



www.burmeseclassic.com

www.burmeseclassic.com



လုံးလို ပုတ်မထုတ်ပစ်ချင်ပါနဲ့ ကမ္ဘာရာ၊ ကံကြမ္မာက မင်းကို ဒဏ်ခတ်သွားလိမ့်မယ်''

''ဒါပေမဲ့ ကျွန်တော် ရင်ထဲက တစ်ယောက်ကိုတွေ့အောင် ရှာချင်သေးတယ် ဖေဖေ၊ သားရဲ့လွတ်လပ်မှုကို မပိတ်ပင်ပါနဲ့၊ သား အနူးအညွတ် တောင်းပန်ပါတယ်''

ကမ္ဘာ၏စကားအလုံးပေါင်းများစွာသည် မြယာအတွက် ဘယ်တော့မှ မသေဆုံးတော့လောက်အောင် စိတ်ဓာတ်ခွန်အားတွေ ပေးစွမ်းလို့နေ၏။

ပူစူးကို ရှာနေသေးတယ်တဲ့လား ဘုံဘုံ။ ပူစူးက ရှင့်အနားမှာ ရောက်နေပါပြီ။ ရှင် လက်ကမ်းကြိုလိုက်ရုံပါပဲ။

■ ■ ■



## အခန်း (၂၇)

ခြံထဲမှ ထီးလေးဆောင်းကာ ထွက်လာသော မြယာကို မြင်တော့ ဆိုင်မှပြန်လာသော ကမ္ဘာ ကားကိုအရှိန်လျှော့ပြီး မေးရစ်လိုက်ကာ

''ဒါက ဘယ်လဲ မြယာ''

''အိမ်ကို ခဏပြန်မလို့ပါ သူဌေး''

''ဘာပြန်လုပ်မှာလဲ''

''မြယာ့ရဲ့လစာ အမေ့ကို ပြန်ပေးမလို့ပါ''

''ဒါဆို ကားပေါ်တက် ငါ လိုက်ပို့ပေးမယ်''

ကမ္ဘာဘက်က သဘောကောင်းမှုကြောင့် မြယာ အားတုံ့အားနာဖြစ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သူဌေး မြယာဖာသာပဲ သွားလိုက်ပါ့မယ်"

"ကျွတ် ဒီမှာ မင်းကိုလိုက်ပို့ချင်လို့ လိုက်ပို့တာ မဟုတ်ဘူး။ ဒီအချိန်နဲ့ဒီအချိန် သွားတာနဲ့ပြန်တာနဲ့ဆိုရင် မိုးအရမ်းချုပ်မှာစိုးလို့"

ကမ္ဘာ ရုပ်တည်ကြီးနှင့်ပြောတော့ မြယာ ဆက်ပြီး မငြင်းရဲတော့သဖြင့် ကားနောက်ခန်းတံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်သည်။

မြယာ ကားပေါ်ရောက်တော့ ကမ္ဘာ ကားကိုပြန်ကွေ့လိုက်သည်။

ကမ္ဘာစိတ်ထဲမှာလည်း မြယာကို ခပ်ခွာခွာနေသင့်တယ်ဆိုတာ သိပေမယ့် ဘာကြောင့်မှန်းမသိ မြယာအပေါ်မှာ စိမ်းသက်မနေဘဲ ရင်းနှီးကျွမ်းဝင်နေသူတစ်ယောက်လို ခံစားရ၏။ ထို့ကြောင့်လည်း မြယာအပေါ်မှာ မလိုလားအပ်ဘဲနှင့် စေတနာတွေ ပိုနေမိခြင်းဖြစ်၏။

"မင်း အိမ်ပြန်လို့ ပထွေးနဲ့တိုးနေရင် ဘယ်လိုလုပ်မလဲ မြယာ"

ကမ္ဘာ ကိုယ်နှင့်မဆိုင်ဘဲ မြယာအတွက် ပူပင်နေမိသေး၏။ အမှန်ဆို ကိုယ်နှင့်ဘာဆိုင်သလဲ။ အနေသာကြီးပင်။

"မြယာ အပြီးပြန်လာတာမှ မဟုတ်တာ နောက်ပြီး လစာလာပေးတာဆိုတာသိရင် သူ မြယာကို ရန်မလုပ်လောက်ပါဘူး သူဌေး၊ မြယာအတွက် မပူပါနဲ့"





မြယာ၏စကားကြောင့် ကိုယ်နှင့်မဆိုင် ဝင်ပြောမိလေခြင်းဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း အရှက်ပြေပြုံးမိ၏။

"မပူပါဘူး ငါက လိုက်ပို့မိတာမို့လို့ ကိုယ့်ရှူးကိုယ်ပတ်မှာစိုးလို့ ပြောတာ"

ကမ္ဘာ၏ ဂျစ်တစ်တစ်စကားကြောင့် မြယာ ခပ်ဖျော့ဖျော့ ရယ်လိုက်သည်။ သိပ်မကြာခင် အမေ ဲတွေ့တော့မည့် ကမ္ဘာ၏ထူးခြားချက်ကို မြယာ သိချင်နေမိသည်။

မြယာတို့အချင်းချင်း ယယ်ရုပ်တွေပျောက်၍ တစ်ယောက်ကိုတစ်ယောက် မမှတ်မိကြပေမယ့် မြယာ ဘိုဘို အဖေကို မှတ်မိခဲ့သည်။

မြယာ မှတ်မိခဲ့သလို ဘိုဘိုကရော မြယာ၏အမေကို မှတ်မိနိုင်ပါ့မလား။ ခုလို ဆုံတွေ့ပေးဖို့ ရည်ရွယ်မထားပေမယ့် ကံတရားက ဖန်လာပေးတော့ မြယာအဖို့ အလိုက်သင့်လေး မှိန်းနေလိုက်ရုံပေါ့။

ရုပ်ရှင်တွေထဲမှာလို မင်းသမီးက သူ့ငယ်သူငယ်ချင်းကို မှတ်မိပေမယ့် သူငယ်ချင်းရဲ့ရှေ့ရေးကို ငဲ့ပြီး ဖွင့်မပြောဘဲနေရအောင်လည်း မြယာနှင့်ကမ္ဘာအဖြစ်က အနည်းငယ် ရုပ်ရှင်ဇာတ်ကွက်ဆန်ပေမယ့် တကယ် ရုပ်ရှင်မဟုတ်၍ မျှော်သိပ်မထားချင်ပေ။

သိပ်မကြာတော့မယ့် တဒင်္ဂလေးမှာ ဖြစ်ပေါ်လာမယ့် ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ရင်တထိတ်ထိတ်နဲ့ မျှော်လင့်စောင့်စားနေမိ၏။

"ဟော့ မေမြယာ"

အတွေးလှိုင်းတွေ ကားစက်သံတွေကြားထဲမှ ဖြုန်းခနဲ ပေါ် ထွက်လာသော မတိုးမကျယ်သော ခေါ်သံကြောင့် အတွေးအိမ်ထဲမှ ဖျတ်ခနဲ ရုန်းထလိုက်ပြီး

"ရှင် သူဌေး"

"ဟာကွာ မေးနေတာ ဘယ်နှစ်ခွန်းရှိပြီလဲ၊ ကျွတ် နောက်ခန်း မှာ တစ်ယောက်တည်းထိုင်ပြီး ဘာတွေ ဗီလင်ဝင်နေလဲမသိပါဘူးကွာ"

ကမ္ဘာ နောက်ကြည့်မှန်ထဲမှ မြယာကို လှမ်းကြည့်ကာ ဓေါက် ဆတ်ဆတ်ဖြင့် အပြစ်လှမ်းတင်၏။

မြယာ အားတုံ့အားနာဖြစ်သွားသည်။

"မြယာ မကြားလိုက်လို့ပါ သူဌေး၊ ဘာပြောလိုက်တာလဲ"

"သူများမောင်းတဲ့ကားကို စီးကောင်းကောင်းနဲ့ ဇိမ်ခံစီးနေ တယ်၊ ဘယ်ကိုမောင်းပေးရမယ်ဆိုတာကိုတော့ မပြောသေးဘူး"

"ဟို သဃ်န်းကျွန်းဘက်ကိုမောင်းပါ သူဌေး၊ မြယာ အဲဒီနား ရောက်မှ လမ်းညွှန်ပြောပါမယ်"

နှစ်ဦးသား နောက်ထပ် ဘာစကားမှ မဆိုဖြစ်တော့။

■ ■ ■

ဒိုး မို့၊ ၁၁၄ ပ

## အခန်း (၂၈)

ဒေါ်နှင်းခ အိမ်ရှေ့ခန်းတွင် လူသံကြား၍ အိပ်ရာထက်မှာ လှဲနေရာမှ ခပ်လေးလေး ထလိုက်သည်။ နေမကောင်း၍ အိပ်ရာမှ လှဲနေပါသည်ဆိုမှ အိမ်ကိုဘယ်သူလာပြန်ပြီလဲ မသိ။ ကိုကျော်စိန်များ လား။

"အမေရေ အမေ"

အတွေးနှင့်အတူ အိပ်ခန်းထဲမှအထွက် မြယာ၏အသံကြောင့် ဒေါ်နှင်းခ ပျော်ရွှင်သွားရသည်။ ထို့နောက် အခန်းထဲမှ အိမ်ရှေ့ခန်းသို့ အမြန်ထွက်လိုက်ရသည်။

"သမီး သမီးလေး"

ဒေါ်နှင်းခ သမီးကို တွေ့ရတော့ ရောဂါတစ်ဝက်ယက်သွား

ဒိုး မို့၊ ၁၁၄ ပ

www.burmeseclassic.com

www.burmeseclassic.com



သလို လူက ပြုံးရွှင်ရယ်မောသွားသည်။

"လာ သမီး လာ၊ အမေ ခုပဲ ငါ့သမီးကို သတိရနေတာကွယ်"

"အမေ နေကောင်းတယ်နော်"

"အေး ဒီလိုပါပဲ သမီးရယ်၊ ခုကောင်းလိုက် ခဏကြာ မကောင်းလိုက်နဲ့ လူကဲ ဂနာမငြိမ်ရပါဘူးကွယ်"

ဒေါ်နှင်းခ သမီးကို ဝမ်းသာအားရ ပြောနေရာမှ သမီး နောက်မှ လိုက်လာသော လူရွယ်ကိုတွေ့၍ သားအမိချင်း လွတ်လပ်စွာပြောဆိုနေခြင်းကို ကိုယ်ရှိန်သတ်ပြီး

"ဩော် သမီးသည်သည် ပါတာကိုး"

"ဟုတ်ကဲ့ အမေ၊ အဲဒါ သမီးရဲ့သူဌေးပါ"

သူဌေးဆို၍ ဒေါ်နှင်းခ ပျာပျာသလဲ ဖြစ်သွားသည်။

"သူဌေးလား ဩော် သမီးရယ်၊ ဒါနဲ့များ နေရာမပေးပဲ ဒီအတိုင်းကြီး ရပ်နိုင်းထားရသလား၊ လာ သူဌေး ထိုင်ပါရှင်"

အမေ့၏ပျူငှာစွာ ဖိတ်ခေါ်မှုနှင့် ကမ္ဘာ၏အေးစက်စက် အပြုံးနှင့် တုံ့ပြန်သော အမူအရာတို့ကို မြယာ မသိမသာ အကဲခတ်ကြည့်နေမိသည်။

အမေက ဘုံဘုံဆိုတဲ့ ရုပ်နှင့် ကမ္ဘာကို မတွဲမိ၍ မမှတ်မိနိုင်





ပေမယ့် ကမ္ဘာကတော့ မှတ်မိနေရမည်။

သို့သော် ကမ္ဘာဘက်က ထူးခြားစွာ ပြောင်းလဲခြင်းမရှိသဖြင့် မြယာ မျှော်လင့်ချက်မဲ့သလို ဖြစ်သွားကာ စိတ်မကောင်း ဖြစ်မိ၏။

"သူဌေး ထိုင်ပါ၊ သမီးရေ အမေတို့ သူဌေးကို ဘာနဲ့ဧည့်ခံကြမလဲ"

ဒေါ်နှင်းခ ကိုယ့်အခြေအနေနှင့် သူဌေးကို ဘယ်လိုဧည့်ခံရမှန်းမသိ၍ မြယာကို ခပ်တိုးတိုး မေးလိုက်သည်။

ကမ္ဘာကလည်း ကြားဖြစ်အောင် ကြားသည်။ ထို့ကြောင့် ဖိုက်ဘာခုံကလေးမှာ ဝင်ထိုင်လိုက်ပြီး

"အန်တီ ဘာနဲ့မှမဧည့်ခံပါနဲ့၊ ရပါတယ်၊ ကျွန်တော် ဘာမှစားနိုင်မှာမဟုတ်ပါဘူး"

"အို အားနာစရာကြီးကွယ်၊ တစ်ခုခုနဲ့တော့ ဧည့်ခံမှဖြစ်မှာပေါ့"

ဖွတ်အတွင်း ဧည့်ဝတ်ကျေချင်နေသော အမေ့ကို မျက်ရိပ်လှမ်းပြလိုက်ပြီး

"ဒီလို နိမ့်ကျတဲ့နေရာကို လာနိုင်းမိတဲ့အတွက် မြယာ စိတ်မကောင်းပါဘူး သူဌေး၊ အားလည်းနာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး မင်းလိုက်ပို့နိုင်းတာမှ မဟုတ်တာ ငါ လိုက်ပို့

ပဲ"

အပြုံးအရယ်မရှိဘဲ ပြောနေသော ကမ္ဘာကို ဒေါ်နှင်းခ မို

သိမ်ငယ်စွာဖြင့်ကြည့်ပြီး နောက်ထပ် ရွှန်းရွှန်းဝေအောင် စကားမ

မပြောတော့။

"အမေ ဒါ သမီးရဲ့သူဌေး ဦးကမ္ဘာမြေတဲ့"

ကမ္ဘာ ဒေါ်နှင်းခကို အပြုံးမပါသော အသိအမှတ်ပြုခြင်း

ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

ကမ္ဘာစိတ်ထဲမှာ ဒီအဒေါ်ကြီး မျက်နှာကို တစ်နေရာမှာ မြ

ဖူးသလိုလို ဖြစ်မိပေမယ့် အရေးတယူ မစဉ်းစားမိ။

"သူဌေး ဒါ မြယာရဲ့အမေ ဒေါ်နှင်းခပါ"

မြယာ စိတ်ထဲမှာ အမေ့နာမည် ရွတ်ပြလိုက်လျှင်-ပူစူး

သားအမိကို မှတ်မိကောင်း မှတ်မိကောင်းစေဆိုသော မျှော်လင့်ချက်ဖြ

အမေ့နာမည်ကို ရွတ်ပြလိုက်ခြင်း ဖြစ်သည်။ သို့သော် မြယာ၏မျှော်

လင့်ချက်တွေသည် ဘယ်လိုမှ အရာမထင်ခဲ့။

ဒေါ်နှင်းခဆိုသော နာမည်ကိုလည်း လုံးဝ မမှတ်မိတော့

"သူဌေးရယ် အလုပ်ထဲမှာ ကျွန်မ သမီးလေး မှားယွင်းခဲ့တာ





ရှိရင် ခွင့်လွှတ်ပေးပါ၊ မလိမ္မာတာရှိရင်လည်း ဆုံးမပါ ကျွန်မ အပ်ပါ

တယ်"

ဒေါ်နှင်းခ ကိုယ့်သမီးနှင့်ရွယ်တူလောက် လူငယ်လေးကို ရိုကျိုး

စွာ ပြောနေရှာသော အမေ့ကို ကြည့်ပြီး သနားသွား၏။

ဒါ့အပြင် ကမ္ဘာကို ငါဟာ ပူစူးပါ နင် ဘာလို့ ငါ့ကို မမှတ်မိ

ရတာလဲလို့ ကမ္ဘာ့ရင်ဘတ်ကိုထုကာ ငိုပြီးပြောပစ်လိုက်ချင်ပါသည်။

သို့သော် မြယာ ထိုသို့ ဘယ်တော့မှ ပြောလိမ့်မည်မဟုတ်။

"မြယာက လိမ္မာပြီးသားပါ အန်တီ၊ သူ နေတတ်ပါတယ်"

အလုပ်ရှင်က သမီးဖြစ်သူကို အပြစ်မမြင်သဖြင့် ဒေါ်နှင်းခ

အတော်လေး စိတ်အေးရ၏။ မှာမည့်သာမှာတာ ကိုယ့်သမီးက လိမ္မာ

ရေ ဂုဏ်ရှိပြီး အရိပ်အကဲ နားလည်တဲ့သူတစ်ယောက်ပါ။

ဒေါ်နှင်းခအဖို့ သမီးလေးကို ဖြစ်နိုင်လျှင် ထိုသို့သော အလုပ်

ကိုတောင် လုပ်ခိုင်းချင်တာ မဟုတ်။ အိမ်ဖော်အလုပ်နှင့် သမီးလေး

ရုပ်ရည် မလိုက်ဖက်မှန်းလည်း သိသည်။ ခိုင်းလည်းမခိုင်းရက်။ သူများ

အိမ်မှာ ကျွန်ခံနေရသော သမီးလေးအဖြစ်ကို တွေးမိတိုင်း ဒေါ်နှင်းခ

ရင်မှာ မီးမြိုက်သလို ပူလောင်ရ၏။

ကိုယ့်ရင်ငွေ့မှာ သမီးလေးကို ထားချင်ပေမယ့် ပထွေး၏နှိပ်စက်မှု



www.burmeseclassic.com

www.burmeseclassic.com



မင်းထက်သော အပြုအမူတွေကြောင့် ခုလို လုံခြုံစိတ်ချရသောနေရာ… အလုပ်လုပ်ဖို့ မနှစ်မြို့ပေမယ့် ရင်နာနာနှင့် အသာကြည့်နေရခြင်း ဖြ… သည်။

"ကဲ အမေ သမီး အကြာကြီးနေချင်ပေမယ့် အပြန်အ… မှောင်မှာစိုးလို့ နောက်မှပဲ ခွင့်တစ်ရက်ယူပြီး လာခဲ့မယ်နော် အမေ…"

မြယာ အမေ၏လက်ချောင်းလေးတွေကို တယုတယ ဆုပ်ကိုင်… ကာ နှုတ်ဆက်စကားဆိုပြီး

ချည်သားဖော်ဆွဲအိတ်လေးထဲမှ စာအိတ်နှင့်အဆင်သင့်ထည့်… ထားသော ငွေကို အမေ့လက်ထဲ တရိုတသေ ထည့်ပေးလိုက်၏။

"အမေ မယူရက်ပါဘူး သမီးရယ်၊ သမီးဖာသာပဲ ပြန်ယူပြီး… သိမ်းထားလိုက်ပါ နောက်ပြီး အမေ့မှာ ဒီငွေတွေရှိမှန်းသိရင် ကိုကျော်စိ… က မျက်စောင်းထိုးဦးမယ်၊ ဒင်းကိုတော့ အမေ့သမီး ကျွန်ခံလို့ရ… ချွေးနည်းစာကို ပေးမသုံးနိုင်ဘူး သမီးရယ်"

ဒေါ်နှင်းခ ပြောရင်းမှ အသံတွေ အက်လာကာ ပါးပြင်… မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ဒေါ်နှင်းခ ငိုတော… မြယာပါ မျက်ရည်ဝဲတက်လာသည်။

"အမေ မငိုပါနဲ့ အမေရယ်၊ အမေ ငိုတော့ သမီး ငိုချင်တ…





…ပဲ သမီး အလုပ်လုပ်နေတာ သမီးအတွက် မဟုတ်ဘူး၊ အမေ့အတွက်ပါ …အမေရယ်၊ အမေပဲ သုံးပါ နောက်ပြီး ဦးကျော်စိန်ကိုလည်း ပေးသုံးလိုက် …ပါ အမေရယ်၊ သူက သမီးအဖေအရင်းမဟုတ်ပေမယ့် သမီးကို ကျွေး …မွေးခဲ့တဲ့ ကျေးဇူးက ရှိသေးတယ် မဟုတ်လား"

"လိမ္မာလိုက်တဲ့သမီးရယ်၊ ငါ့သမီးလေး လိမ္မာလို့ ခုလို လူသူ …တော်ကောင်းတွေနဲ့ ဆုံရတာနေမှာ"

အမေ လက်ထဲကို ငွေစက္ကူအိတ်ထည့်ပေးပြီး မျက်ဝန်းမှ …မျက်ရည်စတွေကို လက်ချောင်းလေးတွေဖြင့် ဆွဲဖယ်သုတ်လိုက်ရင်း အမေ့ …ပါးကို မြယာ တစ်ချက်နမ်းလိုက်သည်။

"အမေ ကျန်းမာရေး ဂရုစိုက်နော်"

"အင်းပါ အမေရယ်၊ သမီးလည်း အမေ အသက်ရှည်ပါစေ …လို့ ဘုရားမှာ အမြဲဆုတောင်းတယ် သိလား"

"အမေကလည်းလေ သမီးလေးရဲ့ငယ်သူငယ်ချင်းလေးကို ရှာ တွေ့ပါစေလို့ ဘုရားရှိခိုးတိုင်း ဆုတောင်းပေးပါတယ် သမီးရယ်"

အမေ့စကားကြောင့် မြယာ ကမ္ဘာကို ဝေ့ခနဲ လှမ်းကြည့်လိုက် သည်။ ကမ္ဘာ နားထောင်နေပေမယ့် ကမ္ဘာ မျက်နှာရိပ်မျက်နှာကဲမှာ အံ့ဩမှုတစ်စုံတစ်ရာကိုသော်မျှ ရှာမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ ပြန်တော့ သမီး၊ သူဌေး စောင့်နေရတာ အားနာဖို့ကောင်းနေပြီ"

"ဟုတ်ကဲ့ အမေ၊ သမီး ပြန်တော့မယ်နော်"

မြယာ အမေ့ကို နှုတ်ဆက်ပြီး ထလိုက်သည်။ မြယာ ထတော့ ကမ္ဘာပါ ထိုင်ရာမှ ထလိုက်သည်။

"အန်တီ ပြန်ပါဦးမယ်"

ကမ္ဘာ ဒေါ်နှင်းခကို လူမှုရေးအရ နှုတ်ဆက်လိုက်သည်။ ပြီးနောက် ယိုင်နဲ့နဲ့ လှေကားမှ သူ့အရပ် ဂလန့်ဂလားဖြင့် ထိန်း၍ဆင်းလာရသည်။

မြယာ ရင်ထဲမှာ ဝမ်းနည်းလာသည်။ အိမ်အောက်ကို ရောက်မှ ငိုချင်စိတ်တွေက ပို၍ ပြင်းပြလာသဖြင့် ကားတံခါးဖွင့်ပြီး အမြန်ဝင်ထိုင်လိုက်ရ၏။

ဒီတစ်ခါ ကျတဲ့မျက်ရည်က ကမ္ဘာကြောင့်ပါ။

■ ■ ■



## အခန်း (၂၉)

"ဟော့ ကားပေါ်မှာ ဘာဖြစ်လို့ နှပ်ချေးတရှုံ့ရှုံ့ လုပ်နေတာလဲ"

ငိုထား၍ နှပ်ချေးတရှုံ့ရှုံ့ဖြစ်နေသော မြယာကို ကြည့်ပြီး ကမ္ဘာ အတည်ပေါက်နှင့် နောက်လိုက်၏။

ဘယ်လိုကောင်မလေးလဲမသိဘူး။ လူရှေ့မရှောင် သူရှေ့မရှောင်ငို။ မျက်ရည်ပေါက်တစ်လုံး တစ်လုံးကလည်း အကြီးကြီးတွေ။ ကားပေါ်ရောက်လို့ အငိုရပ်သွားပြန်တော့ နှာရည်ယိုရှဲတပို့တွဲ ဖြစ်နေ၏။

"ရော့ ဒီတစ်ရှူးနဲ့သုပ်"

မြယာ ရှက်ရှက်နှင့် လှမ်းပေးလာသော တစ်ရှူးကို ယူကာ နှာသီးဝတွင် ဝင်စို့ထွက်စို့ဖြစ်နေသော နှာရည်တွေကို ဗျစ်ခနဲ ညှစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ မျက်နှာရှုံ့မဲ့သွားသည်။

''ဟာကွာ တကယ် ညစ်ပတ်တယ်''

ကားမောင်းရင်း ခပ်တိုးတိုး ပြောနေသော ကမ္ဘာကို မြယာ မကျေမနပ် ဘုကြည့်လှမ်းကြည့်လိုက်သည်။ မြယာ မျက်စိထဲမှာ သူ့ရှေ့ တစ်ယောက်ဟု မမြင်မိတော့ဘဲ ငယ်စဉ်က ပုရှုးရဲ့အချစ်ဆုံးသူငယ်ချင်း ဘုံဘုံဟူသော အမြင်ဖြင့်သာ မြင်လိုက်ပြီး မျက်စောင်းလှမ်းရွယ်လိုက် သည်။

''ဟွန်း၊ ငိုရင်တော့ နှပ်ချေးထွက်မှာပေါ့လို့၊ လူတွေ နှာခေါင်း က ထွက်တဲ့ နှပ်ချေး မညစ်ပတ်ပဲနေမလား။ ကိုယ့်နှပ်ချေးပဲ သန့်တယ် ထင်မနေနဲ့''

''ဟာ နှပ်ချေး မှန်သမျှ ရွံစရာကောင်းတယ်ကွ''

''ဘယ်သူကရော သန့်တယ်ပြောနေလို့လဲ၊ သူ့ဟာသူ နှာခေါင်း ထဲက အလိုလို ထွက်လာတာကို မထွက်နဲ့လို့ ပြောလို့ရမလား''

မြယာ ကမ္ဘာကို ဘုံဘုံဆိုသော အသိစိတ်ဝင်ပြီး ဘုတောနေမိ ၏။ နှုတ်ခမ်းစူထော်ကာ ပြောနေသော မြယာကို ကမ္ဘာ ကားမောင်းနေ ရင်းမှ သတိလက်လွတ် သေချာကြည့်မိလိုက်သည်။

မြယာ ခုလို ရန်တွေ့နေပုံလေးကိုမြင်ပြီး ပုရှုးကို သတိရသွား





မိ၏။ ကားကို ကျွီခနဲ ရပ်လိုက်သည်။

ငယ်စဉ်တုန်းက ပုရှုးငိုရင် ခုလိုပဲ နှပ်ချေးတွေက တရှုံ့ရှုံ့နှင့် ဆားမှာ ထိုင်နေတဲ့ ဘုံဘုံက ထိုနှပ်ချေးရှုံ့သံကို နားငြီးလာသဖြင့် မြယာကိုပြောသလို ပြောမိ၏။ ထိုသို့ပြောမိသည့်အခါတိုင်း ပုရှုးကလည်း စောစောက မြယာပြောသလို ပြန်ပြောတတ်စမြဲ။

ကမ္ဘာ စိတ်လှုပ်ရှားလွန်းစွာ အတိတ်ကို ပြန်တွေးပြီး မြယာကို သတိလက်လွတ် ငေးမောမိ၏။

မြယာဟာ ပုရှုးများဖြစ်နေမလားဟု ရှူးနှမ်းစွာဖြင့် အတွေး ရောက်လာသည်။ သို့သော် ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်။ ပုရှုးက ငယ်စဉ် ကတည်းက ချမ်းသာသွားပြီပဲ။ ခုလောက်ဆို သူ့ပတွေးက ချမ်းသာတော့ ဘယ်နိုင်ငံမှာ အခြေချနေထိုင်နေသလဲတောင် မသိ။

ကိုယ့်မှာသာ ပုရှုးကို တမ်းတမိနေပြီး ခုချိန်ထိ ခံစားမှုတွေ ဗိုမိုနက်ရှိုင်းလာကာ သူငယ်ချင်းအဖြစ်ကနေ ချစ်သူဖြစ်ဖို့အထိ ခံစား ချက်တွေ ပြောင်းလဲစိတ်ကူးယဉ်ခဲ့မိသည်။

စိတ်ထဲမှာလည်း ပုရှုးနှင့် တစ်ချိန်မှာ ပြန်ဆုံရမယ်ဟု မျှော်လင့် မိသည်။ ယုံလည်း ယုံကြည်နေသည်။

ကမ္ဘာ အတွေးနှင့်အတူ မြယာကို သတိလက်လွတ် ငေးမောနေ



www.burmeseclassic.com

www.burmeseclassic.com



မိသော ကိုယ့်အဖြစ်ကို ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

တကယ်တော့ မြယာက ပူစူးမှ မဟုတ်တာဘဲလေဟူသော ဖြေသိမ့်တွေး တွေးမိပြန်သည်။

ဒီည ကမ္ဘာ့စိတ်တွေ အနည်းငယ် ထူးဆန်းနေ၏။ ပူစူးကို ဒီညကျမှ ဘာကြောင့် ပြင်းထန်စွာ သတိရမိနေသလဲဆိုတာ ကိုယ့်ကိုယ် ကိုယ်ပင် မစဉ်းစားတတ်တော့။

တစ်ခါတစ်ရံ ပူစူး ကိုယ့်အနားရောက်နေသလို ခံစားမိတိုင်း ပူစူး ရှိနေသော နေရာကို အပြေးအလွှား သွားချင်မိသော စိတ်တို့သည် ရင်မှာ တားမရဆီးမရ ဖြစ်ပေါ်မိပြန်၏။

အတိတ်ကို ပြန်ရောက်သွားသော စိတ်တွေကို သတိလေးပြန် ကပ်ရင်း ကားစက်နှိုးကာ မောင်းထွက်ခဲ့၏။

ဒီတော့မှ မြယာလည်း ကိုယ်ပြောတာ လွန်သွားမှန်း သတိဝင် ကာ ကမ္ဘာ့ကို အားနာသွားမိသည်။

ဘုံဘုံရယ် နင် ငါ့ကို အမြန်မှတ်မိပါတော့။

■ ■ ■



## အခန်း (၃၀)

"သား နန်းဆန့်တို့ဘက်က လက်ထပ်ဖို့ရက်ကို ရွှေ့လထဲ လောက် ရွေးမယ်လို့ ဖေဖေ့ဆီ အကြောင်းကြားတယ်"

ဖေဖေ့စကားကြောင့် ထမင်းဝါးနေသော ကမ္ဘာ ဆက်မဝါးနိုင် လောက်အောင် လည်ချောင်းထဲမှာ နင်၍သွားသည်။

"ဒါနဲ့ ဖေဖေ ဘာပြောလိုက်လဲ"

အလောတကြီး မေးလိုက်သော ကမ္ဘာ့စကားကြောင့် ဦးရန် အောင်စိုး လေးနက်သော အကြည့်ဖြင့် ကမ္ဘာ့ကို ကြည့်ကာ

"ဖေဖေ ခေါင်းညိတ်လက်ခံရုံပဲ ရှိတော့တာပေါ့"

ကမ္ဘာ စားချင်စိတ်ပင် မရှိတော့၍ လက်ထဲမှကိုင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဖွန်းနှင့်ခက်ရင်းကို ပန်းကန်ထဲ ပြန်ချလိုက်ပြီး ဘေးမှ အဆင်သင့်ချထားသော ရေဖန်ခွက်ကိုယူ၍ တစ်ငုံငုံလိုက်သည်။

"သား မငြင်းပါနဲ့တော့ကွာ၊ ဖေဖေက လူကြီးဆိုတော့ ကတိစကားတစ်ခွန်းကို တည်ချင်တယ်၊ ဒါကြောင့် ဖေဖေ့ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ သားနဲ့နန်းဆန်ရဲ့ မင်္ဂလာရက်ကို သူတို့စိတ်ကြိုက် ရွေးချယ်ခွင့်ပြုလိုက်ပါကွာ၊ မိဘစကားကို နားထောင်တဲ့ သားဟာ အနာဂတ်မှာ အမြဲတမ်း စိတ်ချမ်းသာရမှာပါ"

"ဒါဆို ကျွန်တော့်ရင်ထဲက ပူစူးကို ဘယ်လိုလုပ်ပစ်ရမလဲ ဖေဖေ"

နောက်ဆုံးအကြိမ်အဖြစ် ဖခင်အား စောဒကတက်ကြည့်၏။

"ဆုံဆည်းဖို့ ကံမပါမှတော့ ဘာကိုမျှော်လင့်နေဦးမှာလဲ သားရယ်၊ မင်းတို့ ဒီဘဝမှာ မဆုံဆည်းဖြစ်ကြတဲ့အတွက် နောင်ဘဝဆုံဆည်း ဖြစ်အောင် ဆုတောင်းပေါ့ကွာ၊ သားကို ဖေဖေ ပြောချင်တာက အရာရာကို အဲဒီလောက် အစွဲအလမ်း မကြီးစမ်းပါနဲ့ကွာ၊ မင်း တောင့်တနေတဲ့ ပူစူးက ခုလောက်ဆို အိမ်ထောင်ကျချင်လည်း ကျနိုင်နေသလို သေဆုံးချင်လည်း သေဆုံးသွားနိုင်တာပဲ"

"ဟာ ဖေဖေ ပူစူးကို သေပြီလို့တော့ မပြောပါနဲ့ ဖေဖေရာ၊





ပူစူး လုံးဝမသေဘူး၊ သားစိတ်က သိနေတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သားရှေ့မှာ သူ ပေါ်လာလိမ့်မယ်၊ သူ သားကို လာတွေ့ဦးမှာပါ"

"မရေရာတာတွေကို အမှိုက်မဲ့ ဖက်တွယ်ပြီး အခွင့်အရေးကောင်းတွေကို လက်မလွှတ်ပစ်လိုက်ပါနဲ့ သားရာ၊ လူ့ဘဝရယ်လို့ဖြစ်လာရင် လူသားပီသအောင် ကျရာတာဝန်တော့ ထမ်းဆောင်ရဦးမှာ မဟုတ်လား၊ ဖေဖေ မသေခင်မှာ သားကို မိသားစုလေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေတာကို တွေ့ချင်တယ်ကွာ၊ ဒီဆန္ဒလေးတစ်ခုကိုတော့ လိုက်လျောပေးပါ"

ကမ္ဘာ ဘာလုပ်ရမည်လဲ။ ချောင်ပိတ်မိနေသော ယုန်သူငယ်တစ်ကောင်လို ဖေဖေ့၏ သဘောဆန္ဒနှင့် တောင်းပန်တိုးလျှိုးခြင်းတွေက ကျောက်တွင်းတစ်ခုလို ကမ္ဘာ၏နှလုံးသားဆန္ဒတွေကို မလှုပ်နိုင်အောင် ချည်ပြီးတုပ်ပြီး ချုပ်နှောင်ထားသည်။

လတ်တလော အခြေအနေမှာ ခေါင်းညိတ်လက်ခံလိုက်ရုံကလွဲပြီး တခြား အခွင့်အရေးမရှိ။

"အင်းလေ ဖေဖေက နန်းဆန်နဲ့ ဒီလောက် အခြေအနေတိုင်တိုင်အတွင်းမှာ လက်ထပ်စေချင်မှတော့ ဖေဖေ့သဘောပဲပေါ့၊ သား မငြင်းချင်တော့ဘူး၊ ဘာ စောဒကမှလည်း ထပ်မတက်ချင်တော့ဘူး၊ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့ကောင်းသလိုသာ စီစဉ်ပါတော့''

ဦးရန်အောင်စိုး ခုမှပင် ရယ်နိုင်ပြုံးနိုင်တော့၏။

''ဖေဖေ့သားက နောက်ဆုံးတော့ ဖေဖေ့ကိုချစ်တယ်ဆိုတာ သက်သေပြလိုက်ပြီပေါ့၊ ဟား ဟား ဟား ကျေးဇူးတင်တယ် သားရာ ဖေဖေ မသေခင်မှာ အဖြစ်ချင်ဆုံး အလိုချင်အတောင့်တဆုံးဆန္ဒကို သား လိုက်လျောပေးတဲ့အတွက် ကျေးဇူးတင်တယ်၊ သားနဲ့နန်းဆန်တို့ အိမ်ထောင်ရေးလည်း ထင်ထားတာထက်ပိုပြီး အဆင်ပြေကြမှာ ဖေဖေ သိတယ် သား''

ဦးရန်အောင်စိုး သူ့အလိုဆန္ဒပြည့်သွားပြီဖြစ်၍ စကားတွေ ရွှန်းရွှန်းကို ဝေနေတော့၏။

ကမ္ဘာ့နှလုံးသားတွေမှာသာ နောက်ခံတတင်းတင်းနှင့် တဆစ်ဆစ် နာကျင်နေရ၏။

ဘဝမှာ ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်လိုက်ရတာလောက် ကံဆိုးတဲ့ယောက်ျား ရှိပါဦးမလား။

■ ■ ■



## အခန်း (၃၁)

''ဘယ်လို သမီး၊ ညည်းတို့ အိမ်ရှင်သူဌေးက ဘုံဘုံ ဟုတ်လား''

မယုံကြည်နိုင်လွန်းသော မျက်လုံးအကြည့်တွေဖြင့် မေးလိုက်သော ဒေါ်နှင်းခ၏အမေးကို မြယာ ခေါင်းလေးတဆတ်ဆတ် ညိတ်ရင်း ဖြေရှာ၏။

''ဟုတ်တယ် အမေ''

ဒေါ်နှင်းခ သိပ်မယုံချင်။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုပေမယ့် ဒီလောက်ထိ တိုက်ဆိုင်နိုင်ပါ့မလား။

နောက်ပြီး ဘုံဘုံဆိုတာ အရမ်း ဆင်းရဲမွဲတေနေတဲ့ ကလေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေက ရောဂါသည် ခုလိုမျိုး ဒိတ်ဒိတ်ကြဲ သူဌေးတွေ ဘယ်လို ဖြစ်သွားစရာအကြောင်းမရှိ။

"ဖြစ်နိုင်ပါ့မလား သမီးရယ်၊ ဒီသူဌေးက ဘုံဘုံဆိုရင် သမီးကို သူ မှတ်မိမှာပေါ့၊ ခုဟာက သူမှ သမီးကို မမှတ်မိတာ၊ လောကမှာ လူတူမရှား နာမည်တူမရှားပါ သမီးရယ်၊ အင်း မေမေ့မျက်စိထဲမှာတော့ သူဌေးရုပ်နဲ့ ဘုံဘုံ ငယ်ငယ်တုန်းကရုပ်နဲ့ သိပ်မတူပါဘူး"

"ဪ အမေကလည်း သမီးတောင် ငယ်ငယ်တုန်းက ပုရှုံးမရုပ်နဲ့ အခု ပုရှုံးမရုပ် တူလို့လား၊ ပိုက်ဆံမရှိလို့ ပိုက်ဆံသာရှိကြည့် မော်ဒယ်မင်းသမီးတောင် တက်လုပ်လိုက်ဦးမယ် အဟီး ခစ် ခစ်"

"ဒါကတော့ ဒါပေါ့ သမီးရယ်၊ ခုဟာကတော့ ဘယ်လို မဖြစ်နိုင်ဘူး"

"အမေကလည်း အဖြစ်နိုင်ဆုံးနဲ့ အမှန်ကန်ဆုံးအကြောင်းပြချက် သက်သေရှိတယ် အမေရဲ့"

"ဘာသက်သေလဲ"

"ဘုံဘုံ့အဖေ ဦးရန်အောင်စိုး၊ ဟို တီတီရောဂါသည်ကြီးလေ" အမေ မျက်လုံးတွေ ဝိုင်းစပြုနေပြီ။

"အဲဒီ ဦးရန်အောင်စိုး တရားစခန်းသွားဝင်နေတာ ခု ပြီ





သာပြီ၊ သမီး သူ့ကို မှတ်မိလိုက်တာ"

"ဟေ ဟုတ်လား"

"လုံးဝ ကျိန်းသေတယ် အမေ၊ သူ့ကို သမီးက အရင်စပြီး ပုရှုံးပါလို့ ပြောတော့ ဦးရန်အောင်စိုး အတော်လေးကို မျက်စိမျက်နှာ ပျက်သွားတယ်၊ နောက်ပြီး သမီး ပုရှုံးဆိုတာ ဘုံဘုံ မသိပါစေနဲ့လို့ ပြောတယ် အမေ"

"ဟင် သူက သမီးကို ဘာကြောင့် ဒီလိုပြောရတာလဲ၊ သမီးက သူတို့အိမ်ရဲ့ အိမ်ဖော်ဖြစ်နေလို့လား၊ အဲဒီလိုသာ အမှန်ဆိုရင် ဒီလူ တော်တော်လေး ဘဝမေ့သွားတာပဲ"

ဒေါ်နှင်းခ ကြိတ်မနိုင်ခဲမရတွေ ဖြစ်နေသည်။ နှစ်တွေကြာမြင့်စွာ ခွာနေရတဲ့ လူငယ်လေးနှစ်ယောက်ရဲ့တွေ့ဆုံခြင်းက ဒီလူ့ကြောင့် လွဲရမှာတဲ့လား။

အရင်က စားစရာမရှိလို့ ဒေါ်နှင်းခတို့သားအမိဆီမှာ ဆန်ချေး ဆီချေး ပိုက်ဆံချေးနဲ့ မရှိဆင်းရဲသားခြင်းအတူတူ ရှိတာလေးနဲ့ အတူ မျှဝေစားခဲ့ကြပြီးကာမှ သူ ချမ်းသာသွားတာနဲ့ပဲ သမီးကို ခုလိုမျိုး ပြောထွက်ရက်သလား"

"သူ့မှာ စေ့စပ်ထားတဲ့သူ ရှိနေတယ် အမေ၊ ဒါကြောင့် သမီး



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ပူရှူးမှန်းသိသွားရင် သမီးကြောင့် သူ စိစဉ်ပေးထားတဲ့ မင်္ဂလာကိစ္စက လုံးဝ ပျက်စီးတော့မှာလို့ပြောတယ်”

“ဩော် ဘုံဘုံက မိန်းမတောင် ယူတော့မယ်ပေါ့”

ဒေါ်နှင်းခရင်ထဲ သမီးအတွက်ကူပြီး စိတ်မကောင်းဖြစ်သွား၏။

အချိန်တွေအကြာကြီး တမ်းတမျှော်လင့်ခဲ့ရသည့် သူငယ်ချင်းကို တွေ့လို့မှ ဝမ်းသာအားရ နှုတ်ဆက်ခွင့်လေးတောင် မရတော့ဘူးလား။

ဒါကတော့ နည်းနည်းလေးမှ မတရားဘူးဟု ဒေါ်နှင်းခ တွေးလိုက်မိသည်။

“သမီးကစပြီး ဘုံဘုံကိုပြောပြလိုက်ရင် မကောင်းဘူးလား သမီးရယ်၊ အမေကတော့ လောဘကြီးတာတော့ မဟုတ်ဘူး အမေ သမီးလေးရဲ့ရင်ထဲကဆန္ဒကို ပြည့်စေချင်တယ်၊ သူ့ဘက်က သမီး ပူရှူးဆိုတာသိသွားပြီးမှ သူ့ရင်ထဲမှာ ဘယ်သူရှိသလဲ ရှိတဲ့သူနဲ့ လက်ထပ်လိုက်ပေါ့”

အမေ့ဖြစ်နိုင်ချေကို မြယာ သဘောကျနှစ်သက်ပေမယ့် ရန်အောင်စိုးကြီးက မြယာ ထိုသို့ လုပ်မှာကို နည်းနည်းလေးမှ လက်





မှာမဟုတ်။

“သမီး မမျှော်လင့်ချင်တော့ပါဘူး အမေရယ်၊ ခုချိန်မှာ မြယာဟာ ပူရှူးဆိုတာသိသွားတော့ရော သမီးနဲ့သူ့ဘဝက မိုးနဲ့မြေလို ကွာခြားခဲ့ပြီပဲဟာ”

မြယာစိတ်ထဲမှာ ဘုံဘုံကို ထပ်ပြီး မမျှော်လင့်သင့်တော့ မတူတဲ့ ကမ္ဘာနှစ်ခုမှာ နေကြသလို အရာရာဟာ မြယာအတွက် ဆုံးရှုံးခြင်းတွေနဲ့သာ ဇာတ်သိမ်းရမှာ သေချာ၏။

ဘဝဆိုတာ အားလုံး ပြဇာတ်ပဲတဲ့။

မြယာက ရတဲ့ပြဇာတ်က ကံဆိုးခြင်းတွေကိုသာ အဓိက ဦးစားပေး ကပြရတဲ့ဇာတ်။ ဒီတော့ ဇာတ်သိမ်းပိုင်းမှာလည်း ကံဆိုးခြင်းတွေနဲ့ ပဲ ဇာတ်သိမ်းရတော့မှာပေါ့။

ကိုယ့်ဘဝကိုယ်စိတ်နာသောအားဖြင့် မြယာ၏စိတ်တွေကို အတိတ်ထဲမှာပဲ ရစ်ဝဲခိုင်းနေလို့ မဖြစ်တော့။ ထို့ကြောင့် ကိုယ်ကပြနေရသော ဇာတ်ရုပ်နေရာလေးမှာပဲ အပီပြင်ဆုံးနဲ့ အလိုက်သင့်လေး ကပြလိုက်တော့မည်။

“သမီးရယ် အမေ့သမီးလေးကို အမေ ဘယ်လိုစကားမျိုးနဲ့ ဖြေသိမ့်ပေးရမှန်းတောင် မသိတော့ဘူးကွယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဝဋ်ကြွေးရှိခဲ့မယ်ဆိုရင် ဒီဝဋ်ကြွေးတွေ အမြန်ဆုံးကျေပါစေလို့ အမေ ဆုတောင်းပါတယ်ကွယ်"

အမေ့ရဲ့အတွေ့အကြုံကနေ ထွက်လာသည့်စကားမို့လို့ မြယာစိတ်ထဲမှနေ၍ ပေးတဲ့ဆုနဲ့ပဲ ပြည့်ချင်ပါတယ် အမေရယ်ဟုသာ ခပ်တိတ်တိတ် ညည်းတွားလိုက်မိတော့၏။

ဘုံဘုံရယ် နင်ကတော့ သိနိုင်ပါ့မလား။

■ ■ ■



## အခန်း (၃၂)

"ကမ္ဘာ မင်္ဂလာပွဲလုပ်မယ့် ဟိုတယ်ကို နန်းဆန် ကိုယ်တိုင်ရွေးထားတာ ကမ္ဘာ သဘောကျရဲ့လားဟင်"

ကမ္ဘာ ကားမောင်းနေရင်းမှ နန်းဆန်၏ချိုအီအီ ခပ်နွဲ့နွဲ့အမေးကြောင့် အေးစက်စက်အပြုံးတစ်ခုကို စိတ်မပါစွာပြုံးလိုက်သည်။

"အဓိကက ကိုယ်နဲ့နန်းဆန် မင်္ဂလာဆောင်ဖြစ်ဖို့ပဲ မဟုတ်လားဟုတ်တော့ ဟုတ်ပေမယ့် တစ်သက်မှာတစ်ခါ လုပ်ရတဲ့ မင်္ဂလာပွဲမို့လို့အကောင်းဆုံးတွေဖြစ်မှ ပိုပြီး တင့်တယ်တော့မှာပေါ့"

"နန်းဆန်အမြင်မှာ ကိုယ်က ဘယ်လိုအဆင့်အတန်း ဘယ်လိုနေရာမျိုးမှာ ရှိနေလဲ နန်းဆန်၊ အဲဒါကို ကိုယ်သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နန်းဆန် နားမလည်စွာဖြင့် ကမ္ဘာကို ငဲ့ကြည့်၏။ ပြီးတော့ အလှဆုံးအပြုံးတစ်ခုကို ပြုံးလိုက်သည်။

"အဲဒီမေးခွန်းကို ဘာဖြစ်လို့ နန်းဆန်ကို မေးရတာလဲ ကမ္ဘာ၊ နန်းဆန်တို့နှစ်ယောက်စလုံးက ဂုဏ်သိက္ခာရှိ မိဘတွေက ပေါက်ဖွားလာကြတာပဲ၊ နန်းဆန်တို့ ကမ္ဘာတို့ရဲ့အဆင့်အတန်းကို လောကကြီးက မွေးကတည်းက သတ်မှတ်ပြီးသားပဲ၊ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်စရာ လိုလို့လား ကမ္ဘာရယ် အဟင်း ဘာပဲဖြစ်ဖြစ် နန်းဆန်ကတော့ ဘဝမှာ အပျော်ဆုံးအချိန်ကိုပြပါဆိုရင် ကမ္ဘာနဲ့နန်းဆန်တို့ အကြီးအကျယ် အခမ်းနားဆုံး မင်္ဂလာပွဲကျင်းပနေတဲ့အချိန်ကိုပဲ ပြရမှာ သိလား"

ကမ္ဘာ ကားမောင်းနေရင်း မဲ့လိုက်သည်။ နန်းဆန်ဟာ ကမ္ဘာ ဘယ်ဘဝကလာတယ်၊ ဘယ်လိုအခြေအမြစ်မရှိတဲ့ကောင်လဲဆိုတာ မသိသေးလို့ သူမ၏အပျော်တွေ မိုးထိနေတာ ဖြစ်၏။

ကမ္ဘာ ဘာကောင်ဖြစ်ခဲ့သလဲဆိုတာ သိခဲ့ပြီးရင် ပြောင်းလဲသွားမည့် နန်းဆန်၏ပျက်ယွင်းသွားမယ့် စိတ်ခံစားမှုအပျော်တွေ၊ အထင်သေးရှုံ့ချ အော်ဂလီဆန်သော အကြည့်တွေကို ကမ္ဘာကလည်း စိမ်ပြေနပြေ အရသာခံပြီး ကြည့်လိုက်ချင်ပါသည်။

"အင်းလေ ခုတော့ နန်းဆန်ရဲ့ဆန္ဒတွေ ပြည့်ဝနေပြီပဲ"





"အခု ဘယ်ကိုမောင်းနေတာလဲ ကမ္ဘာ"

"ကိုယ် ငယ်ငယ်က နေခဲ့တဲ့နေရာလေးကို"

"ဪ နန်းဆန်က ကမ္ဘာ မြို့ပြင်ဘက်ကို ဘာကြောင့် မောင်းနေရသလဲလို့"

ထိုမျှသာပြောပြီး နန်းဆန် လမ်းတစ်လျှောက် ဖြတ်မောင်းလာသော စိမ်းစိုနေသော သစ်ပင်ကြီးတွေ လယ်ကွင်းတွေ၊ လူနေအိမ်ရွာတန်းညီတွေကို စိတ်ဝင်တစား ငေးမော၍ လိုက်ပါလာသည်။

သိပ်မကြာတော့မည့် အချိန်မှာ နန်းဆန်၏ပျော်ရွှင်နေသော စိတ်အစဉ် ယိုင်နဲ့သွားလိမ့်မည်ဆိုတာ ကြိုသိနေသော ကမ္ဘာ ကားမောင်းနေရင်းမှ တက်ကြွစွာ လေချွန်နေလိုက်၏။

ဒါတောင် မယ်မင်းကြီးမ နန်းဆန်က အလွတ်မပေးသေး။

"အဟင်း ကမ္ဘာလေချွန်သံလေးက နားထောင်လို့ကောင်းလိုက်တာ"

ဟုဆိုပဲ။ ကမ္ဘာ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ကာ

"ဟုတ်လား ဒါဆိုရင် အမြဲလေလေးချွန်ပြမယ်၊ နန်းဆန်က ကိုယ့်ရဲ့တစ်ဦးတည်းသော ပရိသတ်ပဲ"

ထိုသို့ပြောနေရင်းမှ လူစည်ကားသော မော်တော်ဘီမြို့တစ်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် နွမ်းပါးချို့တဲ့သော ကလေးငယ်တစ်စုကို ကမ္ဘာ တွေ့လိုက်ရ၍ ကားကို ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

"ကမ္ဘာ ကားကို ဘာလို့ ရပ်လိုက်တာလဲ"

ကားရပ်လိုက်ပြီး ခါးကြားမှာထိုးထားသော ပိုက်ဆံအိတ်ကို ဆွဲထုတ်ပြီး နန်းဆန်၏အမေးကို မေးဆတ်ပြလိုက်သည်။

"ကားကို ဘာလို့ ရပ်လိုက်တာလဲ၊ ဆီပြတ်သွားလို့လားဟင်"

"မဟုတ်ပါဘူး ဟို ကလေးလေးတွေကို မုန့်ဖိုးပေးချင်လို့"

ကမ္ဘာ့စကားကြောင့် နန်းဆန် ပတ်ဝန်းကျင်တစ်ခုလုံး လှည့်ကြည့်မိသည်မှာ ဦးခေါင်းတစ်ခုလုံး ချာလည်လည်၍သွား၏။

"ဘယ်ကလေးတွေကိုလည်း"

"ဟိုမှာလေ အမှိုက်လိုက်ကောက်နေတဲ့ ကလေးတွေ"

"ဟင် ဘယ်လို ဒီ ဒီကလေးတွေကို ဟုတ်လား"

"ဟုတ်တယ်"

ကမ္ဘာ ကားတံခါးဖွင့်ဆင်းရင်း နန်းဆန်အမေးကို ဖြေလိုက်သည်။

နန်းဆန် မျက်စိမျက်နှာပျက်ယွင်းသွားသည်။

"ကမ္ဘာ ဘာလဲကွာ၊ ဒီလို ပေတီပေစုတ် လမ်းဘေးက ကလေး





တွေကိုများ အရေးအရာလုပ်ပြီး မုန့်ဖိုးဆင့်ပေးနေရသေးလား"

နန်းဆန် မကျေမနပ်ဖြင့် ကမ္ဘာ့ကို အပြစ်တင်လိုက်၏။ စောစောက ကြည်နူးခန်းလေးတော်င် ကမ္ဘာလုပ်လို့ ဘယ်ကိုပျောက်ဆုံးလွင့်ပျယ်သွားပြီလဲ မသိ။

"ဒီလို ကလေးတွေကို ပိုက်ဆံပေးတာ ကုသိုလ်ရပါတယ်ကွာ"

"အို ကုသိုလ်လုပ်ချင်ရင် နီးရာ ဘုန်းကြီးကျောင်းတွေ ဘုရားတွေမှာဝင်ပြီး လှူလို့ရတာပဲ ကမ္ဘာရယ်"

ကမ္ဘာ နန်းဆန်၏အပြစ်တင်စကားတွေကို ဆုံးအောင် နားမထောင်တော့ဘဲ အသုပ်ဆိုင်ဘေးရှိ အမှိုက်ပုံထဲတွင် ရေသန့်ဘူးခွံနှင့် ကော်တိုကော်စတွေကို အတင်းဖြဲရှာနေသော ကောင်လေးနှင့်ကောင်မလေးနားသို့ လျှောက်သွားလိုက်သည်။

နန်းဆန် မကျေမနပ် မျက်နှာပေးဖြင့် ခြေစောင့်၍ ကားနားမှာရပ်ပြီး ကျန်ခဲ့၏။ ကမ္ဘာ၏လုပ်ရပ်တွေကို နန်းဆန် ဘယ်လို နားလည်ရမှန်းတောင် မသိတော့။

"ဟော့ ကလေးတွေ"

ကမ္ဘာ၏ခေါ်သံကြောင့် ပလုံကောက်နေသော ကောင်လေးနှင့် ကောင်မလေး လှည့်ကြည့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မုန့်စားကြမလား"

"ဗျာ"

ကောင်လေးက ဗျာဟု တအံ့တသြဆိုပြီး သူ့ဘေးမှ အဖော်ကောင်မလေးကို လှမ်းကြည့်သည်။

ကောင်လေးနှင့်ကောင်မလေး တအံ့တသြ ဖြစ်ပြီး ကမ္ဘာကို ပြိုင်တူ အကဲခတ်နေကြသည်။ သူတို့စိတ်ထဲ တော်တော်လေး ထူးဆန်းနေ၏။

"ဟေ့ မင်းတို့ကို အစ်ကို တကယ်ပြောတာကွ၊ မင်းတို့ ဘာစားကြမလဲ အစ်ကို ဝယ်ကျွေးမယ်"

"အစ်ကိုကြီး တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒါဆို အသုပ်စားမယ်"

"ဟေ့အေး ငါက ဒေါ်ဘုမဆိုင်က ခေါက်မုန့်စားမယ်"

တစ်ယောက်နှင့်တစ်ယောက် စားချင်တာကို အပြန်အလှန် တင်ပြနေကြ၏။

"အိုကေ ရမယ်၊ မင်းတို့နှစ်ယောက်စလုံးကို ခေါက်မုန့်လည်း ဝယ်ကျွေးမယ်၊ အသုပ်လည်း ဝယ်ကျွေးမယ်၊ ပြီးရင် မုန့်ဖိုးလည်း





ပေးမယ်"

"ဗျာ တကယ်လား အစ်ကို"

"တကယ်ပေါ့ကွ"

"ဟေး"

ကလေးနှစ်ယောက် ပျော်ရွှင်ခုန်ပေါက်သွားကြ၏။

ထို့နောက် ကမ္ဘာ အသုပ်ဆိုင်မှာ ကလေးနှစ်ယောက်စားရန် အသုပ်ဖိုး ကြိုပြီးရှင်းပေးလိုက်၏။

"ကဲ ရော့ မင်းတို့အသုပ်ဆိုင်သွားပြီးရင် ခေါက်မုန့်ဝယ်စားကြ ရော့ ဒါ မင်းတို့သုံးဖို့ မုန့်ဖိုး"

ပလုံကောက်သော ကလေးနှစ်ယောက်ကို ရက်ရောစွာ မုန့်တွေ ဝယ်ကျွေး၊ မုန့်ဖိုးတွေပေးနေသော ကမ္ဘာကို လူတွေက ဝိုင်းအံ့ကြည့်နေကြ၏။

တချို့ဆို သူနှင့်အမျိုးတော်လို့ မုန့်တွေဝယ်ကျွေး မုန့်ဖိုးတွေ ပေးတာနေမှာပေါ့လို့ တီးတိုးဝေဖန်ကြ၏။

ကမ္ဘာက ပျော်ရွှင်စွာ ရယ်မောနေသလောက် နန်းဆန်မှာ ကမ္ဘာ၏လုပ်ရပ်ကြောင့် မျက်နှာမပြဝံ့အောင်ကို ရှက်နေရ၏။ ကမ္ဘာ သိနေပေမယ့် နန်းဆန်ဘက်ကို တစ်ချက်လေးတောင် ငဲ့စောင်းမကြည့်ခဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ကမ္ဘာ့အတ၀ဆိုတာ သိပ်မကြာခင်မှာ နန်းဆန် သိရတော့မှာပေါ့။

မင်း ခံနိုင်ရည်ရှိအောင် ကြိုးစားထားတော့ နန်းဆန်။

■ ■ ■



## အခန်း (၃၃)

"ဟင် ကမ္ဘာ ပြောတော့ ယယ်ယယ်က နေခဲ့တဲ့နေရာကို သွားမလို့ဆို၊ အ အခု ဘယ်ကိုသွားမှာမို့ ဒီနေရာမှာ ကားရပ်လိုက်ရတာလဲ"

နန်းဆန်၏ပုံစံမှာ ပဟေဠိပုစ္ဆာကို အဖြေညှိ မရ၍ အတော်လေး စိတ်ရှုပ်ထွေးနေသည့်ပုံစံမျိုး။

"ဟုတ်တယ်လေ ဒီလမ်းလေးအတိုင်း ဝင်သွားရင် ကိုယ်တို့ နေတဲ့အိမ်ကို ရောက်မယ်"

ရှုပ်ယှက်ခတ်နေသော အိမ်အစုစုလေးတွေကို အထင်သေး ရှုံ့ချစွာဖြင့် ဝေ့ဝဲကြည့်လိုက်သော နန်းဆန်ကိုကြည့်ပြီး ကမ္ဘာစိတ်ထဲ သဘောအကျကြီး ကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းက အရမ်းဆိုးတယ်၊ နန်းဆန်ရဲ့လေဒီရှူးနဲ့ လျှောက်လို့ အဆင်ပြေပါ့မလား ကမ္ဘာရယ်"

ဆွဲသားစကာဒ်အရှည်လေး တမမနှင့် စိုးရိမ်တကြီး ဖြစ်နေရှာသော နန်းဆန်ကို ခပ်အေးအေးပုံစံဖြင့် နန်းဆန်ကို လက်ပိုက်ကြည့်လိုက်သည်။

"ဘာလို့ အဆင်မပြေရမှာလဲ နန်းဆန်ရယ်၊ လျှောက်လေ့လျှောက်ထမရှိလို့ ဒီလို ဂမုတွေဂထစ်တွေ များတဲ့လမ်းကိုမြင်တာနဲ့ ကြောက်နေတာပါ၊ တကယ်တမ်း လျှောက်မယ်ဆိုရင် အကြောတောင်ပြေသေးတယ်"

"ဘုရားရေ အကြောတောင် ပြေသေးတယ် ဟုတ်လား"

"ဟုတ်တယ် လာ ကိုယ့်လက်မောင်းကိုချိတ်ပြီး လျှောက်"

နန်းဆန် လက်ကိုဆွဲကာ သူ့လက်မောင်းမှာချိတ်စေပြီး လှည်းလမ်းကြောင်းလေးအတိုင်း လျှောက်ဝင်ခဲ့လိုက်၏။

"ကမ္ဘာတို့အိမ်က ဒီလိုနေရာမျိုးမှာ ရှိလိမ့်မယ်လို့ နန်းဆန်ထင်မထားဘူး၊ အင်းလေ တချို့က ဒီလိုရွာလေးတွေမှာ နေပေမယ့်ချမ်းသာကြတာပဲ၊ နန်းဆန်ရဲ့ကြီးကြီးတစ်ယောက်လည်း နေပြည်မြို့ရဲ့တစ်ဖက်ခပ်လှမ်းလှမ်းရွာလေးမှာ ရှိတယ်၊ အဲ ရွာမှာနေတယ်ဆိုပြီး





သူ့ကိုတော့ သွားအထင်မသေးနဲ့ သူ့နှဲမှာ ရွှေချောင်းတွေကအစ ရှိတယ်၊ အဲဒီလောက်ထိ ချမ်းသာတာ၊ ကမ္ဘာတို့သားအဖလို မြို့တက်ပြီး အခြေချမယ်ဆိုရင် ရရဲ့သားနဲ့ ကြီးကြီးက သူ့ယောက်ျား ခေါင်းချတဲ့နေရာမှာပဲ နေမယ်ဆိုပြီး ရန်ကုန်ကို လုံးဝတက်မလာဘူး"

နန်းဆန်စိတ်ထဲမှာ ကမ္ဘာတို့သားအဖအား တောသူဌေးတွေဟုတွေးထင်ပြီး သူ့အမျိုးအကြောင်းကို ပြောပြနေ၏။

ကြာတော့ နန်းဆန် မောဟိုက်လာသည်။

"ကမ္ဘာ မရောက်သေးဘူးလားကွာ၊ နန်းဆန် လျှောက်ရတာမောနေပြီ"

ကမ္ဘာ့လက်မောင်းကို တွဲခိုပြီး မောဟိုက်သော အသံလေးဖြင့်ပြောလာသဖြင့် အိမ်ကိုရောက်ဖို့ အရှည်ဆုံးလမ်းက ခေါ်လာသော ကမ္ဘာ၏လုပ်ငန်းစဉ်ကို ရပ်လိုက်ပြီး လမ်းချိုးတစ်ခုကို ကွေ့လိုက်သည်။

နန်းဆန်၏ ခြေထောက်နှင့် လေဒီရှူး အဖြူရောင်လေးမှာ ဖုန်တွေ အလိမ်းလိမ်းဖြင့် ပေါင်ဒါမှုန့်ဖြူးထားသလို ဖွေးဖွေးလှုပ်နေ၏။

ရွှေအိုရောင်ဆံပင်ခွေခွေလေးတွေနှင့် ဖြူဝင်းသော မျက်နှာလေးမှာလည်း ဖုန်တက်ကာ မည်းညစ်ညစ်ပင် ဖြစ်နေလေသည်။

သူ့ပုံစံကိုသူ မှန်ထဲသာ ပြန်ကြည့်မိလျှင် လန့်တောင်သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်၏။ ဒါတောင် သူ့ခြေထောက်က ဖုန်တွေကိုကြည့်ပြီး သူ့မှာ ဆောက်တည်ရာမရ ဖြစ်နေပုံရ၏။

"ကမ္ဘာရယ် ဒီမှာကြည့်ပါဦး၊ နန်းဆန် ခြေထောက်တွေက လူ့ခြေထောက်နဲ့ မတူတော့ဘူး"

ငိုမဲ့မဲ့လေး ပြောနေရှာသော နန်းဆန်ကို ကမ္ဘာ အပြုံးဖြင့် ဖြေသိမ့်ရင်း

"ကဲ ရောက်ပြီ"

"ဟင် ဘယ်မှာလဲ၊ ကမ္ဘာ့အိမ်က ကမ္ဘာနော် မနောက်နဲ့ကွာ၊ ဒီက မောနေရတဲ့ကြားထဲ ရယ်မှာမဟုတ်ဘူး သိလား"

ကမ္ဘာ ရောက်ပြီဟု ပြောသော နေရာတွင် အိမ်ကြီးအိမ်ကောင်း သိပ်မရှိသဖြင့် နန်းဆန်စိတ်ထဲ ကမ္ဘာ သူမကို နောက်နေသည်ဟုပဲ ထင်မိ၏။

"ကိုယ် တကယ်ပြောနေတာ နန်းဆန်၊ အဲဒါ ကိုယ့်အိမ်ပဲ ကိုယ် ငယ်ငယ်ကနေခဲ့တဲ့ အိမ်လေးပဲ"

ကမ္ဘာ လက်ညှိုးထိုးပြသော တဲအိမ်ယိုင်နဲ့နဲ့လေးကို နန်းဆန် သွေးပျက်စွာကြည့်လိုက်ပြီး ကမ္ဘာကို ဖျတ်ခနဲပင် မော့ကြည့်လိုက်သည်။

"ဟင့်အင်း နန်းဆန် လုံးဝ မယုံဘူး၊ ဒီလောက် ချမ်းသာတဲ့





သူက ငယ်ငယ်တုန်းက ဒီလို တဲလေးနဲ့နေမတဲ့လား"

မျက်စိပျက် မျက်နှာပျက်ဖြင့် ပြောနေရှာသော နန်းဆန်ကို ကမ္ဘာ မေးကျဉ်းသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လိုက်ပြီး နန်းဆန်၏ ပခုံးနှစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်သည်။

"ဒါ အမှန်တရားတစ်ခုပဲ နန်းဆန်၊ မယုံလည်း အဲဒီအမှန်တရားက ဒီအတိုင်း ငြိမ်ငြိမ်လေး ရှိနေမှာပါ"

နန်းဆန် မျက်စိမျက်နှာတွေပျက်ယွင်းနေ၏။

"ကဲ လာပါ ရောက်တုံးရောက်ခိုက် တဲပေါ်တက်ကြည့်ရအောင်၊ အဲဒီတဲထဲမှာ ကိုယ့်ဘဝရဲ့ပုံရိပ်ကလေးတွေ အများကြီးရှိတယ်"

နန်းဆန် လက်ကလေးကို တယုတယ ဆုပ်ကိုင်ပြီး ကမ္ဘာ တဲ ၁ခါး ဝါးကပ်ကလေးကို တွန်းဖွင့်လိုက်၏။

လူမနေတာကြာ၍ တဲထဲမှာ ဖုန်တွေက ဒုဘက်နေ၏။

တဲထဲတွင် သံသေတ္တာလေးတစ်လုံး ဝါးထရံတိုင်တွင် ကပ်ရိုက်ထားသော သစ်သားဘုရားစင်လေးတစ်ခု၊ သောက်ရေအိုးစင်တစ်ခုနှင့် ဝါးကုလားထိုင်လေးတစ်လုံး။

ကမ္ဘာ သံသေတ္တာရှေ့ ဒူးထောက်ထိုင်ချလိုက်၏။

သံသေတ္တာကို ဖွင့်လိုက်သည်။ နန်းဆန် ကမ္ဘာ၏လှုပ်ရှားမှုကို



www.burmeseclassic.com

www.burmeseclassic.com



အထင်သေး ရှုံ့ချခြင်းတစ်ဝက်၊ အံ့ဩခြင်း မယုံကြည်နိုင်ခြင်းတစ်ဝ

တို့ဖြင့် မမိုတ်မသုန် စိုက်ကြည့်နေ၏။

နန်းဆန်ကို ဒီနေရာသို့ဘာကြောင့် ခေါ်လာရသနည်း။ ကမ္ဘ

မှာ ဘာရည်ရွယ်ချက်တွေ ရှိနေလို့လဲ။ ဒါမှမဟုတ် ဂုဏ်သိက္ခာ ထည်

ခြင်းတွေကို အသက်နှင့်တမျှ တန်ဖိုးထားလွန်းသော နန်းဆန်ကို တမ

ချိုးတာလား။

''ဒီဝတ်စုံလေးတွေက ကိုယ်ငယ်ငယ်တုန်းက ဝတ်ခဲ့တဲ့ ဝတ်

လေးတွေ''

ကမ္ဘာ လက်ထဲတွင် ဖားဥတွေ အဖန်တစ်ရာမက တက်

သော ဖါကျင်ကျင် အင်္ကျီအနားစတွေ ဖွာလန်စုတ်ပြဲနေသော အဖာဖေ

များစွာဖြင့် အကျည်းတန်နေသော ဘောင်းဘီတွေ။ ဒါတွေအားလုံး

ငယ်စဉ်က ကမ္ဘာ ဝတ်ခဲ့တာတဲ့လား။ နားရှိလို့သာ ကြားရသည်။ ကိုယ

မျက်စိနှင့်တပ်အပ်မို့သာ မြင်ရသည်။ နန်းဆန် စိတ်ထဲမှာ အလွန်တစ်

မှ အရုပ်ဆိုး အကျည်းတန်ပြီး နုံချာလွန်းသော အိပ်မက်ကမ္ဘာတစ်ခု

ကို ရောက်နေသလိုလို အံ့ဩတုန်လှုပ်ခြင်းတွေက ရင်နှင့်မဆန့်တော

လောက်အောင် အမျှင်မပြတ်။

ကမ္ဘာ အဝတ်ကလေးတွေကို တယုတယ ပွတ်သပ်ပြီး သ





သေတ္တာလေးထဲ ပြန်ထည့်လိုက်သည်။ ပြီးနောက် သံသေတ္တာဘေးတွင်

ထိုင်ချလိုက်သည်။

''ထိုင်လေ နန်းဆန်''

''အို ထိုင်ချင်ပါဘူး၊ ဒီလောက် ဖုန်တွေနဲ့ ညစ်ပတ်ပေရေနေ

တာကို''

ကမ္ဘာ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

''ကိုယ့်ကိုချစ်ရင် ကိုယ့်ရဲ့ဘဝကိုလည်း ချစ်ရမယ်လေ နန်းဆန်

ရဲ့''

''ဟွန့် နန်းဆန်ချစ်တာ ကမ္ဘာရဲ့ပစ္စုပ္ပန်နဲ့ အနာဂတ်ကိုပဲ

ချစ်တာ၊ အတိတ်ကိုချစ်တာ မဟုတ်ဘူး၊ နောက်ပြီး နန်းဆန်ဘဝမှာ,

ဆင်းရဲနုံချာတဲ့ ဒီလိုအခြေအနေမျိုးကို တရင်းတနှီး မြင်ရတာဟာ ဒါ

ပထမဆုံးအကြိမ်ပဲ ကမ္ဘာ၊ ရှင် နန်းဆန်ကို ဘာကြောင့် အတိတ်စာမျက်

နှာတွေကို လှပ်ပြနေတာလဲ၊ နန်းဆန်ကို သက်သက်မဲ့ချိုးတာလား၊ ကမ္ဘာ

အဲဒီလိုလုပ်တာ နန်းဆန်အတွက်ရော ကမ္ဘာအတွက်ပါ ဘယ် လောက်

ဂုဏ်သိက္ခာကျဆင်းသွားမလဲ၊ နန်းဆန်တော့ ရှက်လွန်းလို့ ဒီနေရာမှာတင်

ဘုန်းခနဲ လဲသေလိုက်ချင်တယ် ကမ္ဘာရယ် တကယ်ပါပဲ''

မာဆတ်ဆတ် လေသံဖြင့်ပြောနေရာမှ ငိုသံစွက်သွားသော

www.burmeseclassic.com



နန်းဆန်ကိုကြည့်ပြီး နောက်ဆုံးအကွက်တစ်ကွက်ကို ထပ်ရွှေ့ရန် အချိန်ယူလိုက်သည်။

"တကယ်တော့ ကိုယ့်ငယ်နာမည်က ကမ္ဘာမြေ မဟုတ်ဘူး"

"ဟင်"

"ဟုတ်တယ် ကိုယ့်နာမည်ကို ငယ်ငယ်က အဖေပေးထားတာ ဘုံဘုံတဲ့၊ ကိုယ့်ရဲ့ငိုသံလေးက ပုံတီးသံလေးနဲ့တူလို့တဲ့ အဟုတ်၊ ရှာရှာ ပေါက်ပေါက်ပြောတတ်တဲ့ ကိုယ့်အဖေက ပေါက်ကရ နာမည်လည်း ပေးတတ်တယ်၊ ဘယ်လောက် ရယ်စရာကောင်းလိုက်သလဲလို့"

နန်းဆန် စိတ်မဝင်စားချင်တော့ စိတ်ပျက်လွန်းသော မျက်နှာပေါ်မှာ စိတ်ကုန်ရိပ်တွေ တရေးရေး ထင်ဟတ်လာကာ လက်မှနာရီကို ငုံ့ငုံ့ကြည့်နေ၏။

"ကိုယ် ငယ်ငယ်က အဖေက ကျန်းမာရေး မကောင်းတဲ့ တီဘီရောဂါသည်ကြီးလေ၊ ဒီတော့ ရှစ်နှစ်ကိုးနှစ်အရွယ်မှာ ကိုယ်ဟာ လမ်းတကာ ရွာတကာ လှည့်ပြီး အမှိုက်ကောက်ခဲ့ရတယ်၊ အရှင်းဆုံး ပြောရရင် ပလုံလိုက်ကောက်တဲ့ကောင်လေးပေါ့"

"ဘာ ဘယ်လို ကမ္ဘာ၊ ရှင် ပြန်ပြောစမ်း၊ ရှင်က ပလုံကောက်တဲ့ကောင်လေး ဟုတ်လား"





ထင်မှတ်မထားသော အကြောင်းအရာလေးကို ရုတ်တရက် ကြားလိုက်ရတော့ နန်းဆန် တော်တော်လေး အံ့သြပေါက်ကွဲလွန်းသဖြင့် နန်းဆန်၏အသံမှာ တဲကလေးထဲတွင် လိုအပ်တာထက် အနည်းငယ် ပိုကျယ်သွား၏။

နန်းဆန် ဆေးသားနီထွေးတင်ထားသော အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်လိုက်မိသည်။

"ဒါကြောင့် ရှင်က ရှင့်ငယ်ဘဝကို သတိရတဲ့အနေနဲ့ ဟို သူတောင်းစားလေးနှစ်ယောက်ကို ပေးကမ်းစွန့်ကြဲခဲ့တာကိုး၊ ရှင့်ရဲ့သရုပ်မှန်ကို ရှင် အဲဒီမှာကတည်းက ဖွင့်ပြောခဲ့ပါလား ကမ္ဘာမြေရယ်၊ ဘာဖြစ်လို့ ဒီလောက် စုတ်ပြတ်သတ်နေတဲ့နေရာကို ခေါ်လာပြီးမှ ကျွန်မ မာနနဲ့ ဂုဏ်သိက္ခာကို တစ်ဖဲ့စီဖဲ့ချေပစ်ရတာလဲ၊ ရှင်ဟာ ငယ်ငယ်က သူတောင်းစားလေးတစ်ယောက်ဖြစ်ကြောင်း ပြောဖို့ ကျွန်မလို ရွှေပေါ်မြတင် သူဌေးသမီးတစ်ယောက်ကို ဒီလို နေရာကို ခေါ်လာဖို့ ထိုက်တန်လို့လား"

"တော်စမ်း နန်းဆန်၊ ကိုယ် သူတောင်းစား မဟုတ်ဘူး၊ အမှိုက်ကောက်ပြီး ဘဝကို ရုန်းကန်ခဲ့တဲ့ လူတော်လေးတစ်ယောက်၊ ဒါကို နန်းဆန်အနေနဲ့ နိမ့်ကျတယ်ဆိုရင် နန်းဆန်ကြိုက်တဲ့လမ်းကို ရွေးနိုင်တယ်၊ နန်းဆန်ရဲ့ခင်ပွန်းက ငယ်စဉ်က အမှိုက်ကောက်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ယောက်၊ ခုတော့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဒါပေမဲ့ အတိတ်ကိုတော့ ကိုယ်ဘယ်တော့မှ မမေ့သလို နန်းဆန်လည်း ကိုယ့်အတိတ်ကို မေ့ပစ်လို့မရဘူး။ ကိုယ်တို့ လက်ထပ်ပြီးရင် တစ်ထောင့်တစ်ညပုံပြင်တစ်ပုဒ်လို ကိုယ့်အတိတ်ကို ပုံဖော်ပြမယ်''

''ဖြန်း''

ကမ္ဘာ့ပါးတစ်ချက် ထူပူသွားသည်။

''ရှင့်အတိတ်ကို ရှင်တစ်ယောက်တည်း ပုံဖော်နေခဲ့တော့ ကျွန်မကတော့ ရှင့်လို အနုတ်စုတ်ဂုတ်စုတ်ဘဝက တက်လာတဲ့ အဆင့်မရှိတဲ့ သူဌေးစုတ်ကို လုံးဝ လက်မထပ်နိုင်ဘူး''

နန်းဆန် နာနာကျင်ကျင် ပြောရင်း ကမ္ဘာ့ရှေ့မှ ချာခနဲ လှည့်ထွက်သွား၏။

ကမ္ဘာ ခြောက်ကပ်အက်ကွဲသော ရယ်သံကြီးဖြင့် တဲလေးအတွင်းမှာ ကျန်ခဲ့၏။

ပုစွန်ရေ ငါ နန်းဆန်ရဲ့ကွန်ယက်ထဲက ရုန်းထွက်နိုင်ခဲ့ပြီ။ နင် ငါ့ရှေ့ကိုပေါ်လာပါတော့။

■ ■ ■

မိုးမိုးစာပေ

## အခန်း (၃၄)

''ခွပ်''

''ခွပ်''

''မင်း ခွေးလောက်မှ အသိဉာဏ်မရှိတဲ့ကောင်၊ ကိုယ့်ဘဝက မြင့်နေပါလျက်နဲ့ အတိတ်က နုံချာတဲ့ဘဝထဲကို လက်ပစ်ကူးပြီး ပြန်သွားချင်တဲ့ကောင်''

ဦးရန်အောင်စိုး ဒေါသတွေက ကမ္ဘာ၏လုပ်ရပ်ကို အပြစ်တင်ကြီးအပြစ်ပေး၏။ ကမ္ဘာ နှာခေါင်းထဲမှသွေးတို့ ယိုစီးကျလာသည်အထိ အပြုံးတစ်စက်မပျက်။

ဒီပြဿနာကို ဒီလိုစလိုက်ကတည်းက ဒီလိုပုံစံနဲ့ အဆုံးသတ်ရမယ်ဆိုတာ ကမ္ဘာ ကြိုတွေးပြီးသားပဲ။

မိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုငြင်းချက်ထုတ် အကြောင်းပြချက်တွေပေးနေရမှာလဲ။ ဒီတော့ ကြိုက်သလောက်ထိုး ကြိုက်သလောက်ဆူ ကမ္ဘာ အံတင်းပြီး ခံလိုက်ရုံပင်။

"သား နန်းဆန်ကို လက်ထပ်ဖို့အတွက် အတိတ်က အရိပ်တွေကိုတော့ သူ့ကိုပေးသိထားသင့်တယ်လို့ သား ထင်တယ်၊ ဒါမှ သူနဲ့သားရဲ့ဘဝ ရှေ့ဆက်အတူ လက်တွဲလို့ရမှာပေါ့၊ ဘယ်လောက်ပဲ အတိတ်ကို မေ့ပစ်မေ့ပစ် အဲဒီအတိတ်က အဲဒီလူရဲ့ပစ္စုပ္ပန်နဲ့ အနာဂတ်နောက်ကို အရိပ်လို လိုက်နေမှာပဲ ဖေဖေ၊ ဒါဟာ လူတစ်ယောက်ရဲ့ ရာဇဝင်ပဲ၊ လူတိုင်းမှာရာဇဝင်ရှိကို ရှိတယ်၊ အဲဒီရာဇဝင်ကို လူတိုင်း မမေ့သင့်ဘူး"

"အဲဒီရာဇဝင်က လှပရင်တော့ အနာဂတ်ကို လက်တွဲခေါ်သွားသင့်ရင် ခေါ်သွားပြီး သေသည့်တိုင်အောင် အဲဒီရာဇဝင်ကျန်ခဲ့ဖို့ မှတ်တိုင်တစ်ခု စိုက်ထူနိုင်ရင် စိုက်ထူခဲ့ရမယ်၊ အေး အတိတ်က ရာဇဝင်က လုံးဝမလှပခဲ့ဘူးဆိုရင်တော့ မျက်စိတစ်ဖက်တောင် မပစ်ဘဲနဲ့ အနာဂတ်ကို လက်ဗလာကြီးပဲ သွားသင့်ရင် သွားရမယ်ကွ၊ အဲဒီလို အတိတ်မလှတဲ့သူမှာ ရာဇဝင်ဆိုတာ မလိုအပ်ဘူး ရှင်းလား"

"မဟုတ်ဘူး ကျွန်တော့်အတိတ်ကို မလှဘူးလို့ ဖေဖေ ဘယ်





ပေတံနဲ့တိုင်းခဲ့လို့လဲ၊ သားကတော့ ကျန်ခဲ့တဲ့ အတိတ်စာမျက်နှာတွေကို နံရံမှာ ချိတ်ဆွဲပြီး ပြတိုက်ထဲ ထည့်သွင်းပြသချင်စရာကောင်းလောက်အောင် ကျွန်တော့်ဘဝရဲ့ ဇာတ်ဝင်ခန်းတွေက လက်တွေ့ဆန်တယ်"

"အဲဒီ ဇာတ်လမ်းမှာ သားဟာ ခပ်ညံ့ညံ့ဇာတ်ကောင်တစ်ယောက် ဖြစ်နေဦးတော့ သားရဲ့အတိတ်ကို သားမြတ်နိုးတယ်၊ သားအတိတ်ကို တန်ဖိုးထားတဲ့မိန်းကလေးသာလျှင် သားဘဝရဲ့လက်တွဲဖော်ဖြစ်စေရမယ် ဖေဖေ"

"မင်းတော်တော် ခေါင်းမာပါလား ကမ္ဘာမြေ၊ မင်းကို နားလည်သဘောပေါက်အောင် ငါ ဘယ်လိုပုံသွင်းဆုံးမရမလဲ"

ဦးရန်အောင်စိုး သားကို နားဝင်အောင် ပြောရှုမရနိုင်မှန်း သိလိုက်သည်။

"ဒယ်ဒီ့စေတနာကို နားလည်သဘောပေါက်ဖို့ထက် သားရဲ့ဆန္ဒကို ဒယ်ဒီ ဖြည့်ဆည်းပေးနိုင်ဖို့ပဲ ကြိုးစားပေးပါ ဖေဖေ"

"အေး မင်းက မွဲချင်တဲ့ခွေး ပြာပုံတိုးနေတဲ့ကောင်ပဲ၊ ငါက မင်းဘေးမှာ အတူနေပေးရ အလွန်ဆုံး ဆယ်နှစ်၊ ဆယ့်ငါးနှစ်ပေါ့ကွာ၊ ငါမရှိတဲ့နောက်ပိုင်း မင်းဘဝနဲ့ မင်းမှာရှိနေသေးတဲ့ စည်းစိမ်ကို ကောင်းကောင်း ထိန်းသိမ်းနိုင်မယ်ဆိုရင်တော့ မင်း သမိုင်း မင်းရေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးရန်အောင်စိုး ထိုမျှသာပြောပြီး အိမ်ကြီးပေါ် တက်သွား၏။

■ ■ ■



## အခန်း (၃၅)

"မြယာ"

"ရှင်"

ဘုရားခန်းထဲမှာ ဝင်ဝင်လာချင်း ခေါ်လိုက်သော ကမ္ဘာ အသံကြောင့် မြယာ ဘုရားသောက်တော်ရေချမ်းကပ်နေရာမှ ဘုရားခန်းအဝကို ငဲ့စောင်းကြည့်လိုက်သည်။

"မင်း ဘုရားရှိခိုးမလို့လား"

"ဟုတ်ကဲ့ သူဌေး"

"ငါလည်း ဘုရားဝတ်ပြုဖို့ ဝင်လာတာ"

လျှပ်စစ်မီးရောင် နှံသာတိုင်အနံ့ ပန်းရနံ့တို့ဖြင့် မွှေးပုံကြိုင်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်နေသော ဘုရားကျောင်းဆောင်ရှေ့သို့ ကမ္ဘာ လက်အုပ်ချီကာ လာရပ်ရင်း မြယာကို ပြောသည်။

မြယာ ဘုရားရှေ့ချမ်းလဲအပြီး ဘုရားပန်းအိုးရှေ့မှ ဟင်္သာကြေးရုပ်ကလေးကို စိတ်ဝင်တစား ကြည့်လိုက်၏။

“ဒီအရုပ်ကလေးက ထူးဆန်းနေလို့လား မြယာ”

ကမ္ဘာ့အမေးကို မြယာ ခေါင်းဆတ်ခနဲ ညိတ်၍ ဖြေ၏။

“ဟုတ်တယ် ဒီအရုပ်ကလေးက ငါတို့ဘဝကို ဒီလို အခြေအနေရောက်အောင် ဆင်းရဲတွင်းထဲက ကယ်တင်ပေးခဲ့တဲ့ ရှေးဟောင်းအရုပ်ကလေးတစ်ရုပ်ပဲ”

“ဒါဆို မှော်ဝင်နေတဲ့ အရုပ်ကလေးပေါ့”

“ဟုတ်တယ် သူက ငါ့အလိုဆန္ဒတွေကို အမြဲဖြည့်ဆည်းပေးတယ်၊ သူ မဖြည့်ဆည်းပေးနိုင်တာ တစ်ခုပဲရှိတယ်၊ အဲဒါက ငါနဲ့ငယ်ငယ်တုန်းကတည်းက ကွဲသွားခဲ့တဲ့ ငါ့သူငယ်ချင်း ကောင်မလေးနဲ့တွေ့ချင်တဲ့ဆန္ဒကို မဖြည့်ဆည်းပေးသေးတာပဲ”

မြယာရင်ထဲ လှိုက်ခနဲ ဖိုသွားသည်။ အားလုံးကို မေ့သွားပြီလို့ထင်ထားမိခဲ့တဲ့ ကိုယ့်အထင်က ခုတော့ တက်တက်စင်အောင် လွဲခဲ့ပြန်ပြီပေါ့။





ဒီလိုဆို ဘုံဘုံဆိုတဲ့ကောင်မလေးရဲ့ ရင်ထဲမှာ ပုစူးဆိုတဲ့ ကောင်မလေး ရှိသေးတာပေါ့။

ဒါဆို ဒီအရုပ်ကလေးက အတော်အစွမ်းထက်တာပဲ၊ ဘုံဘုံမျှော်လင့်နေတဲ့ ပုစူးဆိုတဲ့ ကောင်မလေးကို ဘုံဘုံ အနားရောက်အောင်သူ စွမ်းဆောင်ပေးခဲ့သားပဲ။ ဒါကို ကမ္ဘာ မသိသေးတာပဲ ရှိ၏။ အရုပ်ကလေးသာ စကားပြောတတ်ခဲ့မည်ဆိုလျှင် မင်း သိပ်တောင့်တနေတဲ့ပုစူးက မင်းအနားမှာလေကွာလို့များ ပြောလေမလား။

“အဲဒီ ကောင်မလေးက ဘယ်ရောက်သွားလို့လဲဟင် သူဌေး”

မြယာ မဝံ့မရဲ စပ်စုဟန်လေးဖြင့် မေးမိ၏။

“သူ့အမေ သူဌေးတစ်ယောက်နဲ့ အိမ်ထောင်ပြုတော့ သူပါသူ့အမေနဲ့အတူ လိုက်သွားရတယ်၊ ငါတို့နှစ်ယောက် အဲဒီအချိန်ကတည်းက ပြန်မတွေ့ကြတော့တာ ခုချိန်ထိပဲ”

မြယာ ရင်ထဲဆို့နစ်ကြေကွဲလာသည်။ ဘုံဘုံရယ် နင့်ဘေးမှာရပ်နေတဲ့ မြယာက ပုစူးပါလို့ အားရပါးရ ပြောလိုက်ချင်ပေမယ့် နှုတ်ကထွက်မလာ။

“မင်းမှာရော ငါ့လို ငယ်သူငယ်ချင်းရှိတယ်ဆို၊ ဟိုတစ်နေ့ကမင်းအမေပြောတာ ကြားလိုက်သလားလို့”

www.burmeseclassic.com



မျက်ဝန်းမှ မျက်ရည်တို့ကိုမကျအောင် ပုတ်ခတ်ထိန်းရင်း ခေါင်းကို ငုံ့လိုက်သည်။ မြယာ၏ဝေ့နေသော မျက်ရည်စတွေ သူတွေ့သွားဖို့ အချိန်မှမတန်သေးတာပဲလေ။

"ဟုတ်တယ် သူဌေး၊ မြယာမှာလည်း သူငယ်ချင်းရှိခဲ့ဖူးတယ်၊ မြယာအမေက အဖေဆုံးပြီး ငါးနှစ်လောက်အကြာမှာ နောက်အိမ်ထောင် ထပ်ပြုတယ်၊ အဲဒီနောက်အိမ်ထောင်နဲ့ တစ်လတောင် မပေါင်းသင်းလိုက်ရပါဘူး၊ အဲဒီလူက ရုတ်တရက် သေသွားတယ်လေ၊ အဲဒီအချိန်မှာပဲ အဲဒီလူရဲ့သားသမီးတွေက အလျှိုလျှိုထွက်လာကြပြီး မြယာတို့ သားအမိကို အဲဒီအိမ်ကြီးပေါ်က နှင်ချလိုက်ကြတယ်၊ အမေက ကိုယ့်ရပ်ကိုယ့်ရွာကိုလည်း မပြန်ရဲတော့ လမ်းခရီးမှာ ယောင်လည်လည်နဲ့ ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘူးလေ၊ အဲဒီမှာတင် ဦးကျော်စိန်က သူ ကူညီမယ် သူ့မှာအခန်းပိုတစ်ခန်းရှိတယ်၊ မြယာတို့သားအမိကို ငှားမယ်ဆိုပြီး ပြောတော့ အမေကယုံပြီး သူ့အခန်းကို ငှားနေလိုက်တယ်၊ နောက်ဆုံး ဦးကျော်စိန်ရဲ့ထောင်ချောက်က အမေမလွတ်တော့ဘူးလေ၊ မြယာဘဝကငယ်စဉ်ကတည်းက ကြမ်းတမ်းခဲ့ပါတယ် သူဌေးရယ်၊ အရွယ်ရောက်တဲ့အထိ ပထွေးရဲ့နှိပ်စက်ခြင်းကို ခံခဲ့ရတာပါ"

"ငါတို့နှစ်ယောက်က အဖြစ်ချင်းပါ လာတူနေပါလား၊ အံ့သြ





စရာတော့ ကောင်းသားပဲ၊ ကဲ ကဲ မင်း ဘုရားရှိခိုးမှာမဟုတ်လား၊ ငါပြီးမှပဲ လာရှိခိုးတော့မယ်'

ကမ္ဘာ ဘုရားခန်းထဲမှ ထွက်သွား၏။ ကမ္ဘာ့နောက်ကျောပြင်ကို မြယာ ငေးကြည့်မိ၏။

မင်းရဲ့သူငယ်ချင်းက ဘယ်သူလဲလို့ မေးလိုက်ပါတော့လား ဘုံဘုံရယ်။ အဲဒီကျရင် ငါလေ ငါ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ဦးရန်အောင်စိုး ချပေးထားသော ငွေအထပ်လိုက်ကိုကြည့်ပြီး မြယာ နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်လာပြီး ရှူက ဆောက်တည်ရာမရစွာဖြင့် စိတ်လွတ်ကိုယ်လွတ် ငိုချလိုက်ချင်ပါ၏။

မြယာကို ဒီအိမ်က ထွက်သွားပေးပါတဲ့၊ ကိုယ့်အတ္တကိုပဲ ရှင်သန်အောင် မွေးမြူတတ်သော ဦးရန်အောင်စိုးကို မြယာ ဝေ့ဝဲနေသော မျက်ရည်တွေကြားထဲမှ နာကျင်စွာဖြင့် ကြည့်လိုက်၏။

ဦးရန်အောင်စိုး သက်ပြင်းကို အခါခါချပြီး အတော်လေး စိတ်မကောင်းဟန်ပြသည်။

“ဦးကို ခွင့်လွှတ်ပါ ပုစုးရယ်၊ ဖခင်တစ်ယောက်ရဲ့အတ္တနဲ့





ပုစုးအပေါ်မှာ နိုင်လိုမင်းထက် ပြုသလိုဖြစ်ခဲ့တယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ သားကို ဂုဏ်သရေရှိ အသိုင်းအဝိုင်းထဲက မိန်းကလေးနဲ့ ပေးစားဖို့ဆိုတဲ့ကိစ္စက ဦးဘဝမှာ အကြီးမားဆုံး မျှော်လင့်ချက်ဖြစ်နေလို့ပါ”

“မြယာ ဒီငွေတွေကို မလိုချင်ပါဘူး ဦး၊ ဒါဟာ မြယာရဲ့ အနာဂတ်မဟုတ်ဘူး၊ ဒါကြောင့် ဒီငွေတွေကို မယူဘဲနဲ့ မြယာ အလုပ်ထွက်ပေးပါ့မယ်”

“ကျေးဇူးတင်လိုက်တာ ပုစုးရယ်၊ သားရဲ့အနာဂတ်လှပအောင် ပုစုးကပဲ ပါရမီဖြည့် အနစ်နာခံပေးတဲ့အတွက် ပုစုးရဲ့ဖြူစင်တဲ့စိတ်ကလေးကို လေးစားပါတယ်”

မြယာ ရင်ထဲက မဲ့လိုက်သည်။ ဟန်ဆောင်ပန်ဆောင် စကားတွေနဲ့ ချွေးသိပ်နေမှန်း မြယာ ကောင်းကောင်းသိ၏။

လူငယ်နှစ်ယောက်ရဲ့ ကြီးမားဖြူစင်တဲ့မေတ္တာတရားကို ဂုဏ်သိက္ခာတွေ၊ ထည်ဝါခြင်းတွေ၊ အတ္တတွေနဲ့ နင်းခြေပြီး သူ့အတ္တကို ရှေ့တန်းတင်သော ဦးရန်အောင်စိုးအဖို့ အတိတ်ဆိုတာကို မသိတော့ ခမ်းနားထည်ဝါသော ဂုဏ်ဒြပ်တွေထဲသို့ သားတစ်ယောက်ရဲ့ နှလုံးသားကို စတေးပင်ဝံ့၏။

“လေးစားဖို့မလိုပါဘူး ဦးလေးရယ်၊ မြယာလို ကံဆိုးတဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်က ကံပြစ်ချရာမှာနေပြီး ဘာကိုများ စောဒက တက်ခွင့်ရှိမှာမို့လဲ၊ ဒီတော့ ကိုယ့်ထက် အရှိန်အဝါကြီးတဲ့ ချမ်းသာခြင်း အဆင့်အတန်း ခွဲခြားမှုတွေရဲ့ ခြယ်လှယ်မှုအောက်မှာ အလိုက်သင့်လေး ငြိမ်နေရုံသက်သက်ပါ''

မြယာ ထိုင်ရာမှ ထလိုက်၏။ ဦးရန်အောင်စိုး ပေးထားသော ငွေတစ်ထပ်ကို မျက်လုံးဖြင့်ပင် ဝေ့မကြည့်ခဲ့ပဲ

''မြယာ ဒီနေ့ပဲ ဒီအိမ်က ထွက်သွားပေးပါ့မယ်''

''ကောင်းပါပြီ ပုရှူး''

မြယာ လှည့်ထွက်ခဲ့၏။

အခန်းပြန်ပြီး သိမ်းစရာရှိတာ သိမ်းဆည်းလိုက်သည်။

''မြယာ တကယ်သွားတော့မှာလားဟင်''

ဒွေးဒွေး အနားကိုရောက်လာပြီး စိတ်မကောင်းဖြစ်ဟန်ဖြင့် မေး၏။

''အိမ်ရှင်က နှင်နေမှတော့ တကယ် မသွားလို့ရမလား ဒွေး ဒွေးရယ်''

''သူဌေးလေးကို ဖွင့်ပြောလိုက်ပါလား၊ ဒီလိုပဲ ဘဘကြီး ခြယ် လှယ်တာကို ငြိမ်ခံနေမှာလား''





''မလိုတော့ပါဘူး ဒွေးဒွေးရယ်၊ ဘုံဘုံနဲ့ပုရှူး ဘဝက အတိတ်မှာ ကျန်ခဲ့ပြီပဲ၊ အခု ပစ္စုပ္ပန်မှာက မြယာနဲ့ကမ္ဘာမြေ ဖြစ်နေပြီပဲ၊ အခြေအနေ ချင်းက မိုးနဲ့မြေ ကွာခြားနေမှတော့ ပေါင်းစည်းဖို့ဆိုတာ ဘယ်မှာလာ ဖြစ်နိုင်တော့မှာလဲ''

''ဒွေးဒွေးတော့ မြယာကို သတိတွေရနေတော့မှာပဲ''

''မြယာလည်း ဒွေးဒွေးကို သတိရနေမှာပါ''

''ဒါနဲ့ မြယာ အခု ဘယ်ကိုသွားမှာလဲဟင်''

''အမေ့အိမ်ကို ခဏပြန်မယ်၊ ပြီးရင် နောက်ထပ်အလုပ်သစ် ထပ်ရှာမယ်''

''အဆင်ပြေပါစေ မြယာရယ်၊ ဒွေးဒွေး ဘုရားမှာ ခဏခဏ ဆုတောင်းမယ် သိလား''

မြယာ အထုပ်အပိုးတွေ သိမ်းဆည်းပြီးတာနှင့် ကမ္ဘာ့အခန်း ရှေ့သို့ ထွက်လာပြီး တိတ်တဆိတ် နှုတ်ဆက်လိုက်သည်။ မြယာဟာ ပုရှူးပါလို့ ပြောဖို့ အင်အားမရှိခဲ့တဲ့ ငါ့ကို ခွင့်လွှတ်ပါ ဘုံဘုံရယ်။

ငါ နင့်ကို အဝေးကနေပြီးတော့ တိတ်တဆိတ် လွမ်းနေပါ့မယ်။

တကယ်တော့ ငါဟာ နင်နဲ့ လုံးဝမတိုက်တန်တဲ့ ခပ်ညံ့ညံ့ မိန်းမတစ်ယောက်ပါ။ ငါ့ကံကြမ္မာရဲ့ညံ့ဖျင်းမှုတွေဟာ နင်နဲ့ငါရဲ့ ပေါင်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



မှုတွေကို အပိုင်းပိုင်း ခုတ်ဖြတ်ခဲ့တာပါ ဘုံဘုံ။

ဒါပေမဲ့ ငါ နှင့်ကိုချစ်တယ်။ ခုလည်း ချစ်တယ် နောင်လည်း ချစ်နေဦးမှာပါ။ ဘယ်လောက် ချစ်သလဲဆိုရင် ငါ့ဘဝရဲ့ ထွက်သက်ဆုံးတဲ့အထိပေါ့။

ဆင်းရဲမွန်းကြပ်မှုတွေရဲ့ အမှောင်အတိပြီးတဲ့ အခန်းငယ်လေးထဲမှာ နှင့်ရဲ့ထည်ဝါစွာ ရှင်သန်ခြင်းတွေကို ငါ ငေးမောအားကျနေမိစေ ဘုံဘုံရယ်။

အဲဒီ အမှောင်အခန်းငယ်လေးထဲမှာ ငါ တစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ ရှင်သန်ဖို့အတွက် ငါ ဘယ်သူလဲဆိုတာ နှင် သိစေ မလိုတော့သလို နှင် ငါ့ကိုသိလာအောင်လည်း ငါ့ဘက်က ကြိုးစားမှု မလိုတော့ပါဘူး။

ဂိုဒေါင်တစ်ခုလို အမြဲမှောင်နေတဲ့ ငါ့ဘဝက နှင်နဲ့လားလားမှ မလိုက်ဖက်ပါဘူး ဘုံဘုံ။

ဒါကြောင့် ပူရှူးဆိုတဲ့ငါ့ကို ဖြည်းဖြည်းချင်း မေ့လိုက်ပါတော့ ငါ့အတွေးထဲမှာ နှင်ဟာ တစ်စက္ကန့်လေးတောင် ထွက်မသွားသေးပေမယ့် နှင့်ဘဝထဲက ပူရှူးကိုတော့ နှင် ရာသက်ပန် မေ့ပစ်ရလိမ့်မယ်။

ငါ့အဖို့ကတော့ ဒီထက်ပိုကျစရာမရှိတော့တဲ့ စိတ်ပျက်မှုတြေ-





အောက်ကြမ်းခင်းကို ရောက်နေပြီလေ။

ဒီတော့ ကိုယ့်လမ်းကို ကိုယ်ဆက်လျှောက်ကြရုံပေါ့ ဘုံဘုံရယ်။

www.burmeseclassic.com

## အခန်း (၃၇)

''ဘာ မြယာကို ဖေဖေ အလုပ်ထုတ်ပစ်လိုက်ပြီ ဟုတ်လား မိဋ္ဌေး''

''ဟုတ်တယ် သူဋ္ဌေးလေး၊ မြယာ စောစောလေးကမှ ဒီကနေ ထွက်သွားတာ''

ဋ္ဌေးဋ္ဌေး အသံခပ်အုပ်အုပ်ဖြင့် ပြောရ၏။ တော်ကြာ ဘဘကြီး ကြားသွားလျှင် ဋ္ဌေးဋ္ဌေးပါ အလုပ်ထပ်ပြုတ်နေဦးမည်။

''မြယာ ဘာအမှားလုပ်လို့ အလုပ်ဖြုတ်ပစ်ရတာလဲ''

''မိဋ္ဌေး သိသလောက် ပြောရရင် မြယာနဲ့သူဋ္ဌေးတို့သားအဖ တစ်ချိန်က ပတ်သက်ခဲ့ဖူးတယ်လို့ ပြောတယ်၊ ဒါကြောင့် ဘဘကြီးက





မြယာကို ငွေပေးပြီး နှင်ချလိုက်တာ၊ မြယာက ငွေကိုလုံးဝယူမသွားဘူး၊ ဒီအတိုင်း ထွက်သွားတာ''

''ကျွတ် ဘာတွေလဲကွာ၊ ဖေဖေ ဘာတွေလျှောက်လုပ်နေတာလဲ၊ ဘာအပြစ်မှမရှိတဲ့ မြယာကို အလုပ်ထုတ်ပစ်တာတော့ မဟုတ်သေးပါဘူး''

ကမ္ဘာ ဖခင်အပေါ် အပြစ်တင်လိုက်မိ၏။ ဘာအကြောင့်တွေကြောင့် ကမ္ဘာ မသိအောင် လျှို့ဝှက်ပြီး မြယာကို ခုလိုနှင်ချလိုက်ရတာလဲ။ ကမ္ဘာ စဉ်းစားလို့ပင် မရ။

''မြယာနဲ့ဖေဖေ ဘာပတ်သက်မှုရှိခဲ့လဲ၊ နင် သိလား ဋ္ဌေးဋ္ဌေး''

ကမ္ဘာ့အမေးကို မိဋ္ဌေး မျက်လုံးလေး ကလယ်ကလယ်ဖြင့် စဉ်းစား၏။ ပြီးမှ

''မြယာနဲ့ပတ်သက်ခဲ့တာ ဘဘကြီးနဲ့မဟုတ်ဘူး၊ သူဋ္ဌေးနဲ့တဲ့''

''ဟင်''

ထူးဆန်းသော ဋ္ဌေးဋ္ဌေးစကားကြောင့် ကမ္ဘာ မင်တက်သွားမိ၏။

''သူဋ္ဌေးလေး အသေအချာသိချင်ရင် မြယာ အခန်းကို သွားကြည့်လိုက်၊ မိဋ္ဌေးလေ မြယာရဲ့အမြတ်နိုးဆုံး ဒိုင်ယာရီလေးတစ်ခုကို သူဋ္ဌေး



www.burmeseclassic.com

www.burmeseclassic.com



လေး တွေ့ရအောင်လို့ မြယာ မသိအောင် တိတ်တိတ်လေး ယူထားမိတယ်၊ ဘာရည်ရွယ်ချက်နဲ့မှ မဟုတ်ပေမယ့် ဒီပစ္စည်းလေးက အားလုံးရဲ့ကြားခံပစ္စည်းလေးတစ်ခု ဖြစ်လိမ့်မယ်လို့ မိဒ္ဓေ ဉာဏ်မှီသလောက်တွေးမိလို့''

ကမ္ဘာ ဒွေးဒွေးစကားကို ဆုံးအောင်နားမထောင်တော့ဘဲ မြယာအခန်းဆီသို့ လှစ်ခနဲ ထွက်ခဲ့လိုက်၏။

အခန်းတံခါးကို တွန်းဖွင့်လိုက်သည်နှင့် ရှင်းလင်းနေသောအခန်းထဲကို မျက်လုံးအကြည့်တွေ အငမ်းမရ ဝေ့ကြည့်လိုက်သည်။

သက်ငြိမ်ပစ္စည်းဆိုလို့ အခန်းနံရံတွေနှင့် တလွှင့်လွှင့် လွင့်လူးနေသော ပြတင်းလိုက်ကာလေးပဲ ရှိသည်။

''ဟင်''

လိုက်ကာလေးအောက်မှ ဘွားခနဲ ပေါ်လာသော အရာဝတ္ထုတစ်ခုကြောင့် ကမ္ဘာ ပြတင်းတံခါးဆီသို့ သိလိုစိတ်စောစွာဖြင့် လျှောက်သွားလိုက်သည်။

ဖန်ဘူးလေး တစ်ဘူးက ပြတင်းပေါက်ဘောင်ပေါ်မှာ အထီးကျန်စွာ တည်ရှိနေ၏။

ကမ္ဘာ ထိုဖန်ဘူးလေးကို အငမ်းမရ ကောက်ယူကြည့်လိုက်

မိုးမိုး ၀၁၆ပ



သည်။ အထဲမှာ ကျောက်စလစ်ခဲကလေးတွေ . . ။

ကမ္ဘာ့ရင်တွေ တလှပ်လှပ် ခုန်လာသည်။ ဖန်ဘူးအဖုံးလေးကို ဖွင့်ကြည့်လိုက်သည်။

''ဟာ''

ကမ္ဘာ ခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ်ထဲ ရောက်သွားသလို ပေါ့ရှုပ်သွားသည်။

ကျောက်စလစ်ခဲလေးတွေပေါ်မှာ ရေးထားသည့် ပူစူး ဘုံဘုံဆိုသည့် နာမည်လေးတွေ။

မြယာဟာ ကမ္ဘာ သိပ်တွေ့ချင်နေတဲ့ ပူစူး ဖြစ်လိမ့်မယ်လို့ ကမ္ဘာ တစ်ခါဖူးမျှတောင် မတွေးဖူးခဲ့။

ကမ္ဘာ့စိတ်ထဲမှာ ပူစူးဟာ နလောက်ဆို ချမ်းသာသော အထက်တန်း ပွှာထဲမှာပဲ ရှိနေလိမ့်မယ်လို့ ထင်ထားသည့် ကမ္ဘာ့အတွေးတွေ ခုတော့ တခြားစီ ဖြစ်နေပါလား။

''ပူစူး နင် ငါ့ကို ဖွင့်ပြောလိုက်ပါလား ပူစူးရယ်၊ ငါ့ဘဝမှာ နင် ဘယ်လောက် လိုအပ်နေသလဲဆိုတာ နင် သိရဲ့လား ပူစူး။ နင့်ကို တစ်နာရီ တစ်စက္ကန့်လေးဖြစ်ဖြစ် တွေ့ခွင့်ရခဲ့မယ်ဆိုရင်တောင် ငါဟာ အရာရာကို စွန့်လွှတ်ပြီး နင့်ကို အပြေးလာတွေ့မှာပါ ပူစူးရယ်''

မိုးမိုး ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ အခန်းထဲမှာ တစ်ယောက်တည်း ခပ်တိတ်တိတ် ညည်းတွားလိုက်သည်။

ပြီးနောက် အခန်းအပြင်သို့ ဝရန်းသုန်းကား ပြေးထွက်ကာ ကားကို ဒလကြမ်း မောင်းထွက်ခဲ့သည်။

ပူစူး နင့်ဆီကို ငါ လာပြီ။ ငါတို့နှစ်ယောက်အနာဂတ်ကို အတူတူ လျှောက်ကြပါစို့. . .။

■ ■ ■



## အခန်း (၃၈)

မြယာ မိခင်ရင်ခွင်မှာ ပြေးဝင်ခိုတွယ်ပြီး ငိုရှိုက်ရုံကလွဲ၍ ဘာမျှမတတ်နိုင်။

"အရှုံးပေးပါပြီဆိုကာမှ အမေ့သမီးလေးကို ဘာကြောင့် ဒီ ထက် ထက် နာကျင်နေစေရတာလဲကွယ်၊ အမေ စိတ်မကောင်းလိုက် တာ"

သားအမိနှစ်ယောက် ပြိုင်တူကြေကွဲပစ်လိုက်ကြ၏။

"အမေ ဦးရန်အောင်စိုးနဲ့ သွားတွေ့ပေးရမလား သမီး၊ ဒီကိစ္စ ကို အမေ အပြတ်ရှင်းမယ်၊ အတိတ်ကံလေးကောင်းလို့ ဒီလို ချမ်းချမ်း သာသာ နေထိုင်သွားရတာကို ဒင်းက အခွင့်အရေးယူပြီး အမေ့သမီး



www.burmeseclassic.com

www.burmeseclassic.com



လေး ခံစားရအောင် လုပ်တာကတော့ အမေ လုံးဝ သည်းမခံနိုင်ဘူး ကွယ်''

''ဟင့်အင်း ဒီအချိန်မှာ ဘယ်သူ့ကိုမှ ပုံချမနေချင်တော့ပါဘူး။ သမီး ကံမကောင်းလို့ ခုလို ငွေပေးပြီး နှင်ချခံရတယ်လို့ပဲ သဘောထားပါတယ် အမေရယ်၊ သမီးဟာ ပူစူးဆိုတာ ဘုံဘုံ မသိပေမယ့် သမီးက ဘုံဘုံဆိုတာ သိခဲ့ရပြီး သူ့ရဲ့အနားမှာ နေခွင့်ရခဲ့တာနဲ့တင် ကျေနပ်ခဲ့ပါပြီ အမေရယ်''

''အခြေအနေချင်း မတူမှတော့ နှစ်ယောက်ဆုံသွားတော့ရော သူ့ရဲ့ဖြောင့်ဖြူးနေတဲ့ အနာဂတ်မှာ သမီးက ခလုတ်ကန်သင်းဖြစ်ရုံကလွဲပြီး ဘာများအသုံးဝင်တော့မှာလဲ''

ပြီးဆုံးသွားပြီဆိုသည့်အသိက မြယာ နှလုံးသားကို ကွဲအက်ကြေမွသွားစေသည်။

''သမီးဘဝထဲကနေ ဘုံဘုံကို ထုတ်လိုက်ပါပြီ အမေရယ်''

မြယာ၏အသံသည် ကြိုးပြတ်သွားသော စောင်းလေတစ်ခွန်းတစ်ခုလို အားဖျော့ယိမ်းနွဲ့နေ၏။

လှိုင်းထန်နေသည့် ရင်အစုံနှင့် ရူးရှနာကျင်စရာကောင်းသော ခံစားချက်တွေကို မနိုင်မနင်း ထမ်းပွေ့ပြီး အနာဂတ်ကို တစ်ယောက်





တည်းပဲ လျှောက်လှမ်းရတော့မည်။

သောကနေ့ဆိုးတွေ ဘယ်အချိန် ဘယ်ကာလထိ ရှည်ဦးမလဲ၊ ရှည်ချင်သလောက်သာ ရှည်ပါစေတော့။ ကံတရားဆိုတာ အလွယ်တကူ ခန့်မှန်းလို့မရတဲ့အရာတစ်ခု ဖြစ်နေမှတော့ ဘဝမှာ ဘာကိုမှ မမျှော်လင့်ချင်တော့ပါဘူး။

''ဟင် ဘုံဘုံ''

မြယာကို ထွေးဖက်ထားရင်းမှ အမေ့နှုတ်က ဘုံဘုံ ဆိုသော အသံကြားလိုက်ရသဖြင့် မြယာ အငိုမျက်ဝန်းဖြင့် အမေ့ကို မော့ကြည့်လိုက်မိသည်။

''သမီး ဟိုမှာ ဟိုမှာ ဘုံဘုံ လိုက်လာတယ်''

အမေ ညွှန်ပြရာသို့ မြယာ အလောတကြီး လှည့်ကြည့်လိုက်သည်။

''ဟင် သူငွေး''

အိမ်ပေါက်ဝတွင်ရပ်နေသော ကမ္ဘာကို အသက်ရှူရပ်မတတ် ငေးကြည့်လိုက်ပြီး နှုတ်မှလည်း ခပ်တိုးတိုးရေရွတ်လိုက်သည်။

''ငါ့ကို သူငွေးလို့ မခေါ်နဲ့ ပူစူး၊ နင့်ရှေ့ရောက်ရင် ငါဟာ ကမ္ဘာမြေ မဟုတ်တော့ဘူး၊ ဘုံဘုံ ဖြစ်သွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



မြယာ အမေ့ရင်ခွင်ထဲမှ ဖယ်ခွာလိုက်ပြီး ကမ္ဘာဆီသို့ လျှောက်သွားလိုက်၏။

"ဘုံဘုံ နင် နင် ငါ ဘယ်သူလဲဆိုတာ သိသွားပြီပေါ့"

"သိသွားလို့ အခု လိုက်လာတာပေါ့ ပူစူးရယ်၊ နင် ဘာဖြစ်လို့ ငါ့ကို အစောကြီးကတည်းက ဖွင့်မပြောတာလဲ"

"ငါတို့နှစ်ယောက်က အခြေအနေချင်း ခြားနေပြီပဲ"

"မလိုပါဘူးဟာ ငါတို့ရင်ထဲက မေတ္တာတရား အတိမ်အနက်တွေ ညီမျှခြင်း ချကြည့်လို့ရပြီဆိုရင် တို့နှစ်ယောက် အနာဂတ်ကို အတူ လှမ်းသွားလို့ရပြီ၊ ကျန်တာ ဘာမှမလိုအပ်တော့ဘူး"

ရီဝေလဲ့ဖြာနေသော မျက်ရည်ဝေ့ မျက်ဝန်းတစ်စုံဟာ အရင်က နှလုံးသား အဝိုက်မိစေအောင် အချိန်ကာလကြာကြာ ကျရှုံးခဲ့ဖူးပါသည်။

ခုတော့ ထိုကျရှုံးခြင်းတွေသည် မြယာနှင့် ဘာမျှမပတ်သက်တော့သလို အဝေးသို့ လွင့်သွားပြီး

"တော်ပါ ငါ့ကို နင့်စိတ်ထဲမှာ အမြဲတမ်း အမှတ်ရနေတယ်ဆိုရင် ငါ့အမေကို မြင်တာနဲ့ နင် မှတ်မိရမှာပေါ့၊ ခုတော့ ငါကပဲ အရာအားလုံးကို မှတ်ထားတာ၊ နင်က ငါနဲ့ပတ်သက်ရင် ဘာများမှတ်ထားလို့လဲ"





"မှတ်ထားတာပေါ့ နင်နဲ့ပတ်သက်ရင် ငါ့မှာ အမှတ်တရလေးတွေ ရှိတယ်၊ မယုံရင် ငါနဲ့လိုက်ခဲ့"

ကမ္ဘာ မြယာလက်ကိုဆွဲပြီး အိမ်ပေါ်မှ ဆင်းသည်။

မြယာ ကမ္ဘာ ဆွဲခေါ်ရာသို့ ကမျောကသော ပါလာ၏။ လက်ဝါးနှစ်ဖက် ရင်ခုန်စွာ ပူးကပ်သွားပြီး ကမ္ဘာကားဆီသို့ လျှောက်သွား၏။

"ဒါ ဘယ်ကိုသွားမလို့လဲ ဘုံဘုံ"

"ငါတို့နှစ်ယောက် စိတ်လွတ်ကိုယ်လွတ် စကားပြောဆိုလို့ကောင်းမယ့်နေရာတစ်ခုခုပေါ့၊ ပြီးရင် ငါတို့တစ်ယောက်အကြောင်း တစ်ယောက် ပြောပြကြမယ်၊ ပြီးရင် နင်နဲ့ငါနဲ့ ရှေ့ရေးအတွက် ဖယားချမယ်"

"ဟင် ဘာဖယားချမှာလဲ"

"ခုကစပြီး နင့်ကိုချစ်တယ်လို့ ငါ ပြောလိုက်ပြီ၊ နင်ကလည်း ချစ်တယ်လို့ ငါ့ကိုအမြေပြန်…လိုက်ပြီလို့ပဲ ငါ ယူဆလိုက်ပြီ"

"ဟင် ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်တာပေါ့ ခုကစပြီး နင့်ကိုငါ ပိုင်သွားပြီ၊ နင့်ဘဝနဲ့ ငါ့ဘဝ အကျိုးတူပူးပေါင်းလိုက်ကြပြီလို့ပဲ မှတ်လိုက်တော့"

မြယာ အပြုံးနုနုလေးဖြင့် ကမ္ဘာ၏ပခုံးပေါ် ခေါင်းလေးမှီတွယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ခုတော့ မြယာ၏အနာဂတ်သည် ချစ်ခြင်းတရားတို့ဖြင့် ပြန်လည်၍ အသက်ဝင်လာပြန်သည်။

မနိုတရို့ ဖြတ်တိုက်လာသော လေပြည်လေညင်းက ချစ်ခြင်း၏ရနံ့တို့ဖြင့် လှပစွာပွင့်လန်းလာခဲ့၏။

အားလုံးအတွက်
နတ်သမီး

BURMESE CLASSIC .com

ဒိုးမိုးစာပေ

www.burmeseclassic.com